# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
## (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၇၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၅.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်းဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၇-၁-၂၀၁၂ ရက်နေ့တွင် အစည်းအဝေးမတက်ရောက် နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဦးအေးမြင့်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၃ ဦး ရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းသည် နာရေးကိစ္စဆောင်ရွက်ရန်ဖြစ်သဖြင့် ၂၇-၁-၂၀၁၂ ရက်နေ့အားခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၂) သံတောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောနေကော်ကြီးသည် နေမကောင်းပါသဖြင့် ၂၇-၁-၂၀၁၂ ရက်နေ့ကို ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၃) မိုင်းယောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောတင်သည် ရုံးကိစ္စများကိုယ်တိုင်ဆောင်ရွက်ရန်ရှိပါသဖြင့် ၂၇-၁-၂၀၁၂ ရက်နေ့ကို ခွင့် ၁ ရက် အဖြစ်လည်းကောင်း ခွင့်အဖြစ်ပေးပါရန်တင်ပြလာပါသည်။

အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စပါးနှင့်အခြားကောက်ပဲသီးနှံများ ဈေးနှုန်းသတ်မှတ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်းအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွတ် အဆိုတင်သွင်းခဲ့တဲ့သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံ အမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု (Minimun Purchase Guarantee Price)ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ် ဆောင်ရွက်ပေးနိုင်ရေးအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးပြီး အတည်ပြုပေးခဲ့ကြပါတယ်။ ယနေ့ စပါးပေါ်ချိန်မှာ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ကော့မှူး မြို့နယ်များကို သွားရောက်တဲ့ အခါမှာ လယ်သမားကြီးများတင်ပြတဲ့ စပါးဈေးနှုန်းကတော့ မြို့နယ် အကွာအဝေး၊ ကျေးရွာအကွာအဝေးပေါ်မှာ မူတည်ပြီးတော့မှ စပါးဈေးဟာ၂၅၀၀၀၀ ကနေပြီးတော့မှ အများဆုံး ၃၀၀၀၀၀ အထိ ပဲပေါက်တာတွေ့ရပါတယ်။ ဒီဈေးဟာ စပါးတစ်ဧက တင်း ၄၀ သာ ထွက်တဲ့ လယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ထက် လျော့နည်းနေတာ ကိုလည်းပဲ သိရှိခဲ့ရပါတယ်။ ယနေ့ ဆန်တစ်တန်ဟာ ပြည်ပကိုတင်ပို့ပါက ဒေါ်လာ ၃၃၀ ကနေပြီးတော့မှ ၃၃၅ အထိရကြောင်းလည်းပဲ လေ့လာတွေ့ရှိ ရပါတယ်။ ဈေးနှုန်းကွာဟနေတာတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ မနစ်နာစေရန်အတွက် ယခုလို စပါးပေါ်ချိန်၊ ပဲပေါ်ချိန်အမီ စပါးနဲ့အခြား ကောက်ပဲသီးနှံများရဲ့ အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ သိလိုခြင်းဖြစ်ပါတယ်။ ဆောင်ရွက်ထားပါက မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကိုလည်းကောင်း၊ ဆောင်ရွက်ထားခြင်းမရှိပါက မည်သည့်အတွက်ကြောင့် မဖြစ်ကြောင်းကိုလည်း ဖြေကြားပေးပါရန် လေးစားစွာမေးမြန်း တင်ပြ အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သပါတယ်။ ယခုလို ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ ဖြေကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းမေးမြန်းထားတဲ့ တောင်သူလယ်သမားများ မနစ်နာစေရန်အတွက် စပါးနဲ့အခြားကောက်ပဲ သီးနှံရဲ့ အနိမ့်ဆုံးစပါးဈေးနှုန်းကို ယခုလို စပါးပေါ်ချိန်၊ ပဲပေါ်ချိန်အမီ အနိမ့်ဆုံးဈေးနှုန်း သတ်မှတ် ထားခြင်း ရှိ၊ မရှိ သိရှိလိုပါကြောင်းနှင့် ဆောင်ရွက်ထားပါက မည်ကဲ့သို့စီစဉ်ဆောင်ရွက် ထားသည်ကို လည်းကောင်း၊ မဆောင်ရွက်ရသေးပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကိုလည်းကောင်း မေးမြန်း ထားခြင်းနှင့်ပတ်သက်ပြီးဖြေကြားရမယ်ဆိုရင် ယခုစပါးပေါ်ချိန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်း တင်ပြထားသလို စပါးဈေးနှုန်းများအနေနဲ့ မြို့နယ်အကွာအဝေး၊ ကျေးရွာအကွာအဝေးနဲ့ စပါးအမျိုးအစားအပေါ်၊ အရည်အသွေးပေါ်မူတည်ပြီးတော့ စပါးတင်း ၁၀၀ လျှင် ကျပ် ၂၅၀၀၀၀၊ ကျပ် ၂၇၀၀၀၀ နဲ့ ကျပ် ၃၀၀၀၀၀ စတဲ့ဈေးများနဲ့ရောင်းဝယ်နေကြတာရှိသလို အချို့နေရာဒေသမှာ လည်း ဖော်ပြပါဈေးများထက်မြင့်တဲ့ဈေးများနဲ့ အရောင်းအဝယ်ဖြစ်နေတာကိုလည်းတွေ့ရှိရပါတယ်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်မှာ ဧည့်မထအမျိုးအစားဖြစ်တဲ့ စောရှုပ် ၄၆ ပေါင် စပါးတင်း ၁၀၀ မှာ ကျပ် ၃၅၀၀၀၀၊ မနောသုခ မိုးစပါးအသစ် တင်း ၁၀၀ မှာ ကျပ် ၃၅၀၀၀၀၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှာ ဘန်ကောက်စပါးအမျိုးအစား ၄၆ ပေါင်ကိုက် တင်း ၁၀၀ မှာ ကျပ် ၃၆၀၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်နေတာကိုလည်းတွေ့ရှိရပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုရုံးမှာ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်အပါအဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် ဗဟို သမဝါယမအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်တဲ့ အရန်ဆန်ထားရှိရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင် ဦးဆောင်တဲ့

အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီကို စုစုပေါင်း ၁၀ ဦးနဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီကဝယ်ယူမယ့် စပါးဈေးနှုန်းကို ဒေသအလိုက်၊ ကာလအလိုက် သတ်မှတ်ပြီးဝယ်ယူသွားမှာဖြစ်ပါတယ်။ ဝယ်ယူနေပြီလည်းဖြစ်ပါတယ်။ ဒီကြီးကြပ်မှုကော်မတီအနေနဲ့ ဝယ်ယူရေး၊ သယ်ယူရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲရေး၊ ဘဏ္ဍာရေးကိစ္စများနှင့် လိုအပ်တဲ့ဆန် Quality စစ်ဆေးမှုကိစ္စများကို စနစ်တကျစိစစ်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းတိုင်ပင်၍ စီမံချက်များရေးဆွဲပြီး ၄၆ ပေါင်ကိုက် ဧည့်မထစပါးတင်း ၁၀၀ မှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့အနောက်တို့မှာ ကျပ် ၃၃၀၀၀၀ အခြေခံဈေးနှုန်းဖြင့် တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူနေပြီဖြစ်ကြောင်းတင်ပြလိုပါတယ်။ အလားတူ ပဲမျိုးစုံစိုက်ပျိုးတဲ့ တောင်သူများအတွက်လည်း စပါးကဲ့သို့အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ဝယ်ယူပေးနိုင်ရေးအတွက် အရန်ဆန်ထားရှိရေးညှိနှိုင်းအစည်းအဝေးမှာလည်း ဆွေးနွေးခဲ့ပါတယ်။ အလျဉ်းသင့်လို့ ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေကိုတင်ပြလိုပါတယ်။ ယခုလပိုင်းအတွင်း အိန္ဒိယနိုင်ငံရဲ့အရန်ဆန်များအနက်က ဘာစမာတီမဟုတ်သော ဆန်အုပ်စုတန်ချိန် နှစ်သန်းနီးပါးကို ဈေးအနိမ့်နဲ့ဈေးကွက်ကို ထုတ်ရောင်းလိုက်တဲ့အတွက် ကမ္ဘာ့ဆန်ဈေးကွက်မှာ ဆန်ဈေးနှုန်းများကျဆင်းခဲ့ပါတယ်။ ဆန်အများဆုံးတင်ပို့နေတဲ့ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်တို့ရဲ့ ဆန်ဈေးနှုန်းများလည်း နိမ့်ကျလာခဲ့သလို မြန်မာ့ဧည့်မထ ၂၅ မှတ်ရဲ့ ပြည်ပရောင်းဈေး အောက်တိုဘာလမှာ ဆန်တစ်တန်လျှင် ဒေါ်လာ ၄၁၀ ခန့်ရရှိခဲ့ရာကနေပြီးတော့ ယခု ဇန်နဝါရီလလယ် မှာ ၃၃၀၊ ၃၃၅ ဒေါ်လာခန့်အထိ သိသိသာသာ ကျဆင်းသွားခဲ့ပါတယ်။ ပြည်ပကိုတင်ပို့တဲ့ မြန်မာ့ဆန်ဈေးနိမ့်ကျနေတဲ့အတွက် တောင်သူလယ်မားများထံမှ စပါးကိုဝယ်ယူရာတွင် ဈေးများထပ်မံကျဆင်းခဲ့ပါတယ်။ တောင်သူလယ်သမားများနစ်နာမှုလျော့ကျစေရေးအတွက်လည်း လယ်ယာပို့ကုန်များတိုးတက်စေဖို့ ပြည်ပပို့ကုန်မှရငွေ Earning ဈေးနှုန်းများ လုပ်သာကိုင်သာရှိအောင် သက်တမ်းလွန်မော်တော်ယာဉ်များအပ်နှံပြီး ကားအသစ်တင်သွင်းခွင့်ပြုခြင်းများ၊ ပြည်ပဝင်ငွေရှိတဲ့ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ပြည်ပသွားရောက်လုပ်ကိုင်နေတဲ့ အလုပ်သမားများ၊ သင်္ဘောသားများ၊ မော်တော်ကားတင်သွင်းခွင့်ပြုခြင်းတို့ကြောင့် ဩဂုတ်လမှာ တစ်ဒေါ်လာကို ၇၇၄ ကျပ်ထိ ကျဆင်းသွားတဲ့နေရာကနေပြီး ယခုဆိုရင်တစ်ဒေါ်လာကို ၈၆၅ ကျပ်ထိ မြင့်တက်လာနေကြောင်းတွေ့ရှိရပါတယ်။ ကုန်သွယ်မှုပမာဏကို အလားတူကာလနဲ့နှိုင်းယှဉ်တင်ပြမယ်ဆိုရင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ၁၁.၃၅ ဘီလီယံမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ၁၄.၅၁ ဘီလီယံအထိတိုးတက်လာပြီး ၃ ဘီလီယံကျော် မြင့်တက်လာခဲ့ပါတယ်။ ပို့ကုန်ကဏ္ဍမှာ

လည်းပဲ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ ၇.၁၄ ဘီလီယံမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ၇.၁၈ ဘီလီယံထိ တိုးမြှင့်လာပြီး ၀.၀၄ ဘီလီယံထိ တိုးတက်တင်ပို့နိုင်ခဲ့ပါတယ်။ ယခုနှစ် အဓိကပိုမိုတင်ပို့နိုင်တဲ့ ကုန်ပစ္စည်းများကတော့ တောင်သူအများစုစိုက်ပျိုးထုတ်လုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံများဖြစ်ပါတယ်။ ယခင်အလားတူကာလထက် ဒေါ်လာ ၄၈၁ သန်းကျော် ပိုမိုတင်ပို့ပေးနိုင်ခဲ့ပါတယ်။ ရေထွက်ပစ္စည်းမှာလည်း အလားတူကာလထက် ဒေါ်လာသန်း ၇၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အဓိကပိုမိုတင်ပို့နိုင်ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကတော့ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်းနဲ့နှမ်းတို့ဖြစ်ပါတယ်။ ဆန်ကိုယခုနှစ်မှာ တန်ချိန် ၅ သိန်းကျော်တင်ပို့နိုင်ခဲ့ပြီး အလားတူကာလထက် တန်ချိန် ၂ သိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ နွေစပါးရိတ်သိမ်းစဉ်ကာလမှာ အချို့ဒေသများမှာ ရိတ်သိမ်းနေစဉ်ကာလအတွင်း အချိန်အခါမဲ့မိုးရွာသွန်းမှုကြောင့် ထွက်ရှိလာတဲ့မိုးမိစပါးများဟာ ကြိတ်ခွဲရာမှာ အကျိုးအကြေများပြီး ဆန်ကွဲများပိုမိုထွက်ရှိခဲ့တဲ့အတွက် ဆန်ကွဲများကိုပါ ပြည်ပကိုတင်ပို့ခွင့်ပြုခဲ့ပါတယ်။ ယခုထိ ဆန်ကွဲတန်ချိန် ၃၈၀၀၀ ကျော်တင်ပို့ခဲ့ပါတယ်။ ဒါဟာလည်း တောင်သူလယ်သမားများရဲ့ စပါးဈေးနှုန်းမကျဆင်းရေးအတွက် နည်းလမ်းအမျိုးမျိုးရှာဖွေပြီး ဆောင်ရွက်ခဲ့ရခြင်းများဖြစ်ပါတယ်။ ဒါ့အပြင် ယခုနှစ်မှာ ပဲမျိုးစုံတန်ချိန် ၁၁ သိန်းကျော် ပြည်ပတင်ပို့ခဲ့လို့ အလားတူကာလထက် တန်ချိန် ၃၈၀၀၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံများကိုလည်း တန်ချိန် ၆၉၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့လို့ အလားတူကာလထက် တန်ချိန် ၃၃၀၀၀၀ ကျော်နဲ့ နှမ်းကိုလည်း တန်ချိန်တစ်သိန်းကျော်တင်ပို့နိုင်ခဲ့လို့ အလားတူကာလထက် တန်ချိန် ၂၈၀၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်ပဆန်ပို့ရေးမှာ ပင်လယ်ရေကြောင်းမှတင်ပို့ရခြင်းအပြင် စောစောက အိန္ဒိယနိုင်ငံမှထုတ်ရောင်းခဲ့တဲ့အတွက် စပါးဈေးကျချိန်တွင် နယ်စပ်ဒေသများကတင်ပို့ခွင့်ကိုပါ ခွင့်ပြုပေးခဲ့သဖြင့် ဈေးကွက်ပိုမိုရရှိခဲ့ပါတယ်။ တင်ပို့သူများပိုမိုလွယ်ကူမှုရှိစေရေးအတွက်လည်း ဆန်ပြည်ပတင်ပို့ခြင်းကို အသင်းများရဲ့ထောက်ခံချက်များနဲ့ အခက်အခဲများမရှိစေဘဲနဲ့ တိုက်ရိုက်လိုင်စင်ပေးနေကြောင်းကိုလည်းတင်ပြလိုပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပြည်တွင်းကအသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးပြီး ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၃ ရက်နေ့(တနင်္လာနေ့)မှာ ပြည်တွင်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲကို စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဦးမြင့်၊ စီးပွားရေးပညာရှင်များ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ကျင်းပခဲ့ပါတယ်။ ဒါ့အပြင် လက်ရှိအခြေအနေအရလိုအပ်နေတဲ့ ဆန်စပါးနဲ့ ပဲမျိုးစုံ ပြည်ပဈေးကွက်သစ်များ

ရှာဖွေနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်တဲ့ အဖွဲ့ဖြင့် ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့သွားရောက်ပြီး ဈေးကွက် လေ့လာရှာဖွေရောင်းချရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး လယ်သမားများ အကျိုးအတွက် လက်ရှိဆောင်ရွက်ပေးနေတဲ့ အချက်များအနက်က တချို့ကိုတင်ပြပြောကြားလိုပါ တယ်။ အဓိက လယ်ယာထွက်ကုန်သီးနှံငါးမျိုးအပေါ်မှာ ကုန်သွယ်လုပ်ငန်းကို ၆ လ ကင်းလွတ်ခွင့် ပေးထားခြင်း၊ လယ်သမားရဲ့ထုတ်လုပ်မှုစရိတ်ကျဆင်းစေဖို့ အထွက်တိုးစေရန်နှင့် ပြည်ပဈေးကွက်ဝင် လယ်ယာသီးနှံများတိုးချဲ့ထုတ်လုပ်နိုင်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ လယ်သမားများ၏ ထုတ်လုပ်မှုတိုးတက်ရေးနှင့် သွင်းအားစုများ အပြည့်အဝသုံးစွဲနိုင်ရေး၊ အဓိကလယ်ယာထွက်သီးနှံဖြစ်တဲ့ ဆန်စပါးအထူးပြုကုမ္ပဏီ ၅၄ ခု၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီ ၂၁ ခု၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီတစ်ခုတို့ကိုဖွဲ့စည်းပြီး စိုက်ပျိုးစရိတ်ချေးငွေနဲ့ နည်းပညာသွင်းအားစုများ ပံ့ပိုးပေးခဲ့ခြင်း၊ အခုနှစ်မှာ စိုက်ပျိုးစရိတ်ချေးငွေအပေါ် ယခင်နှစ်ကထက် နှစ်ဆမြှင့်တင်ပေးခဲ့တဲ့အပြင် ကောက်ခံတဲ့အတိုးနှုန်းကိုလည်း လျှော့ချပေးခဲ့ခြင်း၊ တောင်သူ လယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် လယ်ယာပို့ကုန်အမည်သစ်များ ဆန်ကွဲ၊ နှမ်းနီ၊ နှမ်းညို၊ မြေပဲ၊ မြေပဲဆီ၊ နှမ်းဆီနဲ့ ကြက်သွန်နီတို့အား ပြည်ပတင်ပို့ခွင့်ပြုခဲ့ခြင်း၊ လယ်သမားများဈေးကွက် ရရှိရေးနှင့် သတင်းအချက်အလက်များရရှိစေရေးအတွက် ကုန်စည်ဒိုင်များတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ၂၀၀၇ ခုနှစ်ထိ ကုန်စည်ဒိုင် ၉ ခု ရှိခဲ့ရာမှ ယခု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ ကုန်စည်ဒိုင် ၃၀ ဖွင့်လှစ်ခဲ့ရာ စုစုပေါင်းကုန်စည်ဒိုင် ၃၉ ခု ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကုန်စည်ဒိုင်များမှာလည်း သတင်းအချက်အလက်များကို ကျေးရွာအထိရရှိနိုင်အောင် ဆောင်ရွက် ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါမှာ လယ်ယာထွက်ကုန်သီးနှံများကျဆင်းနေ၍ စိုက်ပျိုးစရိတ်ချေးငွေ များနှင့် ပေးဆပ်မှုများကိုလည်းပဲ ဇန်နဝါရီလ ၁၅ ရက်နေ့အစား မတ်လကုန်အထိ ရွှေ့ဆိုင်း ပေးမှုကြောင့် လယ်သမားများအနေနဲ့ မိုးစပါးများကိုချက်ချင်းရောင်းရန်မလိုဘဲ အမြင့်ဈေးနဲ့ ရောင်းချနိုင်ရန် စီစဉ်ပေးခြင်းတို့ကိုဆောင်ရွက်ပေးခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်း မေးမြန်းထားတဲ့ တောင်သူလယ်သမားများ မနစ်နာစေရန်အတွက် စပါးနှင့်အခြားကောက်ပဲသီးနှံများရဲ့အနိမ့်ဆုံးဈေးနှုန်းကို ယခုလိုစပါးပေါ်ချိန်၊ ပဲပေါ်ချိန်အမီ အနည်းဆုံးဈေးနှုန်းသတ်မှတ်ထားခြင်း ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့

တောင်သူများနစ်နာမှုမရှိစေရန် အရန်ဆန်ဝယ်ယူရေးအစီအစဉ်ဖြင့် သင့်တင့်တဲ့ဈေးနှုန်းသတ်မှတ်ပြီး တောင်သူလယ်သမားများထံမှ စပါးများတိုက်ရိုက်ဝယ်ယူတဲ့လုပ်ငန်းများကို စပါးဈေးနှုန်းနိမ့်ကျနေတဲ့ ဒေသများမှာဆောင်ရွက်နေပြီဖြစ်ပါကြောင်းနဲ့ တောင်သူလယ်သမားများအတွက် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေမယ့် အခြားနည်းလမ်းများကိုလည်းပဲ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁)ဂိတ်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးစိုင်းအောင်ကြည်၊ မိုင်းတုံမဲဆန္ဒနယ်မှ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကြည်(မိုင်းတုံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်ဖြစ်ပါတယ်။ ကျွန်တော်မှ မေးမြန်းလိုသောမေးခွန်းမှာ ယခင်က ကျွန်တော်တို့ မိုင်းတုံမြို့နှင့် နယ်နိမိတ်ချင်းထိစပ် လျက်ရှိသော တစ်ဖက်ထိုင်းနိုင်ငံနှင့် ဆက်သွယ်ထားသည့် မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁) လမ်းကြောင်း ပေါ်မှ ဘီပီ (၁) ဂိတ်ဖွင့်လှစ်၍ ကုန်စည်များသယ်ယူခဲ့ဖူးပါတယ်။ သို့ရာတွင် အခြေအနေအမျိုးမျိုး ကြောင့် မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁)လမ်းကြောင်းပေါ်ရှိ ဘီပီ(၁)ဂိတ်သည် ပိတ်ထားခဲ့ပါသည်။ လက်ရှိ အခြေအနေတွင် မိုင်းတုံမြို့၏ကုန်သွယ်မှုမှာ မိုင်းတုံ-တောင်ကြီးလမ်း၊ မိုင်းတုံ-မိုင်းဆတ်-တာချီလိတ် လမ်းကြောင်းကို အသုံးပြုနေရသဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ၊ အချိန်ကြန့်ကြာမှုများ ရှိနေပါသည်။ ထို့ကြောင့် ယခုအခါတွင် နယ်မြေဒေသသည် အေးချမ်းလာပြီဖြစ်တဲ့အတွက် မိုင်းတုံမြို့ နှင့်ထိုင်းနိုင်ငံ ကျိန်းလောမြို့တို့ ဆက်သွယ်လျက်ရှိတဲ့ မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁)လမ်းကြောင်းပေါ်ရှိ ဘီပီ(၁)ဂိတ်အား ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ သိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင်ဆောင်ရွက်ပေးမည်။ အစီအစဉ်မရှိပါက အဘယ့်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို မေးမြန်းတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်မှ မေးမြန်းတင်ပြထားတဲ့ မိုင်းတုံမြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေတဲ့ တစ်ဖက်ထိုင်းနိုင်ငံနှင့်ဆက်သွယ်ထားသည့် မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁) လမ်းကြောင်းပေါ်မှ ဘီပီ(၁)ဂိတ်ဖွင့်လှစ်ပြီး ကုန်စည်များသယ်ယူခဲ့ဖူးပါကြောင်း၊ သို့ရာတွင် အခြေအနေအမျိုးမျိုးကြောင့် မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁) လမ်းကြောင်းပေါ်ရှိ ဘီပီ(၁)ဂိတ်သည် ပိတ်ထားခဲ့ပါကြောင်း၊ လက်ရှိအခြေအနေတွင် မိုင်းတုံမြို့၏ ကုန်သွယ်မှုမှာ မိုင်းတုံ-တောင်ကြီးလမ်း နှင့် မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်လမ်းကြောင်းကို အသုံးပြုနေရတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ၊ အချိန်ကြန့်ကြာမှုများရှိပါကြောင်း၊ ယခုအခါမှာ နယ်မြေဒေသအေးချမ်းလာမှုအပေါ် မူတည်ပြီး မိုင်းတုံမြို့နှင့် ထိုင်းနိုင်ငံ ကျိန်းလောင်မြို့တို့ ဆက်သွယ်လျက်ရှိတဲ့ မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁)လမ်းကြောင်းပေါ်ရှိ ဘီပီ(၁)ဂိတ်အား ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း နဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်မှာ ဆောင်ရွက်ပေးမည်။ အစီအစဉ်မရှိက အဘယ်ကြောင့် မဆောင်ရွက်ပေးနိုင်သည်တို့ကို မေးမြန်းထားတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်ရဲ့ မေးမြန်းချက်အရဒေသရဲ့ လုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ ဒေသတွင်းကုန်သွယ်မှုအခြေအနေ၊ နှစ်နိုင်ငံသဘောတူညီမှုအခြေအနေများအပါအဝင် ကုန်သွယ်မှုစခန်းဖွင့်လှစ်ရန် လိုအပ်ချက်များနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းခဲ့ပါတယ်။ ညှိနှိုင်းချက်အပေါ်မှာ ထပ်ဆင့်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁)လမ်းကြောင်းပေါ်မှာရှိတဲ့ ဘီပီ(၁)ဂိတ်အား ဖွင့်လှစ်ပေးနိုင်မယ့် အစီအစဉ် ရှိ၊ မရှိနဲ့ပတ်သက်ပြီး မိုင်းတုံမြို့နယ်၊ ပုံပါကျင်ဒေသမှာ ဒေသခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိကြောင်း၊ ပုံပါကျင်-ဘီပီ(၁)လမ်းကိုလမ်းကြောင်းနှစ်ကြောင်းမှ သွားလာနိုင်ကြောင်း၊ ပထမလမ်းကြောင်းဖြစ်တဲ့ တောင်ကြီး-လွိုင်လင်-နမ့်စန်-မိုးနဲ-မိုင်းပန်-တာဆန်း-မိုင်းတုံ-ပုံပါကျင်လမ်းကြောင်းမှာ ၂၉၈ မိုင် ဝေးကွာကြောင်း၊ ဒုတိယလမ်းကြောင်းဖြစ်တဲ့ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်-မိုင်းဆတ်-မိုင်းတုံ-ပုံပါကျင်လမ်းကြောင်းဟာ ၃၆၄ မိုင် ကွာဝေးကြောင်း၊ ပထမလမ်းကြောင်းသည် ခရီးမိုင် ၆၆ မိုင် လျော့နည်းသွားသော်လည်းပဲ လမ်းကြောင်းနှစ်ခုလုံးရှိတဲ့ အချို့နေရာတွေမှာ ကုန်တင်ယာဉ်ကြီးများသွားရန် လမ်းများအား အကြီးစားပြင်ဆင်ပေးရန် လိုအပ်ကြောင်း၊ အချို့လမ်းဟာ မြေသားလမ်းများဖြစ်နေပါကြောင်း၊ မိုးတွင်းမှာ လမ်းပျက်စီးမှုများဖြစ်ပေါ်ပြီးတော့ တံတားများရဲ့ ခံနိုင်ဝန်များမှာလည်း ယာဉ်နှင့်ကုန်အလေးချိန် ၁၃ တန်သာရှိပြီးတော့ လမ်းတံတားများ ပိုမိုကောင်းမွန် မှသာ

ကုန်စည်စီးဆင်းမှုအဆင်ပြေမှာဖြစ်ကြောင်း၊ ယခုအချိန်မှာ ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက် နိုင်မည့် အခြေအနေမရှိသေးကြောင်းနှင့် လောလောဆယ် ဘီပီ(၁)ဂိတ်မှ ဒေသတွင်း ရွာသားများ ကျန်းမာရေးအတွက် တစ်ဖက်နိုင်ငံသို့ ဆေးဝါးကုသမှုအတွက် သွားလာခြင်းသာရှိပြီး ကုန်သွယ်မှု မရှိပါကြောင်းနှင့် ဘီပီ(၁)မှာ နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ဂိတ်များ ဖွင့်လှစ်မည်ဆိုပါက နှစ်နိုင်ငံ သဘောတူညီမှုရှိရန် လိုအပ်ပါကြောင်းနဲ့ လောလောဆယ်မှာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပြုလုပ်ရန်၊ ဂိတ်ဖွင့်လှစ်ရန် နှစ်နိုင်ငံသဘောတူညီထားမှုမရှိပါကြောင်းလည်း သိရှိရပါတယ်။

အလျဉ်းသင့်လို့ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှာ အရေးပါဆုံးဖြစ်တဲ့ မြဝတီ ကုန်သွယ်ရေးစခန်းကိုဒေသအခြေအနေအရ တစ်နှစ်ခွဲကျော်ကျော် ပိတ်ထားခဲ့တာကိုလည်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှာ ကျွန်တော်ကိုယ်တိုင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နဲ့အတူပြန်လည် ဖွင့်လှစ် ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အကြံပြုချက်များအရ နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှာရှိတဲ့ ရှမ်းပြည်နယ်၊ သိန္နီမြို့မှာရှိတဲ့ ရေပူကုန်ပစ္စည်းစစ်ဆေးရေးစခန်း နဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်မှာရှိတဲ့ မရမ်းချောင်းကုန်ပစ္စည်း စစ်ဆေးရေးစခန်းများကိုလည်းပဲ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစပြီးတော့ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များကို ရုပ်သိမ်းခဲ့ပါတယ်။ ဒါပေမယ့်လည်း လက်နက်ခဲယမ်းမီးကျောက်နဲ့ မူးယစ်ဆေးဝါးများ တားဆီးရေးနဲ့လူကုန်ကူးမှု ပပျောက်ရေးအတွက် ၎င်းရုပ်သိမ်းခဲ့တဲ့ ကုန်စစ်ဆေးရေးစခန်းများကို ပြည်ထဲရေးဝန်ကြီးဌာနမှသာ ဆက်လက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ယခင်ကနယ်စပ်ကုန်သွယ်ရေး အပါအဝင် တင်သွင်းခွင့်ပိတ်ပင်ထားတဲ့ ကုန်ပစ္စည်းငါးမျိုးကိုလည်းပဲ ယခုတရားမဝင် ကုန်သွယ်မှု လမ်းကြောင်းမှ တရားဝင်ကုန်သွယ်ရေး လမ်းကြောင်းပေါ်ကို ရောက်ရှိလာစေရေးအတွက် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှစတင်ပြီး အကန့်အသတ်နဲ့ စိစစ်တင်သွင်းခွင့်ပြုနေပြီ ဖြစ်ပါတယ်။ ပင်လယ် ရေကြောင်း ကုန်သွယ်မှုမှသာတင်ပို့ခွင့်ပြုထားတဲ့ ဆန်တင်ပို့မှုကိုလည်းပဲ နယ်စပ်ကုန်သွယ်ရေး နည်းလမ်းဖြင့် တင်ပို့ခွင့်ပြုတဲ့နေရာမှာ စောစောက ဖြေကြားတဲ့အတိုင်းပဲ ဆန်တန်ချိန် ၁၆၀၀၀ ကျော် တင်ပို့ခဲ့ပြီးတော့ ပင်လယ်ရေကြောင်းမှတင်ပို့တဲ့ ဈေးထက်ပိုမိုရရှိနေပြီ ဖြစ်ပါတယ်။ သစ်သီးအစိုများ ဖြစ်တဲ့ တည်သီးနှင့်သလဲသီးအစိုများအား ရာသီမရွေးတရားဝင် တင်သွင်းခွင့်ပြုထားခဲ့ပြီးတော့ နဂါးမောက်သီးနှင့်ဆန်းကစ်သီးများအား နိုင်ငံတွင်းစိုက်ပျိုးထွက်ရှိ ကာလများဖြစ်တဲ့ အောက်တိုဘာလ မှ ဇန်နဝါရီလအထိ တင်သွင်းခွင့်မပြုဘဲ ကျန်ကာလများမှာသာ တရားဝင်တင်သွင်းခွင့်ပြုပေးခဲ့ပါ တယ်။ ဒါကြောင့် နယ်စပ်ကုန်သွယ်မှု ပမာဏဟာ ယခုဘဏ္ဍာနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့အထိ

ဒေါ်လာသန်း ၂၆၁၈ သန်း ကုန်သွယ်နိုင်ခဲ့တဲ့အတွက် ယခင်ကာလထက် ဒေါ်လာ ၉၉၈ သန်းကျော် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ အရေးကြီးတဲ့ ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မြဝတီ၊ မူဆယ်ကုန်သွယ်ရေးစခန်းများကိုလည်းပဲ ယခင် Must of Serviceနဲ့ ဆောင်ရွက်ခဲ့ပြီးတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးဆောင်ဆောင်ရွက်ခဲ့ပါတယ်။ ယခုတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ လိုင်စင်ပေးတဲ့အလုပ်နဲ့ ကုန်သွယ်မှုမြှင့်တင်ပေးတဲ့အလုပ်သာလုပ်ပြီးတော့ ကျန်တဲ့ဌာနများလည်း မိမိနဲ့သက်ဆိုင်တဲ့အလုပ်များလုပ်ဖို့ အစီအစဉ်များလည်း စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း မေးမြန်းခဲ့တဲ့ ထန်တလန်မြို့နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ကွင်းဆင်းစိစစ်လေ့လာခဲ့ပြီးလည်းဖြစ်ပါတယ်။ ဖွင့်လှစ်နိုင် တဲ့ အခြေခံအချက်များလည်း ပြည့်စုံနေပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့နယ်ခွဲ ဘီပီ(၁)လမ်းမှာလည်းပဲ ၁၉၈၉ မှ ၁၉၉၉ ထိ အကောက်ခွန်ကင်းရုံး ဖွင့်လှစ်ခဲ့ပါတယ်။ ဒေသတွင်းသစ်များတင်ပို့မှုကို အဓိကစစ်ဆေးဆောင်ရွက်ခဲ့ကြောင်းနဲ့ နယ်စပ်ဝင်/ထွက်ဂိတ်များဖွင့်လှစ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်တဲ့ လုံခြုံရေးကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းများ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းများနဲ့ ဆက်စပ်ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ပေးခြင်းများစတဲ့ အချက်များ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခုအခါ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းခေါင်းဆောင်သောအဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမြို့နယ်နဲ့ နယ်နိမိတ်ချင်းထိစပ်နေသော တစ်ဖက်ထိုင်းနိုင်ငံတို့နဲ့ ဆက်သွယ်ထားတဲ့ မိုင်းတုံ-ပုံပါကျင်-ဘီပီ(၁)လမ်းကြောင်းပေါ်မှာရှိတဲ့ဘီပီ(၁)ဂိတ်ကို နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ဖို့အတွက် အခြေခံလိုအပ်ချက်များပြီးပြည့်စုံအောင် အမြန်ဆောင်ရွက်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဉာဏ်ကန်ချောင်းကူးတံတားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သာစည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်း ကတော့ သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ ဉာဏ်ကန်တံတားနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်ရှိ ဉာဏ်ကန်တံတားမှာ အလျား ၂၁၀ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၂၇ပေရှိ ချောင်းကူးတံတားတစ်ခုဖြစ်ပါတယ်။ သာစည်မြို့နယ်၏ တောင်ဘက်ပိုင်းကျေးရွာ အုပ်စု ၂၂ အုပ်စုရှိ ကျေးရွာပေါင်း ၇၄ ရွာမှ ဒေသခံပြည်သူများရဲ့ ကျန်းမာရေး၊ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် လူမှုကိစ္စအဝဝတို့အတွက် မှီခိုအားထားရသော တံတားတစ်ခု ဖြစ်ပါတယ်။ ကျေးလက်ဒေသများနှင့် သာစည်မြို့ပေါ်သို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် မော်တော်ကား၊ ထော်လာဂျီများ ဖြတ်သန်းမောင်းနှင်ရန် အဓိကတံတားတစ်ခုလည်း ဖြစ်ပါတယ်။ အဆိုပါ ဉာဏ်ကန် တံတားဟာ သက်တမ်းကြာမြင့်ပြီး ပျက်စီးယိုယွင်းလာခဲ့သည်မှာ ၂၀၀၅ ခုနှစ်မှစ၍ မော်တော်ကား၊ ထော်လာဂျီများ မောင်းနှင်ဖြတ်သန်း၍ မရတော့ပါ။ တံတားအပေါ်မှ မောင်းနှင်မရသည့်အတွက် တံတားအောက်ရှိချောင်းအတွင်းမှ ဖြတ်သန်းမောင်းနှင်ရသော်လည်း မိုးရာသီတွင် ချောင်းဖြတ်ကူး၍ မရနိုင်သဖြင့် ကျေးလက်ဒေသနှင့် မြို့ပေါ်အဆက်အသွယ် မကြာခဏ ပြတ်တောက်လျက်ရှိပါတယ်။ ၎င်းဉာဏ်ကန်တံတားအား ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန် သာစည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ရန်ပုံငွေဖြင့် မလုံလောက်နိုင်ဟု သိရှိရပါသည်။ သို့ပါ၍ အဆိုပါ ဉာဏ်ကန်တံတားအား ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုငွေဖြင့် ပြုပြင်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိနှင့်အစီအစဉ် ရှိပါက ပြုပြင်တည်ဆောက်ပေးနိုင်မည့် အချိန်ကာလအား သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး များ၏ မေးခွန်းများအားမဖြေကြားမီ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ

လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ တင်ပြချက်များအပေါ် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အကျဉ်းမျှ ဦးစွာတင်ပြလိုပါတယ်။ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ်မှာ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းလုပ်ငန်းများအနေဖြင့် စုစုပေါင်း ကျောက်လမ်း ၃၁၉ မိုင် ၂ ဖာလုံနှင့် တံတား ၆ စင်းအတွက် ရန်ပုံငွေ ကျပ် ၈၃၁ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းအနေဖြင့် မြေလမ်း မိုင် ၅၀၊ ကျောက်လမ်း ၅၉ မိုင်၊ ကတ္တရာလမ်း ၂ မိုင် ၃ဖာလုံနဲ့ ကွန်ကရစ်လမ်း ၂ မိုင် ၆ ဖာလုံ၊ စုစုပေါင်း ၁၁၄ မိုင် ၁ဖာလုံ၊ တံတား ၁၆ စင်းအတွက် ရန်ပုံငွေစုစုပေါင်း ကျပ် ၃၂၂၈.၃၈သန်း ဖြင့်လည်းကောင်း၊ မြို့ပြရေရရှိရေးလုပ်ငန်း ၇ ခု၊ ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၂ ခု၊ စုစုပေါင်း လုပ်ငန်း ၁၉ ခုအတွက် ရန်ပုံငွေ ၃၄၀.၈၂ သန်း ဖြစ်ရာ စုစုပေါင်းရန်ပုံငွေပေါင်း ၄၄၀၀.၂၀ သန်း သုံးစွဲအကောင်အထည်ဖော်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ သာစည်မြို့နယ် ဥက္ကာကန်ချောင်းကူးသစ်သားတံတား ပြင်ဆင်ပေးရေးနှင့်ပတ်သက်၍ ဆက်လက်ပြီး ဖြေကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ သာစည်မြို့နယ် ဥက္ကာကန်ချောင်းကူးတံတားသစ် အား ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုငွေဖြင့် ပြုပြင်တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိသိလိုပါကြောင်း မေးခွန်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးများရဲ့ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိတာ အားလုံးအသိဖြစ်ပါတယ်။ သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လျာထားဝင်ငွေမှာ ကျပ် ၃၂၅ သန်းဖြစ်ပြီး မြို့ပြ/ကျေးလက် တံတားလုပ်ငန်းများအတွက် ငွေကျပ် ၁၄၃.၂၆ သန်းဖြင့် လျာထားဆောင်ရွက် ပေးလျက်ရှိပါတယ်။ သာစည်မြို့နယ် ဥက္ကာကန်ချောင်းကူးသစ်သားတံတားမှာ ၁၉၈၈ ခုနှစ်ခန့်မှာ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့တဲ့ တံတားဖြစ်ပြီး ၂၀၀'x၁၄'x၂၇' ခန့်ရှိပါတယ်။ အဆိုပါတံတား ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ၁၃.၁၆ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၉.၈၃ သန်း၊ စုစုပေါင်းငွေကျပ် ၂၂.၉၉ သန်းဖြင့် သစ်သားကြမ်းခင်း ပြုပြင်ခြင်း၊ ယက်မများပြုပြင်ခြင်း၊ လမ်းလွှဲရေကျော်ပြုလုပ်ခြင်း၊ ချဉ်းကပ်လမ်း ၂၀၀'x၁၂'x၇' ပြုပြင် ခြင်းနှင့် ၁၅၀၀'x၁၂' x၇' တိုးမြှင့်ကျောက်ခင်းလမ်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဥက္ကာကန်ချောင်းကူးသစ်သားတံတား ၁၂၀' x၁၆' x၂၀' ကို ကွန်ကရစ်တိုင်၊ သစ်သားယက်မ၊

သစ်သားကြမ်းခင်းဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းဆောင်ရွက်ရန်အတွက်ကို ရန်ပုံငွေအားဖြင့် ၁၀၃.၇၃ သန်းခန့် လိုအပ်မည်ဖြစ်ပါတယ်။ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာလည်း အဆိုပါလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ပန်းလောင်မြစ်ကူးတံတားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးကြည်မောင်၊ မြစ်သားမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မောင်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စုရှိ ပန်းလောင်မြစ်ကူးတံတား တည်ဆောက်ပေးရေးနှင့်ပတ်သက်ပြီးတော့မှ မေးမြန်းတင်ပြမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စုရှိ ပန်းလောင်မြစ်ကူးတံတား အရှည် ၃၁၅ ပေသည် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခဲ့သောကြောင့် သုံးမရအောင်ပျက်စီးခဲ့ပါတယ်။ ယခု ၎င်းတံတားကြီးပျက်စီးသွားမှုကြောင့် နွားကူးကြီးကျေးရွာအုပ်စု၊ ရေအေးစိတ်၊ ခန်တောရွာ၊ နွားကူးကျေးရွာနဲ့ ဖျန်လယ်ကျေးရွာအုပ်စု၊ ဖျန်လယ်ရွာ၊ ပိန္နဲပင်ရွာ၊ မြကနိုင်ရွာ၊ ဖိုရင်ရွာ၊ မြေတောင်ရွာတို့မှ ပြည်သူများသွားရေးလာရေးခက်ခဲလျက်ရှိပါသည်။ ယင်းကျေးရွာအချို့မှ ယာဉ်များဟာ တစ်ဖက်ကမ်းတွင်ထားရတဲ့ အခြေအနေမှာ ရှိနေပါတယ်။ သို့ပါ၍ နွားကူးကြီးကျေးရွာအုပ်စုရှိ ပန်းလောင်မြစ်ကူးတံတား(နွားကူးကြီး)သည် မရှိလျှင်မဖြစ်၍ နိုင်ငံတော် မှ ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ ကို သိရှိလို၍ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်ပြီး တော့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင် ၏

နွားကူးကြီးကျေးရွာအုပ်စုရှိ ပန်းလောင်မြစ်ကူးတံတားအား ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မြစ်သားမြို့နယ်၊ နွားကူးကြီးကျေးရွာအုပ်စုရှိ ပန်းလောင်မြစ်ကူးတံတား(နွားကူးကြီး)အား ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းဖြစ်ပါတယ်။ မြစ်သားမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လျာထားဝင်ငွေမှာ ၄၅၈.၅၉ သန်းဖြစ်ပြီး မြို့ပြ/ကျေးလက် တံတားများအတွက် ငွေကျပ် ၂၄၂.၇၅၉ သန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ပန်းလောင် မြစ်ကူးတံတား ၃၁၅'x၁၄'x၁၅' သည် ၁၉၈၉ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြင့် တည်ဆောက်ခဲ့သော တံတားဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် ခရိုင်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ တာဝန်ပေးချက်အရ ဆည်မြောင်းဦးစီးဌာနမှ ပြုပြင်ပေးခဲ့သော်လည်း ၂၀၀၆ ခုနှစ်တွင် ကင်းတား ဆည်ရေလွှတ်ထုတ်မှုကြောင့် တံတားတစ်စင်းလုံး ရေမျောပါပျက်စီးခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ၂၀၀၇ ခုနှစ်တွင် မူလတံတားဟောင်း၏အောက် ၁၅၀ ပေအကွာတွင် ၂၃၅ ပေ၊ အရှည် ၄ ပေအကျယ် လူကူးတံတားတစ်စင်းကို ကျေးရွာပြည်သူလူထုအစီအစဥ်ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ ပါတယ်။ ပန်းလောင်မြစ်ကူးတံတားကို သစ်သားတိုင်၊ သံပေါင်ယက်မ၊ သစ်သားကြမ်းခင်းဖြင့် တံတားပြန်လည်တည်ဆောက်ခြင်းအတွက် လိုအပ်ငွေ ၁၁၀.၂၅သန်း လိုအပ်မည်ဖြစ်ရာ အဆိုပါလုပ်ငန်း ကို ၂၀၁၂-၂၀၁၃ ခုနှစ် ယခုဘဏ္ဍာရေးနှစ်တွင် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အဝီစိတွင်းများတူးပေးခြင်း၊ မြို့ရေပေးဝေရေးအတွက် ရေပိုက်လိုင်းများချထားပေးရန်နှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့ရေပေးဝေရေးကိစ္စနှင့် ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မလှိုင်မြို့နယ်ဆိုတာ မိုးခေါင်ရေရှားရပ်ဝန်း ဒေသမှာရှိပြီးတော့ ရေအလွန်ရှားပါးတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်အတွင်းမှာ အများအားဖြင့် ကုန်းခေါင်ခေါင်နှင့် ကျောက်စရစ်ကုန်း နယ်မြေမျိုးသာ ဖြစ်ပါတယ်။ ဒါကြောင့် ရေအခက်အခဲနှင့်ပတ်သက်လို့ ဒီမှာတင်ပြသွားမှာ ဖြစ်ပါတယ်။ မလှိုင်မြို့နယ်ဟာ အပူပိုင်းဒေသ

ဖြစ်သည့်အားလျော်စွာ မြို့အနေနဲ့ နှစ်စဉ်ရေရှားပါးမှုဒဏ်ကို ခံစားရပါတယ်။ ကျွန်တော်တို့ ရေရှားပါးတဲ့အတွက်လည်း တစ်ခါတရံမှာ ရေကားတွေနဲ့ရွာတွေအထိ ပို့ပေးရတဲ့အနေအထားတွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မြို့နယ်အတွင်းမှာ ဆိုရင်လည်းပဲ အဝီစိတွင်းများတူးတဲ့အခါမှာ ပေ ၃၀၀ နှင့်အထက်ပဲများသောအားဖြင့်ရပြီးတော့ ရေများဟာလည်း သုံးရေအဖြစ်ရေငန်များသာ ရရှိပါတယ်။ ရေချိုရရှိတဲ့သူတွေဟာ တော်တော်ကိုရှားပါးပါတယ်။ ဒါကြောင့် မြေအောက်ရေအများစုမှာ သုံးရေအဖြစ်သာ ရရှိပြီး မိုးတွင်းကာလမှာ စုဆောင်းရေကို ရွာတွေအလိုက် ကန်တွေကနေပြီးတော့ ရေကိုသုံးစွဲရပါ တယ်။ တချို့ရွာတွေမှာ ဆိုလို့ရှိရင် ပေ ၅၀အနက်လောက်ရှိတဲ့ ပေ ၂၀၊ ၃၀ ရှိတဲ့ တွင်းကျယ်ကြီးကနေ ပြီး လက်ယက်တွင်းတွေကနေအဆင့်ဆင့် သောက်သုံးရေကို ရယူရတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသဟာ မိုးရွာသွန်းတဲ့ရက်ဟာ ၂၈ ရက် ခန့်သာရှိပြီးတော့ မိုးရေချိန်လက်မဟာ ၃၄.၆၇ ပျမ်းမျှရှိပါတယ်။ မြို့နယ်အတွင်းမှာလည်း ဆည်ကြီးများရှိသော်လည်း ဒီဆည်ကြီးများဟာ မြို့နယ်အနေနဲ့လုံးဝ မသုံးရဘဲနဲ့ ကျွန်တော်တို့ မြို့နယ်နဲ့မဆိုင်တဲ့ တခြားမြို့နယ်များကိုသာ သုံးစွဲရတဲ့အနေအထားဖြစ်ပေါ်လျက်ရှိပါတယ်။ အလားတူပဲ မြို့နယ်မှာ တကယ့်မြို့ရဲ့အဓိက ရုံးစိုက်ရာဖြစ်တဲ့ မလှိုင်မြို့မှာလည်းပဲ သုံးရေအတွက် လက်ယက်တွင်း၊ အဝီစိတွင်းများဖြင့်သာ ရယူဆောင်ရွက်လျက် ရှိပါတယ်။ သောက်ရေကိုတော့ စည်ပင်သာယာပိုင် အဝီစိတွင်းကြီး သုံးတွင်းကနေပြီးတော့ ရယူထားပါတယ်။ ဒီအဝီစိတွင်းကြီးများဟာလည်း ရေရရှိရေးအတွက် ပထမ ဒီဇယ်နဲ့လည်ရာကနေပြီးတော့ အခက်အခဲရှိတဲ့အတွက် အလှူရှင်များနဲ့ဝိုင်းဝန်းပြီး ထရန်စဖော်မာတပ်ပြီးတော့ လျှပ်စစ်မီးရအောင် ဆောင်ရွက်ပေးထားတာ ပါ။ မြို့နယ်လူဦးရေဟာ ၁၆၀၀၀ ခန့်ရှိပြီး ရေလိုအပ်ချက်ဟာ တစ်ရက်မှာ ၃၂၀၀၀၀ ဂါလန်ဖြစ်ပြီး တော့ ဖြန့်ဝေနိုင်တဲ့အနေအထားဟာ ယခုလက်ရှိမှာ ၄၅၀၀၀ခန့် (၁၅ ရာခိုင်နှုန်းခန့်)သာ ဖြန့်ဝေပါ တယ်။ ဒီလိုဖြန့်ဝေတဲ့အခါမှာလည်းပဲ မြို့မှမိမိအစီအစဉ်နဲ့ စည်ပင်သာယာ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ထားတဲ့အပိုင်းဖြစ်ပါတယ်။ ဖြန့်ဝေတဲ့ လက်ရှိနည်းစနစ်ကတော့ Ground Tank ၁၂၅၀၀ ဂါလန်နှင့် ၆၀၀၀ ဂါလန်ဆံ့ ရေလှောင်ကန်ကနေ ဖြန့်ဝေပေးပြီးတော့ တချို့နေရာတွေကို အနီးနားပတ်ဝန်းကျင်ကို ပိုက်လိုင်းနဲ့ဖြန့်ပြီး တချို့နေရာတွေကို လက်တွန်းလှည်းနဲ့ရေယူပြီးတော့ ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ အဝီစိတွင်းပတ်ဝန်းကျင်မှာလည်းပဲ ကိုယ်ထူကိုယ်ထရေပိုက်လိုင်းကနေပြီး ရေပိုက်ခေါင်း၊ ရေတိုင် ၁၅၆ တိုင်၊ ရေကန် ၇ ကန် ကနေပြီးတော့ ရယူဆောင်ရွက်ပါတယ်။ ပိုက်လိုင်းပေဟာလည်း ၅၄၀၀ ခန့်ရှိပြီး မြို့ရဲ့လေးပုံတစ်ပုံနီးပါးခန့်သာ သောက်သုံးရေရယူနိုင်တဲ့ အနေအထားရှိပါတယ်။ အထူးသဖြင့် မလှိုင်မြို့ရဲ့ အထက်တန်းကျောင်းကြီးမှာ ကျောင်းသား ၂၀၀၀ ကျော်

ရှိပြီးတော့ ဒီကျောင်းသားများဟာ သောက်သုံးရေအခက်အခဲ အစဉ်အမြဲတွေ့နေရတဲ့ အနေအထားလည်းရှိပါတယ်။ ရေချိုထွက်မယ့် စည်ပင်အဝီစိတွင်းမှလည်း ဒီကျောင်းအနေနဲ့လည်း ရေရယူလိုပါတယ်။ ဒါ့ကြောင့် အဝီစိတွင်းများ တည်ရှိရာအနီးမှာ ကုန်းပေါ်မှာ ဂါလန် ၅၀၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ပြီး Town Water Supply Plan ပုံစံရေးဆွဲပြီးတော့ ရေပိုက်လိုင်းများကို ချထားပြီးကာ Gravity Flow နဲ့ ဖြန့်ဖြူးပေးမယ်ဆိုရင် တစ်မြို့လုံးဟာ ၆၀ ရာခိုင်နှုန်းခန့်ကနေပြီးတော့ ၈၀ ရာခိုင်နှုန်းကို သောက်သုံးရေရရှိသုံးစွဲနိုင်မည် ဖြစ်ပါတယ်။ ဒီရေပိုက်လိုင်းများအတွက် ကျသင့်တဲ့ ကုန်ကျငွေကိုလည်း သင့်တင့်လျောက်ပတ်တဲ့နှုန်းထားများနဲ့ နှစ်အလိုက်ကောက်ခံမည်ဆိုလျှင် မြို့နေလူထုက ရေရရှိမည်ဆိုပါက ထည့်ဝင်ကြမှာဖြစ်ပါတယ်။ ရေဖိုးရေခတောင်းခံသွားမယ်ဆိုလျှင်လည်း ဒီနှစ်အနည်းငယ်အတွင်းမှာ အရင်းကျေသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပထမအဆင့် ရေအခက်အခဲရှိတဲ့ ကျေးရွာပေါင်း ၂၀ ခန့်မှာ Deep Tube Well အဝီစိတွင်းနက်ကြီးများ တူးပေးနိုင်ခြင်း၊ စီမံချက်ချဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိသိလိုပါကြောင်းနှင့် မြို့ရေပေးဝေရေးအတွက်လည်း လိုအပ်တဲ့ ဂါလန် ၅၀၀၀၀ ဆံ့ ရေကန်၊ ရေပိုက်လိုင်းများ ချထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ။ ဆောင်ရွက်ပေးနိုင်မည်ဆိုပါကလည်း မည်သည့်အချိန်ခန့်တွင် ဆောင်ရွက်ပေးနိုင်မည် သို့မဟုတ် မဆောင်ရွက်ပေးနိုင်ပါကလည်း မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိလိုပါကြောင်းနှင့် နယ်စပ်/စည်ပင်ဝန်ကြီးဌာနအနေနဲ့ စုစုပေါင်း ကျပ်သန်းပေါင်း ၄၄၀၀ သုံးစွဲခဲ့သည်ကိုလည်း သိရပါတယ်။ သုံးစွဲခဲ့တဲ့အထဲမှာ ရှေ့နှစ်တွေများမှာလည်းပဲ မြို့နယ်အနေနဲ့ ပါဝင်သုံးစွဲနိုင်မယ်ဆိုရင်တော့ အထူးပင်ဝမ်းမြောက်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ မလှိုင်မြို့နယ်အတွင်း ရေရှားပါးကျေးလက်ဒေသများ ရေရရှိရေးနှင့် မြို့ရေပေးဝေရေးကိစ္စများ ဆောင်ရွက်ပေးရန် မေးခွန်းနဲ့ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လျာထားချက်မှာ ကျပ် ၁၇၆.၃၀သန်း ဖြစ်ပြီးတော့

မြို့ပြ/ကျေးလက် ရေပေးရေးလုပ်ငန်းအတွက် ၁၇.၆၃သန်းဖြင့် လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ ၁၀ နှစ် စီမံကိန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာမှာ တစ်နိုင်ငံလုံး ကျေးရွာပေါင်း ၆၄၃၄၉ ရွာ ရှိသည့်အနက် ကျေးရွာပေါင်း ၂၃၂၂၅ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၃၄၈၅၈ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၄၄ ရွာကိုလည်းပဲ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ အလှူရှင်လှူဒါန်းငွေနဲ့ နိုင်ငံတော်ထောက်ပံ့ငွေ စုစုပေါင်း ကျပ် ၃၂၈.၆၇ သန်းဖြင့် ၂၀၁၀ ခုနှစ်အထိ အောက်ပါရေရရှိရေးလုပ်ငန်း ၂၄၄ ခုကို ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ ပါတယ်။ စက်ရေတွင်းတူးဖော်ခြင်းက ၇၃ တွင်း၊ လက်နှိပ်တုံကင်တွင်းတူးဖော်ခြင်းကို ၁၆၉ တွင်းနဲ့ လက်တူးတွင်း တူးဖော်ခြင်းကိုတော့ ၂ တွင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုသို့ စီမံကိန်းဆောင်ရွက်ပြီးစီးခဲ့သော်လည်းပဲ ကျေးရွာရဲ့ အိမ်ခြေ၊ လူဦးရေအပေါ် မူတည်ပြီး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး လိုအပ်ပါက ကျေးရွာ ၁ ရွာမှာ ရေပေးစနစ် ၂ ခုမှ ၃ ခုအထိ ဆောင်ရွက်ပေးရန် ၅ နှစ် စီမံကိန်းနဲ့ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မလှိုင်မြို့နယ်အတွင်းမှာ ကျေးရွာပေါင်း ၂၀ ကိုလည်းပဲ ရေတွင်းများတူးဖော်ပေးရန် တင်ပြထားသည့်အနက်မှ သောက်သုံးရေ အခက်အခဲရှိသည့် ကျေးရွာ ၉ ရွာကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၃ ရွာကို အဖွဲ့ ရန်ပုံငွေကျပ် ၆.၆၃ သန်း၊ အလှူရှင် လှူဒါန်းငွေ ၅သန်း၊ စုစုပေါင်း ၁၁.၆၃ သန်းဖြင့် စက်ရေတွင်းတူးဖော်ပေးခဲ့ပြီး ကျန် ၆ ရွာကို ၂၀၁၂-၂၀၁၃ မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင် ၃ ရွာနှုန်းဖြင့် စက်ရေတွင်းများ တူးဖော်ပေးသွားမည် ဖြစ်ပါ ကြောင်းနှင့် ကျန်လုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် အစီအစဉ်အရ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ မလှိုင်မြို့ရေပေးရေးလုပ်ငန်းနဲ့ စပ်လျဉ်းပြီးတော့လည်း အဆိုပါလုပ်ငန်းကို ၁၉၉၈ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီးတော့ မြို့ရဲ့အနောက်ဘက် အမှတ် ၃ ရပ်ကွက်အတွင်းမှာ ၆ လက်မ ရေတွင်း ၁တွင်း၊ ၄ လက်မ စက်ရေတွင်း ၂ တွင်း၊ ပေါင်း ၃ တွင်းမှ မြေအောက်ရေကို ဂါလန် ၆၀၀၀ နှင့် ဂါလန် ၁၂၅၀၀ ဆံ့ ရေစုကန်တို့တွင် စုဆောင်းပြီးတော့ ၎င်းမှတစ်ဆင့် တွန်းစက်ဖြင့် အိမ်သွယ်ရေတိုင် ၁၅၆ တိုင်၊ အများသုံးရေကန် ၇ ကန်ကို တစ်နေ့လျှင် သောက်သုံးရေဂါလန် ၄၅၀၀၀ ခန့် ဖြန့်ဝေပေးလျက်ရှိပါတယ်။

မလှိုင်မြို့ရပ်ကွက် ၄ ခု၊ အိမ်ခြေ ၂၃၉၅ အိမ်နဲ့ လူဦးရေ ၁၅၃၉၂ ဦးရှိပြီး ရေလိုအပ်ချက်က တော့ တစ်နေ့ကို ရေဂါလန် ၃၀၀၀၀၀ ခန့် ဖြစ်ပါတယ်။ မြို့နေလူထုမှ မိမိတို့ အစီအစဉ်ဖြင့် စက်ရေတွင်း ၂၅၆ တွင်း၊ လက်တွင်း ၁၀ တွင်းတို့မှ ရေရယူသုံးစွဲလျက်ရှိရာ မလှိုင်မြို့ရဲ့ ရေရရှိရေး လွှမ်းခြုံမှုဟာ ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ မြို့တိုးချဲ့ရေပေးရေး ဆောင်ရွက် ရတဲ့အတွက် လက်ရှိရေရယူပေးသော ရေအရင်းအမြစ်နေရာမှာ ၆လက်မ စက်ရေတွင်း အသစ် ထပ်မံ တူးဖော်ပြီး ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်ပေါ်သို့ တင်ပို့၍ Gravity Flow System ဖြင့် ဖြန့်ဝေပေးပါက တစ်နေ့လျှင် ရေဂါလန် ၁၂၀၀၀၀ ခန့်အထိ တိုးချဲ့ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အဆိုပါ မြို့တိုးချဲ့ရေပေးရေးလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မလှိုင်မြို့နယ်စည်ပင် သာယာရေးရန်ပုံငွေမှ ၂၅.၂၉ သန်းဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွား ပါမယ်။ ၆ လက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် စက်တပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ ရေတွန်းစက်တပ်ဆင်ခြင်း၊ ၆လက်မ ရေပိုက်သွယ်တန်းခြင်း၊ ၂လက်မ ရေဖြန့်ဝေ ပိုက်လိုင်းများ သွယ်တန်းခြင်း၊ ပေ ၅၀၀၀ ဖြန့်ဝေခြင်း၊ သွယ်တန်းခြင်းတို့ ဖြစ်ပါတယ်။ တိုးချဲ့ရေ ပေးရေး လုပ်ငန်းဆောင်ရွက်ပြီးချိန်မှာလည်း မြို့ရေပေးရေးလုပ်ငန်းမှ တစ်နေ့လျှင် ရေဂါလန် ၁၂၀၀၀၀ ခန့်အထိ တိုးမြှင့်ဖြန့်ဝေနိုင်မည်ဖြစ်ရာ မလှိုင်မြို့၏ ရေရရှိရေးလွှမ်းခြုံမှုကို ၁၀၀ရာခိုင်နှုန်း အထိ တိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဒီရေတား လယ်တာများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းအောင်ခိုင်၊ ပေါက်တောမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းအောင်ခိုင်(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီး၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ပုဂ္ဂိုလ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပေါက်တော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ခိုင် ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့အချက် ကတော့ ပေါက်တောမြို့နယ် ကျေးလက်နေတောင်သူလယ်သမားများအတွက် အဓိကလိုအပ်နေတဲ့ ကျိုးပေါက်ပျက်စီးနေသော တာတမံများကို ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပြီး လူနှင့်ကျွဲနွား တိရစ္ဆာန်တို့ရဲ့အသက်အိုးအိမ်ပစ္စည်းများကို ကာကွယ်နိုင်သည်အထိ စက်ယန္တရားများဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းလိုတဲ့အချက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

ပကတိအခြေအနေကို အနည်းငယ် ဖတ်ကြားတင်ပြခွင့် ပေးစေလိုပါတယ်။ ကျွန်တော်တို့ ပေါက်တောမြို့နယ်ဟာ အဓိကလယ်ယာလုပ်ငန်းလုပ်ကိုင်သူ ၇၀ ရာခိုင်နှုန်းရှိပြီး ရေလုပ်ငန်းလုပ်ကိုင်သူ ၂၀ ရာခိုင်နှုန်း၊ တခြားလုပ်ငန်းလုပ်ကိုင်သူ ၁၀ ရာခိုင်နှုန်းရှိပါတယ်။ ပေါက်တောမြို့နယ်ရဲ့ တောင်ဘက်ပိုင်း ဖရုံကာကျွန်း ၃ ကျွန်းအပါအဝင် နယ်မြေအများစုဟာ ဘင်္ဂလားပင်လယ်နဲ့ ဆက်စပ်လျက်ရှိနေပါတယ်။ ပေါက်တောမြို့နယ်မှာ ဒီရေထိန်းတာတမံ ၁၁ ခုရှိပါတယ်။ ဒီတာတမံတွေရဲ့ ရေဘေးကာကွယ်ဧကအနေဖြင့် လယ်ဧက ၃၀၀၀၀ခန့် ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ဒီရေထိန်း တာတမံအများဆုံးရှိတဲ့မြို့နယ် တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ ယခုအခါမှာ ဒီတာတမံ ၁၁ ခုလုံးဟာ ဘယ်တာမှ အကောင်းမရှိတော့ပါဘူး။ အားလုံးကျိုးပေါက် ပျက်စီးနေကြပြီ ဖြစ်ပါတယ်။ တချို့တာတမံတွေသည် တာရိုးတောင်ရှာမတွေ့ဘဲ မြေပြင်နဲ့တစ်သားတည်း ဖြစ်နေကြပါသည်။ ဒီတာတွေကို လေ့လာကြည့်သလောက် ၁၉၅၇ ခုနှစ်မှ ၁၉၆၇ ခုနှစ်အတွင်း တာ ၉ ခုကို ထိုအချိန်က ARDC လို့ ခေါ်တဲ့ Agriculture and Real Development Completion စိုက်ပျိုးရေးနှင့်လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းမှ တည်ဆောက်ခဲ့တယ်လို့ သိရပါတယ်။ ၁၉၇၀ ခုနှစ်မှစပြီးတော့ ကျန်တာတစ်ခုကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ပြီး ယခင်တာ ၉ ခုကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းခဲ့တာ ဖြစ်တယ်လို့ သိရှိရပါတယ်။ ပေါက်တောမြို့နယ်ဟာ ၁၉၆၈၊ ၁၉၇၀၊ ၁၉၉၀၊ ၂၀၀၄၊ ၂၀၁၀ ဂီရိလေမုန်တိုင်း ဒဏ်တွေကြောင့် ဒီတာတမံတွေ အသီးသီးကျိုးပေါက် ပျက်စီးခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော် အနည်းငယ်အလေးထားတင်ပြလိုတာက တာတမံ များကျိုးပေါက်ပျက်စီးသွားရင် တာရှည်မနေစေဘဲ ပြန်လည်ဆည်ဖို့ဖို့လိုအပ်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၀-၂၀၁၁ မိုးတွင်းကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် တာတစ်ခုကျိုးပေါက်ပျက်စီးသွားရင် ၂၀၁၁-၂၀၁၂ ပွင့်လင်းရာသီရောက်ရင် ပြန်လည်ဆည်ဖို့ ဖို့လိုအပ်ပါတယ်။ ခုလိုပျက်စီးနေတဲ့တာတွေ နှစ်တွေချီပြီးတော့ တာရိုးတွေရှာမတွေ့တာ ဖြစ်ပါတယ်။ နယ်မြေရှိလယ်သမားတွေဟာ မိမိတို့လယ်မြေများကို အပြည့်အဝမလုပ်ကိုင်နိုင်ဘဲ မိမိတို့လုပ်အားငွေဖြင့် တစ်ပိုင်တစ်နိုင်ဆည်ဖို့ပြီး လုပ်ကိုင်နေရပါတယ်။ တာများကျိုးပေါက်နေတဲ့အတွက် လယ်မြေများပျက်စီးသွားသလို စပါးစိုက်ဧကလည်း လျော့နည်းသွားပါတယ်။ တချို့လယ်မြေတွေဟာ ပုဇွန်တာများ၊ ဆားကွင်းများဖြစ်နေကြတဲ့အတွက် လယ်သမားများနဲ့ ပုဇွန်တာလုပ်ငန်းရှင်များ ပြဿနာတွေ ဖြစ်နေကြပါတယ်။ ကင်းတင်းကာရီတွေဟာလည်း သေးငယ်တဲ့အတွက် ဒီရေကြီးခြင်းကိုခံနိုင်ရည်မရှိခြင်း၊ လေမုန်တိုင်းဒဏ်ကြောင့်

ရေငန်ဝင်ရောက်မှု၊ ထူးကဲဒီရေတက်မှု တာတမံများကျိုးပေါက်မှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုများနှင့် မုန်တိုင်းများ ဖြတ်ကျော်ဝင်ရောက်မှုများကြောင့် လူ့အသက်များ၊ ကျွဲ၊ နွားတိရိစ္ဆာန်များ၊ ပစ္စည်းများ နှစ်စဉ်ဆိုသလိုဆုံးရှုံးမှုများ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် လယ်သမားများအတွက် အဓိကအားထားနေရတဲ့တာတမံများကို ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ခိုင်ခိုင်မာမာဆည်ဖို့ရန် အထူးလိုအပ်လျက်ရှိနေကြောင်း နယ်မြေရှိ တောင်သူလယ်သမားများက တင်ပြတောင်းဆိုကြပါတယ်။ သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှလည်း ၂၀၁၀-၂၀၁၁ တာတမံဆည်ဖို့ခဲ့သော်လည်း တာပေါင်ရိုးများသေးငယ်သည့်အတွက် တစ်နှစ်မခံဘဲ ကျိုးပေါက်ပျက်စီးမှုများရှိနေတာကို တွေ့ရပါတယ်။ တာတမံမှာလည်း တစ်ပိုင်းတစ်စမပြီးသေးဘဲရှိနေပါတယ်။ ဒီနှစ် ၂၀၁၁-၂၀၁၂ မှာ တာဖူးတဝန်ချောင်း၊ အလယ်ကျွန်းတာ၊ ရွာချောင်းကြီးတာများကို အပြည့်အဝပြန်လည်ဆည်ဖို့ခြင်းမဟုတ်ဘဲ လူထုအားနဲ့ ဆည်ဖို့နိုင်တဲ့အတွက် ခိုင်ခံ့မှုအားနည်းကာ ငွေကုန်ကြေးကျများပြီး အချိန်ကုန်ငွေကုန်တာပဲ အဖတ်တင်ပါတယ်။ တစ်နှစ်မခံဘဲ ကျိုးပေါက်သွားတာဖြစ်ပါတယ်။ တာတမံများဆည်ဖို့တဲ့အခါမှာလည်း ဦးစားပေးအဆင့်သတ်မှတ်ပြီး ဆောင်ရွက်စေလိုပါတယ်။ လယ်မြေဧကများများရှိတဲ့တာကြီးတွေကို ပင်လယ်နဲ့တိုက်ရိုက်ထိတွေ့ ဆက်စပ်နေတဲ့ ဥပမာ-ပုဏ္ဏားကြီး ဆင်ပိုက်စလူးပြင်တာဆိုရင် ၉၇၈၄ ဧကရှိပါတယ်။ ဧက ၁၀၀၀၀ နီးပါးရှိပါတယ်။ ထို့အတူ သိုက်ပေါင်းချောင်းတာ ၅၈၅၂ ဧက၊ ပြန်လျောက်ပြန်ခေါင်တာဆိုရင် ၅၁၃၀ ဧက၊ အဲ့လိုတာကြီးတွေကို ဦးစားပေးအဆင့်အနေနဲ့ ဆည်ဖို့ဖို့လိုအပ်တယ်လို့ သုံးသပ်တင်ပြလိုပါတယ်။ ဒါကြောင့် ကျေးလက်နေလယ်သမားတို့၏ လူမှုဘဝတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်နိုင်တဲ့ ဒီရေထိန်းတာတမံများကို မုန်တိုင်းဒဏ်မှ ကာကွယ်ရန် ဒီရေကြီးခြင်း၊ ဒီရေလှိုင်းများရိုက်ပုတ်ခြင်းများမှ ကာကွယ်နိုင်ရန်အတွက် ခိုင်မာပြည့်တင်းသည့် တာပေါင်ရိုးကြီးများကို စက်ယန္တရားများဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်ဆိုသည်ကို သိရှိလိုပါကြောင်း ခုလိုမေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်မှ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ခိုင်၏ ပေါက်တောမြို့နယ်အတွင်းရှိ ဒီရေတားလယ်သမားတာများအား စီမံကိန်းတာများအဖြစ် သတ်မှတ်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်များ ရှိ၊ မရှိ။ ရှိပါက မည်သည့်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းမေးမြန်း ထားချက်အပေါ်မှာ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ နယ်မြေလူထုရဲ့အကျိုးအတွက် ယခုကဲ့သို့ မေးမြန်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ခိုင်အား ယခုကဲ့သို့ ဖြေကြားခွင့်ရရှိခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ထုထည်ကြီးမားစွာဖြင့် ခိုင်ခန့်အောင်ပြင်ဆင် တည်ဆောက်ပေးရန် လိုအပ်လျက်ရှိနေတဲ့ လယ်သမားတာစုစုပေါင်း ၃၉၄ ခုရှိတဲ့အနက် ပထမဦးစားပေးပြင်ဆင်ပေးရန် အဓိကလိုအပ်နေတဲ့တာပေါင်း ၈၆ ခုကို ၂၀၁၂-၂၀၁၃ ခုနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရန်ပုံငွေ တင်ပြတောင်းခံထားပြီးတော့မှ ၎င်းတာများကိုဦးစားပေး(၁)အနေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ပြည်နယ်အတွင်းမှာ ဦးစားပေးဆောင်ရွက် ပေးမယ့် လယ်သမားတာ ၈၆ ခုအနက်မှ ယခုတင်ပြတဲ့ ပေါက်တောမြို့နယ်အတွင်းမှာ ပါရှိနေတဲ့ ဒီရေတား လယ်သမားတာ ၁၄ ခုလည်းပါဝင်ပါကြောင်းနှင့် ယခုနှစ်ပွင့်လင်းရာသီကာလအတွင်းမှာ အချိန်မီလုပ်ငန်းများပြီးစီးအောင် အဆင့်အလိုက်အကောင်အထည်ဖော် ပေးသွားမည် ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ ပြည်နယ်အတွင်းမှာရှိတဲ့ တာများကိုလည်းပဲ အဆင့်အလိုက်ဦးစားပေးလိုအပ်ချက် များပေါ် မူတည်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ စက်ယန္တရားများအသုံးပြုပြီးတော့မှ ပိုမိုခိုင်ခံ့အောင်အတွက် တည်ဆောက်ပြုပြင်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အင်းမအင်းအတွင်းရှိ ရေထိန်းဆည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ယနေ့ သဲကုန်းမြို့နယ်မှာ တောင်သူလယ်သမားများ

ရေနစ်မှုအန္တရာယ်ဖြစ်လို့ နှစ်ပေါင်းများစွာအခက်အခဲများနဲ့ကြုံတွေ့ပြီးတော့ ယခင်အစိုးရလက်ထက်မှာလည်းပဲ သက်ဆိုင်ရာနေပြည်တော်အထိရောက်အောင် ဗွီစီဒီခွေများ၊ တင်ပြလွှာများနှင့် လယ်သမားများကိုယ်တိုင်တင်ပြထားတာရှိပါတယ်။ ဒီရေထိန်းတမံနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့မတင်ပြမီမှာ ရွေးကောက်ပွဲစည်းရုံးရေးကာလမှာကတည်းက ကျေးရွာတောင်သူလယ်သမား ၁၁ အုပ်စုမှာရှိတဲ့ ကျေးရွာ ၃၀ ကျော်က ရပ်မိရပ်ဖတွေကသူတို့ရဲ့ အခက်အခဲကို ကူညီဆောင်ရွက်ပေးဖို့ဆိုတဲ့ လိုလားချက်တစ်ခုတည်းနဲ့ပဲ ကျွန်တော်တို့ကို တင်ပြသွားခဲ့ကြပါတယ်။ ဒီတင်ပြချက်အပေါ်မှာ မူတည်ပြီးတော့ပဲ သက်ဆိုင်ရာ တိုင်းဒေသကြီးကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ဟာ မြို့နယ်ခန်းမကြီးမှာစုဝေးပြီး ဒီတောင်သူလယ်သမားတွေရဲ့ အခက်အခဲတွေကို ကျွန်တော်တို့ အစိုးရဆီမှာ တင်ပြပေးပါမယ်လို့ ကတိကဝတ်လည်းခံခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ဒီကနေ့ ဒီအစီအစဉ်ကို ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာတင်ဖို့ ဖြစ်သော်လည်းပဲ ပထမအကြိမ်မှာကတည်းက တင်ပြရန်အတွက် ကျွန်တော့်မှာ လေ့လာဖို့အချိန်ယူနေတဲ့အတွက် ယခုအချိန်မှတင်ပြနိုင်ခြင်းဖြစ်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာလည်းပဲ ၁၁ အုပ်စုမှာရှိတဲ့ ကျေးရွာရပ်မိရပ်ဖပြည်သူများဆီသို့ ကျွန်တော် ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်လည်း တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ ထို့အပြင်မြို့နယ်အဆင့်မှာရှိကြသော ဌာနဆိုင်ရာအရာရှိများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ရဲ့ သဘောဆန္ဒကိုပါရယူပြီးတော့မှ ယနေ့တင်ပြခြင်း ဖြစ်ပါတယ်။ ဒီလိုမတင်ပြမီမှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုလည်း တင်ပြပြီးတော့ တိုင်းဒေသကြီးလွှတ်တော်ရဲ့ အဖြေကိုလည်းရယူခဲ့ပါတယ်။ သို့သော်လည်း လယ်သမားများရဲ့ဆန္ဒအရ ကျွန်တော့်ကို ပြည့်ပြည့်စုံစုံနှင့် ပြည်ထောင်စုအစိုးရကို တင်ပြပေးပါလို့ဆိုတဲ့အတွက် ဒီနေ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိကအကြောင်းရင်းကတော့ ရေနစ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီရေနစ်တဲ့အကြောင်းရင်းကို ပြည့်ပြည့်စုံစုံတင်ပြနေမယ်ဆိုရင် အချိန်ကြန့်ကြာနေမှာဖြစ်တဲ့အတွက် ကျွန်တော်ဟာ ရေထိန်းဆည်ဖြစ်ပေါ်လာပုံ၊ ရေထိန်းဆည်မတည်ဆောက်မီအခြေအနေ၊ ရေထိန်းဆည်တည်ဆောက်ပြီးအခြေအနေ၊ ရေနစ်မြုပ်ရသည့် အကြောင်းရင်းနဲ့ ရေနစ်မြုပ်မှုမှကာကွယ်ရန် မြစ်မချောင်းရေစီးရေလာ ကောင်းမွန်စေရန်တင်ပြခြင်းနှင့် ကျွန်တော့်ရဲ့ အကြံပြုတင်ပြချက်များကိုပါ ပူးတွဲပြီးတော့ တင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ရေနစ်မြုပ်ရတဲ့ အကြောင်းရင်းထဲမှာ ကျွန်တော့်ရဲ့လေ့လာတွေ့ရှိမှု အချက်လေးချက်ပဲရှိပါတယ်။ တစ်ကတော့ ရေနုတ်တူးမြောင်းများ၊ ရေထွက်ချောင်းများကောခြင်း၊ ပိတ်ဆို့ခြင်းနှင့် အင်းမအင်းရဲ့အင်းနဖူးဇရိယာ၊

အင်းလယ်ဧရိယာတွေမှာ တူးဖော်ထားတဲ့ ငါးကန်များဟာ ရေနုတ်မြောင်းများစနစ်တကျမရှိခြင်း၊ ရေထိန်းတမံကြီးကိုပိတ်ဆို့ပြီးတော့ ငါးမွေးကန်တွေဟာ ကုန်ထုတ်လမ်းကြောင်းအဖြစ် အသုံးပြုနေခြင်း၊ အချို့အင်းသားကြီးတွေဟာ မြစ်မခချောင်းအတွင်း ကျဉ်းမြောင်းတဲ့နေရာတွေမှာ ကျားထောင်ပြီး ငါးဖမ်းတာ၊ အင်းမအင်းအတွင်းမှာရှိတဲ့ ရေတွေကိုနုတ်ယူစီးဆင်းတဲ့ မြစ်မခချောင်းဟာ အကွေ့အကောက်များပြီးကျဉ်းမြောင်းကာ တိမ်ကောမှုဖြစ်တဲ့အတွက် ဒိုက်တွေ၊ ဗေဒါတွေပိတ်ဆို့ပြီး ရေစီးဆင်းမှု နှောင့်နှေးခြင်းတို့ကြောင့် ရေနစ်မြုပ်ရတဲ့အကြောင်းရင်း ဖြစ်ပါတယ်။ သို့သော် လယ်သမားများက ဒီတမံကြီးမဖြစ်ထွန်းခင်တုန်းက ရေနစ်မြုပ်မှုမရှိဘူး။ လယ်တွေစိုက်လို့ အောင်မြင်တယ်။ ဒီရေတမံကြီးပေါ်ထွန်းလာပြီးကာမှ သူတို့လယ်တွေဟာ ရေအောက်မြေတွေဖြစ်သွားပြီးတော့ လယ်တွေစိုက်လို့မရဘူး။ မိုးပြီးလို့ဆက်ပြီး စိုက်မယ်ကြံပြန်တော့လည်းပဲ ဒီတမံကြီးဟာရေတုပ်ထားတဲ့အတွက် ဆည်ရေအနည်းငယ်ဝင်ရုံနဲ့ပဲ စိုက်ထားတဲ့လယ်တွေပျက်တယ်ဆိုပြီးတော့ ဒီတမံကိုရိုးမယ်ဖွဲ့ပြီး ဝိုင်းပြီးတင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော့်ရဲ့မေးခွန်းမှာ သဲကုန်းမြို့နယ်မှာရှိတဲ့ ရေထိန်းဆည်ကြီးကို ၁၉၈၁-၈၂ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး လယ်မြေဧက ၂၂၆၀ အား ရေပေးဝေနိုင်ရန် ရေစုပ်စက်ရုံ(ရွှေတော)နှင့် ရေပေးတူးမြောင်းများ တည်ဆောက်၍ ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ ထိုရေပေးစီမံကိန်းမှာ မဆောင်ရွက်နိုင်တော့ပါ။ ရေထိန်းဆည်တည်ဆောက်ပြီးနောက် ရေစီးရေလာလျော့ကျမှု နှေးကွေးလာပါတယ်။ ရေလွှမ်းဧရိယာမှာ တစ်သောင်းကျော်အထိ ပေါ်ထွက်လာပါတယ်။ သို့ဖြစ်ပါ၍ ယခုအခါဒေသခံ တောင်သူလယ်သမားများက ထိုရေထိန်းဆည်ကြီးအားပယ်ဖျက်ပေးပါရန်နှင့် ပယ်ဖျက်ပေးနိုင်ခြင်းမရှိပါက ရေထိန်းတံခါးများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုပါတယ်လို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ရေထိန်းတံခါးများတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းရှိ၊ မရှိဆိုတဲ့နေရာမှာ မူလစတင်တပ်ဆင်တုန်းက ရေထိန်းတံခါးလေးခုရှိခဲ့ပြီးတော့ ၂၀၀၀ ခုနှစ်မှာ ရေနုတ် တဲ့အခြေအနေနည်းတယ်ဆိုပြီးတော့ နောက်ထပ် Stop Lock ရေတံခါးခြောက်ခု ထပ်မံတပ်ဆင်ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့ ဒီတမံကြီးဟာ ၁၆၉ ပေ၊ အမြင့် ၈.၂ ပေရှိနေတဲ့အတွက် ရေထုတ်ဖို့အင်မတန်အားနည်းနေတာကြောင့် အကယ်၍သာ ဒီတမံကြီးကို ဖယ်ရှားမပေးနိုင်သေးဘူးဆိုရင် ရေထိန်းတံခါးများထပ်မံ တိုးချဲ့တပ်ဆင်ပေးသင့်တယ်။ ရေတမံကြီးမရှိသကဲ့သို့ ရေများထွက်နိုင်တဲ့ရေတံခါးများ တည်ဆောက်ပေးသင့်တယ်လို့ ကျွန်တော်အားလုံးနဲ့ ညှိနှိုင်းရရှိမှုကို တင်ပြရင်း ကျွန်တော့်ရဲ့မေးခွန်းကိုနိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။ ။**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၏ သဲကုန်းမြို့နယ်၊ အင်းမအင်းအတွင်းရှိရေထိန်းဆည်အား ပယ်ဖျက်ပေးပါရန်နှင့် ပယ်ဖျက်ပေးနိုင်ခြင်း မရှိပါက ရေထိန်းတံခါးများတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်း၊ တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိဟူသော မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးမြင့်လှိုင်မှ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာပြည်သူလူထုရဲ့ အကျိုးအတွက် ယခုကဲ့သို့မေးမြန်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဦးစိုးအောင်ရဲ့ မေးမြန်းချက်အပေါ်မှာ အကြံပြု တင်ပြချက်များလည်းပါဝင်တဲ့အတွက်ကြောင့်မို့လို့ အကြံပြုတင်ပြချက်များအပေါ်မှာလည်းပဲ ပညာရှင်များ စေလွှတ်ပြီးတော့မှ တစ်ပြိုင်တည်းလက်တွေ့လုပ်နိုင်မယ့် နည်းလမ်းများကို ရှာဖွေ ဆောင်ရွက်လျက်ရှိပါကြောင်း ကနဦးတင်ပြလိုပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမအင်းအတွင်းမှာရှိတဲ့ ရေထိန်းဆည်ကြီးကို ပယ်ဖျက်ပေးပါရန်နှင့် ပယ်ဖျက်ပေးနိုင်ခြင်းမရှိပါက ရေထိန်းတံခါးများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ပထမအဆင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မီးလောင်ချောင်းနှင့် အောင်ကုန်း ချောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါ ကြောင်း ပြောကြားလိုပါတယ်။ ၎င်းချောင်းနှစ်ချောင်း တူးဖော်ပေးခြင်းဖြင့်လည်းကောင်း၊ အင်းမရေလွှဲ ဆည်ရှိ ရေထိန်းတံခါးများကို ဖွင့်ချိန်စော၍ ဖေဖော်ဝါရီလကုန်တွင် ဖွင့်ပေးခြင်းဖြင့်လည်းကောင်း၊ ရေစီးရေလာကောင်းမွန်စေရန် လတ်တလောစီစဉ် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။ အသေးစိတ် အချက်အလက်များကို ဆည်မြောင်းဆိုင်ရာတည်ဆောက်ရေးပညာရှင်များ မြေပြင်ကွင်းဆင်းလေ့လာ တိုင်းတာစေလျက်ရှိပြီး အင်းမအင်းအတွင်းသို့ ရေဝင်ရောက်မှုအခြေအနေ၊ ရေထိန်းဆည်၏ အခြေ အနေ၊ နစ်မြုပ်နေရတဲ့အကြောင်းအရင်းခံများ၊ ရေနစ်မြုပ်မှုကာကွယ်ရန်နှင့် မြစ်မခချောင်းရေစီး ရေလာ ကောင်းမွန်စေရန် ဆောင်ရွက်ပေးရမယ့်လုပ်ငန်းစဉ်များစသည်တို့ကို အသေးစိတ်စူးစမ်း လေ့လာတိုင်းတာမှုများ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပြီးတော့မှ ဆောင်ရွက်တွေ့ရှိရတဲ့အချက် အလက်များအပေါ်မူတည်၍ တင်ပြထားတဲ့ရေထိန်းဆည်ကို ပယ်ဖျက်ပေးရန်သင့်၊ မသင့်နဲ့ အခြား

သင့်လျော်တဲ့ ရေအားအဆောက်အအုံများကို ဆောင်ရွက်ပေးရန် လိုအပ်ချက်တွေကို ကျွမ်းကျင်သူများနဲ့ ကွင်းဆင်းညှိနှိုင်းတိုင်ပင်ပြီးတော့မှ ဆုံးဖြတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စူးစမ်းလေ့လာတွေ့ရှိချက်များအပေါ် မူတည်ပြီးတော့မှ ဆက်လက်ပြီးလုပ်ငန်းစဉ်များကို အစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကိုမိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁ း ၁၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၁း၄၀ နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်။ ၁၁ း ၄၀ ။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအပိုင်းမှာ ကျန်ရှိတဲ့မေးခွန်း ၅ ခုကို လာမယ့် ၃၀-၁-၂၀၁၂ (တနင်္လာနေ့) အစီအစဉ်မှာ ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ယနေ့မှာတော့ အစီအစဉ် ၆ က စတင်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးသိန်းဇော်၊ မြစ်ကြီးနားမဲဆန္ဒနယ်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားများ၏လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းမြှင့်တင်ရေး ဦးစီးကော်မတီဖွဲ့စည်းရေးအဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ်ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် တိုင်းရင်းသားများ၏

လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးဦးစီးကော်မတီဖွဲ့စည်းရေးအဆိုကို တင်သွင်းဖို့ မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဇော်(မြစ်ကြီးနားမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ပဏာမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် တိုင်းရင်းသားများ၏ လူမှုဘဝမြင့်မား တိုးတက်ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးဦးစီး ကော်မတီဖွဲ့စည်းရေး အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် လွန်စွာအရေးကြီးပါတယ်။ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် နိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း အတူတကွလက်တွဲ၍ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးနဲ့ ခိုင်မာလုံခြုံရေးအတွက် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါတယ်။ တိုင်းရင်းသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနှင့် တစ်စိတ်တည်း၊ တစ်ဝမ်းတည်း စည်းလုံးညီညွတ်ရေးဆိုသည်မှာ သဘောတရားရေးရာများသာ ချပြဆောင်ရွက်ရမည်မဟုတ်ဘဲ တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏ ရိုးရာ၊ ဓလေ့၊ စရိုက်၊ စာပေစသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း လက်တွေ့ကျကျ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ပေးရေးတို့မှာ အထူးပင်လိုအပ်ပါတယ်။ နိုင်ငံတော်အတွင်းရှိ နယ်စပ်ဒေသများ၊ သွားလာရန် ခက်ခဲသည့်တောင်ပေါ်ဒေသများနဲ့ တည်ငြိမ်အေးချမ်းမှုမရှိတဲ့ ဒေသများမှာ နေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားအများစုရဲ့ လူနေမှုဘဝများသည် လွန်စွာနိမ့်ကျနောက်ကျ ကျန်နေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် တိုင်းရင်းသားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် ရိုးရာ၊ ဓလေ့၊ စရိုက်၊ စာပေစသည့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် နိုင်ငံတော်မှ ဦးစီး၍ ယခင်ကာလများကလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုလည်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ သို့ရာတွင် ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များမှာ လွန်စွာမှပင်များပြားလှပါတယ်။ ရေတို၊

ရေရှည်စီမံကိန်းများချမှတ်ပြီးတော့ အားလုံးပူးပေါင်းပြီး စဉ်တိုက်ဆက်တိုက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များမှာ တစ်နေရာနဲ့ တစ်နေရာ၊ ဒေသတစ်ခုနှင့်တစ်ခု အချိန် အခါပေါ်မူတည်၍လည်းကောင်း တူညီမှုများရှိနိုင်သလို ကွဲပြားခြားနားမှုများလည်း ရှိနိုင်ပါတယ်။ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အနီးကပ်ကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ရန် အထူး လိုအပ်ပါသဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် တိုင်းရင်းသားများ၏ လူနေမှုဘဝတိုးတက် မြင့်မားရေးနှင့် ရိုးရာ၊ ဓလေ့၊ စရိုက်၊ စာပေစသည့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေး ဦးစီးကော်မတီကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များမှ ဦးစီး၍ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမျိုးစုအကြီးအကဲများအပါအဝင် ပါဝင်သင့်သည့်လူများနှင့် စုဖွဲ့ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါ သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ထိုက်သင့်သည့် ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုမှုများကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၊ အထူးသဖြင့် နိမ့်ပါးနောက်ကျကျန်ခဲ့သော တိုင်းရင်းသားများ၏ ဘဝမြင့်မား တိုးတက်ရေးအတွက် ၎င်းတို့၏ ပကတိဘဝအခြေအနေမှန်ကို ဘက်စုံသိရှိပြီးမှသာ ဆောင်ရွက်ဖွယ်ရာ နည်းလမ်းကောင်းများ၊ လုပ်နည်းကောင်းများ၊ အစီအမံကောင်းများ ရရှိလာနိုင်တော့မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားတို့၏ဘဝကို အနီးကပ်ကွင်းဆင်းလေ့လာမြှင့်တင်နိုင်မည့် ဆပ်ကော်မတီ များ၊ လုပ်ငန်းကော်မတီများ၊ အဖွဲ့ခွဲများကို ဖွဲ့စည်းပြီးတော့ အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် အလို့ငှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် တိုင်းရင်းသားများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးနှင့် ၎င်းတို့၏ ရိုးရာ၊ ဓလေ့၊ စရိုက်၊ စာပေစသည့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေး ဦးစီးကော်မတီ ဖွဲ့စည်းရေးအဆိုကို ကျွန်တော်လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသိန်းဇော်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ် ပါတယ်။

**ဦးစောသိန်းအောင်(လှိုင်းဘွဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်း ဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးစောသိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်ကြီးနားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသား များ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးဦးစီး ကော်မတီဖွဲ့စည်းရေးအဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လက်ရှိအခြေအနေမှာ တိုင်းရင်းသားများ၏ လူနေမှုဘဝဟာ ခေတ်နဲ့အညီ ရင်ပေါင်တန်းမလိုက်နိုင်သည့်အပြင် များစွာအောက်ကျနောက်ကျ ဖြစ်နေတာကိုတွေ့ရှိရပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကအစ များစွာလိုအပ်နေပါတယ်။ ကျေးလက်တွေမှာ မိသားစုဝင်များရဲ့စီးပွားရေး ချွတ်ခြုံကျမှုကြောင့် မိမိတို့ရဲ့သားသမီးများဟာ တစ်ဖက်နိုင်ငံကို အိမ်စေ၊ အိမ်ဖော် အလုပ်သမားအဖြစ် ရောက်ရှိသွားကြပါတယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးရဲ့ လူနေမှုဘဝ ချွတ်ခြုံကျနေတဲ့ စီးပွားရေးအခြေအနေကို နာလန်ထူကောင်းမွန်လာအောင် နိုင်ငံတော် အနေနဲ့ အထူးဆောင်ရွက်သင့်ကြောင်း ဆွေးနွေးလိုပါတယ်။ စီးပွားရေးချွတ်ခြုံကျမှုကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားအခြေအနေ လူမှုလုပ်ငန်းတွေမှာ အောက်ကျနောက်ကျဖြစ်ရတဲ့ လုပ်ငန်းတွေ တသီတတန်းကြီး ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ တိုင်းရင်းသား တို့ရဲ့ လူနေမှုဘဝမြင့်မားရေးဟာ မဖြစ်မနေဆောင်ရွက်သင့်ပြီဖြစ်သော နိုင်ငံရေးတာဝန်တစ်ရပ် ဖြစ်နေပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးကဏ္ဍကိုလည်း လက်ရှိအနေအထားမှာ မဖြစ်မနေ ဆောင်ရွက်အကောင်အထည်ဖော်ရမည်ဖြစ်တဲ့ နိုင်ငံရေးတာဝန်တစ်ရပ်ဖြစ်ကြောင်းကိုလည်း ဆွေးနွေး လိုပါတယ်။ တိုင်းတစ်ပါးကို ထွက်ခွာသွားကြတဲ့အတွက် ကျေးလက်ကျေးရွာများမှာ သက်ကြီးရွယ်အိုနှင့် ကလေးများသာ ကျန်ရစ်ပါတော့တယ်။ လူရွယ်၊ လူငယ်အားလုံးမကျန်သလောက် ဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသတွေဟာ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုအက၊ အခုန်၊ အတီး၊ အမှုတ်တွေ ပြန်လည်ဖော်ထုတ်ရန် လူမရှိ၊ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းဖို့အတွက်မလိုဆိုတဲ့ အနေအထားကို ရောက်နေပါတယ်။ တိုင်းတစ်ပါးကို သွားရောက်အလုပ်လုပ်ပြီး မိမိတို့ရဲ့ကျေးရွာကို ပြန်ရောက်ကြတဲ့ လူငယ်လူရွယ်တွေဟာ မိမိတို့ရဲ့ တိုင်းရင်းသားဘာသာစကားကိုမပြော တိုင်းတစ်ပါးသားစကားကို မြိန်ရေယှက်ရေ ပြန်လာပြီးတော့ ပြောဆိုနေကြပါသည်။ မိမိတို့၏ တိုင်းရင်းသားအဝတ်ကိုမဝတ် ချက်ပေါ်၊ ဗိုက်ပေါ်၊ အတိုအရှည်၊ အကျပ်အပွ၊ ဘောင်းဘီ၊ စကတ်တွေကို စွဲလန်းတပ်မက်၍ နေကြ

ပါပြီ။ ဆေးနီကြောင်ကျားဆံပင်မျိုးစုံနဲ့ မိမိတို့ရဲဒေသကို ပြန်လည်ရောက်ရှိလာပြီး အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ထိန်းသိမ်းရမှန်းမသိအောင် ရှာလွန်ရှက်တိုက် မိုက်လုံးကြီးမှန်း မသိ မိမိရဲ့ ယဉ်ကျေးမှုတွေကို မျက်ကွယ်ပြုနေကြပါပြီ။ သို့ဖြစ်ပါ၍ မြစ်ကြီးနားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်ရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသား များ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးဦးစီး ကော်မတီဖွဲ့စည်းရေး အဆိုသည် တိုင်းရင်းသားတို့ရဲ့ လက်ရှိအနေအထားမှာ လိုအပ်ချက်ကို များစွာ အထောက်အကူ အကျိုးပြုနိုင်တဲ့အဆိုဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီအဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဦးသိန်းဇော်တင်သွင်းတဲ့ အဆိုဟာ လွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်အတည်ပြုမယ့် အဆိုဖြစ်ပါတယ်။ ဒါကြောင့် အဆိုကိုထောက်ခံ ဆွေးနွေးမယ့်သူများရှိလျှင် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် တင်သွင်းသွားတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသား များ၏ လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးဦးစီး ကော်မတီဖွဲ့စည်းရေးအဆိုကို အချက်သုံးချက်နဲ့ လိုရင်းတိုရှင်းထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ပထမအချက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၃ မှာ နိုင်ငံတော် သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဟူ၍လည်းကောင်း၊ အခန်း(၁) ပုဒ်မ ၂၂ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ ပုဒ်မခွဲ(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ ပုဒ်မခွဲ(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုး

ရေးအတွက် ကူညီဆောင်ရွက်မည်ဟူ၍ ဖော်ပြပါရှိပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ တိုင်းရင်းသားများ၏ အခွင့်အရေးများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင် မည့် ဦးစီးကော်မတီတစ်ရပ်မှာ မရှိမဖြစ် အမှန်အကန်လိုအပ်လျက်ရှိပါတယ်ရှင်။ ဒုတိယအချက်အနေ နဲ့ တင်ပြရမယ်ဆိုလျှင် လက်ရှိတိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ တိုင်းရင်းသားရေးရာဝန်ကြီးများ ထားရှိ ခန့်အပ်ထားသော်လည်း တိုင်းရင်းသားပေါင်းစုံကို ကိုယ်စားပြုခြင်းမဟုတ်ဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လျော်ကန်သင့်မြတ်သော လူဦးရေရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်စားပြုခြင်းသာဖြစ်ပါတယ်။ သို့ဖြစ်၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုံတို့ရဲ့ အရေးအရာများအတွက် စုပေါင်းချိုင့်ဆောင်ရွက်နိုင်ရန် ၎င်းတို့နဲ့ အနီးစပ်ဆုံး၊ ၎င်းတို့ကို နားလည်ပေးနိုင်မှုအရှိဆုံးဖြစ်တဲ့ အတူနေဒေသခံ တိုင်းရင်းသားလူမျိုးများ စုပေါင်းပြီး ဆောင်ရွက်မယ်ဆိုပါက အောင်မြင်မှုပန်းတိုင်ကို လျင်မြန်စွာလျှောက်လှမ်းနိုင်မှာ ဖြစ်ပါ တယ်ရှင်။ တတိယအချက်အနေနဲ့ အဆိုရှင်ဦးသိန်းဇော်က တိုင်းရင်းသားများရဲ့ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးနဲ့ ၎င်းတို့ရဲ့ဓလေ့စရိုက်၊ ယဉ်ကျေးမှုတို့ကို လက်တွေ့ကျကျ ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးရေးနဲ့ နယ်စပ်ဒေသများ၊ သွားလာရန်ခက်ခဲတဲ့ တောင်ပေါ်ဒေသများ၊ တည်ငြိမ် အေးချမ်းမှု မရှိတဲ့ဒေသများမှာရှိတဲ့ တိုင်းရင်းသားများရဲ့ နိမ့်ကျလျက်ရှိတဲ့ လူနေမှုဘဝမြင့်မားရေး တို့အတွက် ဦးစီးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဦးစီး ဆောင်ရွက်ရန် ဖော်ပြထားချက်ဟာ အင်မတန်မှ လျော်ကန်သင့်မြတ်ပါတယ်။ ဒါ့အပြင် လွှတ်တော် အသီးသီးက ကိုယ်စားလှယ်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမျိုးစုအကြီးအကဲများအပါအဝင် ပါဝင်သင့်သူများနဲ့ စုဖွဲ့ဆောင်ရွက် ရန် ဖော်ပြပါရှိချက်များဟာ အခြေခံကျပြီး လက်တွေ့လုပ်ဆောင်နိုင်မယ့်သူများ ဖြစ်တဲ့အတွက် တိုင်းရင်းသားရေးရာများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မယ့်ပုဂ္ဂိုလ်များ ဖြစ်တယ်လို့လည်း ကျွန်မအနေနဲ့ ယုံကြည်မိပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဦးသိန်းဇော်ရဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် များတွင် တိုင်းရင်းသားများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း မြှင့်တင်ရေးဦးစီးကော်မတီဖွဲ့စည်းရေးအဆိုကို ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်ဒွဲဘူက လှိုက်လှဲစွာထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးလိုတဲ့သူရှိက ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်တဲ့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ နေထိုင်ရာဒေသအလိုက် ဘာသာစကား၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်ယုံကြည်မှုများ ကွဲပြားလျက်ရှိပါတယ်။ ပထဝီမြေပြင်အနေအထားရဲ့အဟန့်အတားများကြောင့်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့တို့ရဲ့ သွေးခွဲအုပ်ချုပ်မှု သွေးထိုးမှုများကြောင့်လည်းကောင်း တိုင်းရင်းသားများ၊ လူမျိုးများကြားမှာ တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုအားနည်းလာခဲ့ကြတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ မြေပြန့်နေ ကရင်လူမျိုးများထက်တောင်ပေါ်နေ ကရင်လူမျိုးပိုများပါတယ်။ ၎င်းတို့ရဲ့ဒေသမှာ ဖွံ့ဖြိုးမှုရဲ့ အခြေခံဖြစ်တဲ့ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ ကင်းဝေးတဲ့အပြင် လျှပ်စစ်မီး၊ ဆက်သွယ်ရေးဆိုင်ရာဆိုတာ ဝေလာဝေးပဲ ဖြစ်ပါတယ်။ ၎င်းတို့မှာ မိရိုးဖလာ တောင်ယာလုပ်ခြင်းနဲ့ အသားကျပြီး ဒီထက်ပို၍ တိုးတက်မှုကို ပင်မလုပ်နိုင်ကြပါဘူး။ မြေပြန့်ဒေသနှင့် မြန်မာပြည်တစ်နံတစ်လျား ဘယ်လိုနေထိုင်ပြောဆို လုပ်ကိုင်နေကြသလဲ၊ အမိမြန်မာပြည် ယနေ့ဘယ်လိုဖွံ့ဖြိုးတိုးတက်နေသလဲ၊ ဘယ်လမ်းကြောင်း ဘယ်စနစ်နဲ့ သွားနေသလဲဆိုတာတွေကို မသိကြပါဘူး။ ကမ္ဘာနှင့်ချီပြောရလျှင်ပို၍ပင် အလှမ်းဝေးပါတယ်။ အနားမှာရှိတဲ့ တစ်ဖက်လူရဲ့စကားကသာ နားဝင်၍ အမှန်အမှားခွဲခြားဆင်ခြင်နိုင်စွမ်း လျော့နည်းခဲ့ကြပါတယ်။ ဒါကြောင့်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ နှစ်ပေါင်း ၆၀ ကျော် ကြာရှည်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအဆင့်အနေနဲ့ သူတို့ရဲ့လူမှုဘဝကို မြှင့်တင်ဖို့လိုအပ်ပါတယ်။ သူတို့ရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးပြီး ခေတ်မီဖွံ့ဖြိုးမှုနဲ့ပေါင်းကူးပေးဖို့ လိုအပ်ပါတယ်။ သို့မှသာ တိုင်းရင်းသားအချင်းချင်းကြားမှာ နားလည်ယုံကြည်မှု တိုးပွားလာမှာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နှင့်အေးချမ်းသာယာသော နိုင်ငံတော်မှဖွံ့ဖြိုးသော ခေတ်မီနိုင်ငံတော်သို့အသွင်ကူးပြောင်းမှုလွယ်ကူမှာဖြစ်ပါတယ်။ လူမှုဘဝဟုဆိုရာမှာ စကားအဖြစ် တိုတောင်းသော်လည်း ၎င်းဟာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ကဏ္ဍများစွာ ပါဝင်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များဆိုရာမှာလည်းပဲ အနုသုခုမ ဂီတစာပေဓလေ့ထုံးစံအစဉ်အလာ ဘာသာရေးပွဲများ၊ ရိုးရာအားကစားလှုပ်ရှားမှု အဆောက်အအုံနှင့် အသုံးအဆောင်စသည်များ ကျယ်ပြန့်စွာပါဝင်တဲ့အတွက် ၎င်းကဏ္ဍများကို ဖော်ပေးပြီး အထူးပြုဆောင်ရွက်ပေးဖို့ ဦးစီးကော်မတီတစ်ရပ်နဲ့အတူ ဘဏ္ဍာရေးဆိုင်ရာ

ခွင့်ပြုမှုတို့လိုအပ်ပါတယ်။ နောက်ဆုံးအနှစ်ချုပ်အနေနဲ့ အခြေခံဆက်ထုံးတစ်ခုကို မမေ့မလျော့ မီးမောင်းထိုးပြလိုပါတယ်။ ကျွန်တော်တို့ အားလုံးဟာတစ်ခုတည်းသောမြေမှာနေပြီး တစ်ခုတည်းသော လေထုကို အမှီပြုရှင်သန်နေကြသူတွေ မိမိတို့ရဲ့ သားသမီးများရဲ့ အနာဂတ်ကို မြတ်နိုးကြသူများ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဘဝတူတိုင်းရင်းသားများ ဖြစ်ကြပါတယ်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် အဆို တင်သွင်းသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တိုင်းရင်းသားများ၏ လူမှုဘဝမြင့်မား တိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးဦးစီးကော်မတီ ဖွဲ့စည်းရေးအဆို ကို နှစ်ထောင်းအားရစွာ ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။(သြဘာသံများ)

**ဦးဇောင်းခေါင်(ဆော့လော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇောင်းခေါင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားလူမျိုးနွယ်စုပေါင်း ၁၃၅ မျိုးကျော်သည် အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် ရင်းနှီးချစ်ခင်စွာ စုပေါင်းနေထိုင်လာခဲ့ကြပါတယ်။ တိုင်းရင်းသားများ နေထိုင်ရာဒေသများဖြစ်သော တောင်ပေါ်နှင့်မြေပြန့်၊ မြို့ပြနှင့်ကျေးလက် ကွာခြားသော်လည်း တစ်စိတ်တစ်ဝမ်းတည်း ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ ကြတာကို သမိုင်းကသက်သေပြဆိုလျက် ရှိနေပါတယ်။ နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသား များ၏ ဘဝလုံခြုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချပပျောက်ရေး၊ တန်းတူရည်တူ အခွင့်အရေးများရရှိရေး၊ လူနေမှုအဆင့်အတန်းမြင့်မားလာရေးတို့ကို အထူးဦးစားပေး မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါတယ်။ နိုင်ငံအတွင်း နယ်စပ်ဒေသများနှင့် သွားလာရန်ခက်ခဲသော ကျေးလက်ဒေသများ၊ ဝေးလံ ခေါင်သီသောဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် လူမှုဘဝဖွံ့ဖြိုးမှု နောက်ကျ ကျန်ရစ်ခဲ့ကြရပါတယ်။ အဆိုပါဒေသများတွင် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော နေရာဒေသများ နည်းတူ အရှိန်အဟုန်မြင့်၍ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ နှင့် ကူးသန်းရောင်းဝယ်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်း

အမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အလေးထားအားပေးကူညီ ဆောင်ရွက်ပေးသွားရန် လိုအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးတိုင်းမှာ မျိုးရိုးအစဉ်အဆက် စောင့်ထိန်းခဲ့ကြသော ယဉ်ကျေးမှုထုံးတမ်းဓလေ့စရိုက်များနှင့် ဆင်းသက်လာသော ဘူမိနက်သန်နေရာများ ရှိကြပါတယ်။ အဆိုပါနေရာများကိုလည်း အမျိုးသားရေးစရိုက်လက္ခဏာနေရာများဖြစ်သည့်အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသွားရန် လိုအပ်ပါတယ်။ နောင်လာနောက်သားများ မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ စာပေ၊ ဂီတ၊ သဘင်၊ ရိုးရာတူရိယာပစ္စည်းများ၊ ယဉ်ကျေးမှုရိုးရာပွဲလမ်းသဘင်များတွင် ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ တိုင်းရင်းသားများရဲ့ ရိုးရာယဉ်ကျေးမှုထွန်းကားခဲ့သော အထင်ကရနေရာများ၊ အထိမ်းအမှတ်ကျောက်စာ၊ ကျောက်တိုင်များ၊ ယဉ်ကျေးမှုပစ္စည်းများ၊ ပြတိုက်များ၊ ဘုရားကျောင်းကန်စေတီပုထိုးများ၊ ယဉ်ကျေးမှုဗိမာန်များကိုလည်း ရှင်သန်ဖွံ့ဖြိုးထည်ဝါလာအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်သွားရန် လိုအပ်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းရင်းသားလူမျိုးများနှင့်သက်ဆိုင်တဲ့ ဦးစီးကော်မတီတစ်ရပ်ဖွဲ့စည်းပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ အဲဒီကော်မတီကို ဖွဲ့စည်းပေးပြီး ရည်မှန်းချက် လုပ်ငန်းတာဝန်များကိုစနစ်တကျသတ်မှတ်ပေးကာ လက်တွေ့အကောင်အထည်ဖော်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့်ကျွန်တော့်အနေနဲ့ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၏တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တိုင်းရင်းသားများ၏ လူမှုဘဝမြင့်မား တိုးတက်ရေးနဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေး ဦးစီးကော်မတီဖွဲ့စည်းရေး အဆိုကို ထောက်ခံဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များအားလုံး စိတ်နှလုံးကြည်သာ၍ကိုယ်စီကိုယ်ငှချမ်းမြေ့သော ဘဝများဖြင့် ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ပဏာမဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ဒီနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် အဆိုတင်သွင်းသွားသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်

တိုင်းရင်းသားများ၏ လူမှုဘဝမြင့်မားတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးဦးစီးကော်မတီဖွဲ့စည်းရေးအဆိုကို အကျဉ်းချုပ်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့် အေးအတူပူအမျှ နှစ်ပေါင်းကြာရှည်စွာ အတူတကွမှီတင်း နေထိုင်ခဲ့ကြပါတယ်။ သမိုင်းအစဉ်အဆက် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးကိုလိုလား၍ ကျရောက်လာတဲ့ ရန်စွယ်အသွယ်သွယ်ကိုလည်း ဝိုင်းဝန်းတွန်းလှန်ခဲ့ကြတဲ့ သမိုင်းဖြစ်စဉ်များကို လေ့လာကြခြင်းဖြင့် သိရှိနိုင်ပါတယ်။ တိုင်းရင်းသားအသီးသီးတို့ရဲ့ ချစ်ခင်လေးစားဖွယ်ကောင်းသော ဓလေ့စရိုက်များ၊ ရိုးသားဖော်ရွေသော ယဉ်ကျေးမှုများကို လေးစားရမှာဖြစ်သလို စီးပွားရေး၊ လူမှုရေးနှင့်ဘာသာရေး၊ လမ်းပန်းဆက်သွယ်ရေးများကို မြှင့်တင်ပေးခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာလာစေမှာဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ဓလေ့စရိုက်များ ယဉ်ကျေးမှုများမှာလည်း တစ်နေရာနှင့်တစ်နေရာ မတူညီကြသည့်အတွက် အသိအမြင် ဗဟုသုတများမှာလည်း ကွဲပြားခြားနားမှုများရှိလာနိုင်ပါတယ်။ သို့ပါ၍ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုများ ကို မြှင့်တင်ပေးပြီး လူမှုဘဝတိုးတက်မြင့်မားလာစေရန်လည်း တာဝန်တစ်ရပ်အနေနဲ့ ရှိလာပြီ ဖြစ်ပါ တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးယခင်အစိုးရအဆက်ဆက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဖွဲ့စည်းပြီး လုပ်ငန်းများအောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြပါတယ်။ အောင်မြင်သင့်သလောက်လည်း အောင်မြင်ပါတယ်။ သို့ပေမယ့် တချို့နယ်မြေတွေမှာ နယ်မြေအေးချမ်းတည်ငြိမ်မှု အားနည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးအားနည်းခြင်း၊ ရှေးရိုးရာယဉ်ကျေးမှုများဖြင့် ခေတ်ဟောင်းစနစ်ဟောင်းကို မစွန့်လွှတ်နိုင်ခြင်း၊ ပညာရေးအားပေးမှုနည်းပါးခြင်း၊ ကျန်းမာရေးအသိအမြင်နည်းပါးခြင်းစသည်တို့ကြောင့် ဝေးလံသော နယ်စပ်ဒေသများမှာ တိုးတက်သင့်သလောက် မတိုးတက်နိုင်ဘဲ နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။ ယခုကာလမှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ပြီး တိုင်းရင်းသားများရဲ့ လူနေမှုဘဝမြှင့်တင်စေရန်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကောင်းများ ထိန်းသိမ်းမြှင့်တင်သွားရန်၊ နိုင်ငံတော်ကြီးကို အဘက်ဘက်မှ တိုးတက်လာစေရန်အတွက်နိုင်ငံတော်အစိုးရက လက်တွေ့ကျကျ အကောင်အထည်ဖော်နေပါပြီ။ တည်ငြိမ်အေးချမ်းမှုမရှိတဲ့ နယ်စပ်ဒေသများမှာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များရဲ့ ကြိုးပမ်းပေးမှုများကြောင့် ယခုကာလမှာ အေးချမ်းတည်ငြိမ်သော ဒေသများအဖြစ် စတင်မြင်တွေ့လာပါပြီ။ တိုင်းရင်းသားအချင်းချင်းရဲ့သံသယကို ပြေပျောက်အောင်

စွမ်းဆောင်ပေးကြတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ကို သမိုင်းတွင် မှတ်တမ်းတင်ဂုဏ်ပြုကြရမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ အဆိုပါ သွားလာမှုခက်ခဲသည့် ဒေသအားလုံးကို လူမှုဘဝ တိုးတက်စေရေးနဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် အထူးပင် လိုအပ် လာလျက် ရှိပါတယ်။ သို့ဖြစ်၍ အဆိုရှင် ဦးသိန်းဇော် တင်ပြသွားသည့်အတိုင်း အဆိုပါဒေသများကို ရေတို၊ ရေရှည်စီမံကိန်းများချမှတ်၍ တိုးတက်ရေးနှင့် မြှင့်တင်ရေးကော်မတီကို ဖွဲ့စည်းရန် မရှိမဖြစ် လိုအပ်နေပါတယ်။ သို့မှသာ တိုင်းရင်းသားတို့ရဲ့ ပကတိအဖြစ်မှန်ကိုသိမြင်၍ တန်းတူညီမျှ အခွင့်အရေး များရရှိသွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ယခုဆောင်ရွက်နေသည့် လွှတ်တော်အဖွဲ့အစည်းအသီးသီးနှင့် ဒီမိုကရေစီ နိုင်ငံတော်အစိုးရ၏ သစ်လွင်သောစနစ်သစ်သည် ၂၀ ရာစုနှောင်းပိုင်းစနစ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီးတိုးတက်သော လူ့အဖွဲ့အစည်းအသစ်နှင့်အတူ ယဉ်ကျေးမှုများ၊ လူနေမှုအဆင့်အတန်းများ ဖွံ့ဖြိုး၍ ဦးစီးကော်မတီများ၏ ကြိုးပမ်းအကောင်အထည်ဖော်မှုများဖြင့် တိုင်းရင်းသားများ၏ဘဝကို ထိန်းသိမ်းမြှင့်တင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းတင်ပြရင်း ဦးသိန်းဇော်၏ အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်တင်သွင်းတဲ့အဆိုအပေါ် ဦးသိန်းဇော်အပါအဝင် လွှတ်တော် ကိုယ်စားလှယ် ခြောက်ဦးက ထောက်ခံဆွေးနွေးသွားခဲ့ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အတည်ပြုချက်တစ်ပါတည်း ရယူသွားမှာဖြစ်ပါတယ်။ ဦးသိန်းဇော်ရဲ့အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းဇော်ရဲ့အဆိုကို သဘောမတူသူမရှိတဲ့အတွက် မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော် တင်သွင်းတဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်၏ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်၏ရတနာဖြစ်သောနွားနောက်မျိုးကောင်းမျိုးသန့် မေထုန်မဲ့စနစ် AI (Artificial Insemination) နည်းဖြင့် နွားနောက်တစ်အုပ်တစ်မ အထူးမွေးမြူရေးအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်၏ ရတနာဖြစ်သော နွားနောက်မျိုးကောင်းမျိုးသန့် မေထုန်မဲ့စနစ်နည်းဖြင့် နွားနောက်တစ်အုပ်တစ်မ အထူးမွေးမြူရေးအဆိုတင်သွင်းဖို့ ဦးတင်လှိုင်အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့မှာ ၉-၉-၂၀၁၁ ရက်နေ့က ကန်ပက်လက်မဲဆန္ဒနယ်က သူရဦးအောင်ကိုတင်သွင်းခဲ့တဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အဆိုနဲ့ ၆-၁၀-၂၀၁၁ နေ့ (၃၃) ရက်မြောက်နေ့အစီအစဉ်မှာ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်းရဲ့ မွေးမြူရေး ပညာပေးရေး၊ ကာကွယ်ကုသရေး၊ သုတေသနပြုရေးတို့ဖြင့် ကျေးလက်သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာအကောင်အထည်ဖော်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ကမ္ဘာ့အဆင့်မီ သိသိသာသာ အဆင့်မြှင့်တင်သွားရန် အစီအစဉ် ရှိ၊ မရှိဆိုတဲ့ မေးခွန်းများဟာ ကျွန်တော် ယခုတင်သွင်းမည့်အဆိုနှင့် ဆက်စပ်လျက်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော် တင်သွင်းမည့်အဆိုကတော့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်၏ ရတနာဖြစ်တဲ့ နွားနောက်မျိုးကောင်းမျိုးသန့်များကို မေထုန်မဲ့စနစ် AI (Artificial Insemination) နည်းဖြင့် ချင်းပြည်နယ်ကို နွားနောက်အထူးပြုမွေးမြူရေးဒေသအဖြစ် ရေတို၊ ရေရှည် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေးအဆိုပဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ချင်းပြည်နယ်ရဲ့ မြောက်ဘက်တံခါးပေါက်ဖြစ်တဲ့ ကလေးမြို့က ဖြစ်ပြီးတော့မှ ချင်းပြည်နယ်နဲ့ လက်ပွန်းတတီး ဆက်ဆံခဲ့တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးအဖြစ် နှစ်ပေါင်း

များစွာ ထိတွေ့လှုပ်ရှား ကြိုးပမ်းအကောင်အထည်ဖော်ခဲ့တဲ့ ပုဂ္ဂိုလ်လည်းဖြစ်တဲ့အတွက် အထက် ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆိုနှင့် မေးခွန်းများအပေါ်မှာ ကျွန်တော်ရဲ့ဌာနဆိုင်ရာ အတွေ့အကြုံနှင့် ဆက်စပ်ပြီးတော့မှ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ စတုရန်းမိုင်ပေါင်း ၁၃၉၀၀ ကျော်ရှိပြီး တော့မှ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ ၃၀၀၀ မှ ၁၀၀၀၀ ခန့်မှာတည်ရှိပါတယ်။ မြို့နယ်ပေါင်း ၉ မြို့နယ်၊ ခရိုင်ပေါင်း ၂ ခုရှိပြီး လူဦးရေ ငါးသိန်းနီးပါး မှီတင်းနေထိုင်တဲ့ ပြည်နယ် တစ်ခုလည်းဖြစ်ပါတယ်။ ရာသီဥတုပြင်းထန်ပြီး အထူးသဖြင့် ဆောင်းရာသီမှာဆိုလို့ရှိရင် အပူချိန်ဟာ ရေခဲမှတ်အောက်ထိ ကျဆင်းပြီးတော့မှ တောင်ကုန်းတောင်ကမ်းပါးများထူထပ်တဲ့ ဒေသလည်းဖြစ်ပါ တယ်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများ၊ လူမှုဆက်သွယ်ရေးလုပ်ငန်းများမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်လည်း နိုင်ငံတော်က စီမံကိန်း များချမှတ်ပြီးတော့ အကောင်အထည်ဖော်ပေးနေရတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။ ချင်းပြည်နယ် ရဲ့ မွေးမြူရေးအခြေအနေကို ကြည့်တဲ့အခါမှာ ကျွဲ ၄၄၀၀၀ ကျော်၊ နွား ၈၉၀၀၀ ကျော်၊ နွားနောက် ၆၇၈၀၀ ကျော်၊ မြင်း ၁၉၀၀၀ ကျော်၊ ဆိတ် ၈၂၅၀၀ ကျော်၊ ဝက် ၃၀၅၉၀၀ ကျော်၊ ကြက် ၃၅၀၀၀၀၀ ကျော်၊ ဘဲ ၃၀၀၀၀ ကျော်ရှိတာကို တွေ့ရပါတယ်။ ဒီကိန်းဂဏန်းတွေကိုကြည့်မယ်ဆိုရင် ပြည်နယ် တစ်ခုအတွက် အလွန်နည်းပါးတယ်ဆိုတာကို သုံးသပ်တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ အသား အတွက် အဓိကထား မွေးမြူရတဲ့ နွားနောက်အကောင်ရေကတော့ တစ်နိုင်ငံလုံးအတိုင်းအတာအရ ချင်းပြည်နယ်မှာသာ ထူးခြားများပြားစွာ မွေးမြူဖြစ်ထွန်းနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ချင်း တိုင်းရင်းသားတို့ရဲ့ ဘာသာစကားအရ ဆီးရမ် (Sial) ခေါ် နွားနောက်မျိုးစိတ်ဟာ Gavarus ခေါ်တဲ့ နွားမျိုးစိတ်မှာပါဝင်တဲ့ နွားတစ်မျိုးပဲဖြစ်ပါတယ်။ နွားနောက်ကောင်ရေ ပိုင်ဆိုင်မှုပမာဏဟာ ချင်းအမျိုးသားတို့၏ ချမ်းသာကြွယ်ဝမှုကို ဖော်ပြခြင်းလည်းဖြစ်ပါတယ်။ ရိုးရာဓလေ့ထုံးစံအရ မင်္ဂလာဆောင်တဲ့ ဘာသာရေးပွဲလမ်းသဘင်၊ နာရေးအခမ်းအနားတွေမှာ နွားနောက်သားနှင့် ဧည့်ခံကျွေးမွေးသလို အမှုကိစ္စများဖြစ်ပွားတဲ့အခါမှာလည်း လျော်ကြေးပေးတဲ့နေရာမှာ နွားနောက်နဲ့ လျော်ကြေးပေးတတ်ကြောင်းကိုလည်း သိရှိရပါတယ်။ နွားနောက်ဟာ နွားထက် ကြီးထွားနှုန်း ပိုမြန်ပို ကောင်းပြီးတော့မှ နှစ်နှစ်ခန့်မှာ အရွယ်ရောက်ပါတယ်။ မြေပြန့်လွင်ပြင်များမှာထက် တောရိပ် တောင်ရိပ်ကိုမှီပြီး တောင်စောင်းတောင်ကမ်းပါးတို့မှာ သစ်ရွက်၊ နွယ်ပင်၊ ဝါးပင်၊ မြက်နုတို့ကို စားသောက်လေ့ရှိပါတယ်။ ပေ ၃၀၀၀ နဲ့ ပေ ၁၀၀၀၀ ကြား ရေခိုးရေငွေ့များပြား ကြမ်းတမ်းတဲ့

ရာသီဥတုဒဏ်ကို ခံနိုင်ပြီးတော့မှ အုပ်စုဖွဲ့ကျက်စားလေ့ရှိတဲ့ တိရစ္ဆာန်မျိုးလည်း ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့မြေအနေအထား ရာသီဥတု၊ ဒေသပေါက်ရောက်တဲ့ သဘာဝအပင်တို့က နွားနောက်မွေးမြူရေးအတွက် အလွန်လိုက်ဖက်ညီတဲ့၊ အကြိုက်တွေ့တဲ့ အခြေအနေတစ်ရပ်လည်း ဖြစ်ပါတယ်။ နွားနောက်ဟာ မြန်မာနွားထက် အထီးရောအမပါ အကောင်အထည်ပိုကြီးပါတယ်။ ပျမ်းမျှကိုယ်အလေးချိန် ၂၂ဝ ပိဿာကျော်ကနေ ၃၆ဝ ပိဿာအထိရှိပြီးတော့မှ အသားထွက်အချိန်ကတော့အနည်းဆုံးပိဿာ ၈ဝ ကနေ ၁ဝဝ ဝန်းကျင်မှာထွက်ရှိပါတယ်။ နွားနောက်ရဲ့အသားဟာ နွားရဲ့အသားထက် ပိုမိုနူးညံ့ပြီးတော့မှ အရသာထူးခြားကောင်းမွန်တဲ့အတွက် ချင်းပြည်နယ်သာမက မြန်မာအကြိုက် နိုင်ငံတကာပါကြိုက်တဲ့ အသားဟင်းလျာတစ်မျိုးဖြစ်မှာ မလွဲဧကန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီချင်းပြည်နယ်ရဲ့ ရေမြေတောတောင် ရာသီဥတုအခြေအနေပေးမှု ဒီအခြေအနေနှင့်ကိုက်ညီပြီး ဖြစ်ထွန်းအောင်မြင်မှုရှိနေတဲ့ နွားနောက်ရဲ့ကောင်းခြင်းအဖြာဖြာကို ချင်းပြည်နယ်မှာရှိတဲ့သွေးချင်းညီအစ်ကို မောင်နှမတိုင်းရင်းသားတို့ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ချင်းပြည်နယ် ထူးခြားသိသာစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိက အမိအရဆုပ်ကိုင် အကောင်အထည်ဖော်ရမယ့်သော့ချက်တစ်ရပ်ပဲလို့ တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထက်က တင်ပြတဲ့အချက်အလက်တွေကိုခြုံငုံသုံးသပ်ပြီး အောက်ဖော်ပြပါလုပ်ငန်းများကို ချင်းပြည်နယ်မှာ ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲပြီးတော့မှ မဖြစ်မနေအကောင်အထည်ဖော်သင့်ပါကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်အဝနဲ့ ပြည်သူ့လွှတ်တော်ကို အဆိုပြုတင်ပြအပ်ပါတယ်-

(၁) ချင်းပြည်နယ်မြို့နယ်များမှာ တောင်သူအိမ်ထောင်စုများ မျိုးကောင်းမျိုးသန့် နွားနောက်အထီး၊ အမတစ်ကောင်စီမွေးမြူရေးအတွက် စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အရင်းအနှီးအခက်အခဲရှိပါက မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က ချေးငွေရရှိရေးကိုညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။

(၂) မွေးမြူရေးလုပ်ငန်းကို လေ့ကျင့်ပညာပေးတဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ရုံးစိုက်ရာမြို့နယ်တိုင်းမှာ စံပြနွားနောက်မွေးမြူရေးခြံများ ထူထောင်ပညာပေးခြင်း၊ ဖြစ်နိုင်ပါက ကြက်၊ ဝက်၊ ဆိတ်မွေးမြူရေးစံပြခြံများကိုပါ တွဲဖက်ထူထောင်ရေးလုပ်ငန်းများပညာပေးခြင်း၊

(၃) ချင်းပြည်နယ်အတွင်း စားကျက်မြေဖော်ထုတ်ပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်တဲ့ အချက်အချာကျတဲ့ဒေသများမှာ နွားနောက်မွေးမြူရေးခြံကြီးများ ထူထောင်ပေးခြင်း၊

(၄) ချင်းပြည်နယ်ရိုးရာ ဆားကျွေးလွှတ်ကျောင်းစနစ်နဲ့ ခေတ်မီမွေးမြူရေးနည်းစနစ်တို့ရဲ့ အားသာချက်တွေကို သုတေသနပြုဖော်ထုတ်ပြီး ပေါင်းစပ်အကောင်အထည်ဖော်ခြင်း၊

(၅) နိုင်ငံတော်အစိုးရမှ မွေးမြူရေးဆိုင်ရာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်၍ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအား ချင်းပြည်နယ်တွင် နွားနောက်နှင့် အခြားမွေးမြူရေးခြံကြီးများ ထူထောင်ရင်းနှီးမြှုပ်နှံရေးအတွက် ညှိနှိုင်းဖိတ်ခေါ်ကမ်း လှမ်းခြင်း၊

(၆) ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဂျပန်နိုင်ငံ (JICA) အေဂျင်စီ၊ ကိုရီးယားနိုင်ငံ (KOICA)၊ ဥရောပနှင့်ဩစတြေးလျကဲ့သို့ မွေးမြူရေးထွန်းကားတဲ့အဖွဲ့ များနဲ့ နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ အခြားထောက်ပံ့မှု အကူအညီများရယူ၍ ခေတ်မီတိုးတက်တဲ့ နည်းစနစ်များနဲ့ ချင်းပြည်နယ်ရဲ့ နွားနောက်မွေးမြူရေးနဲ့ အခြား မွေးမြူရေးကဏ္ဍများမှာ ထူးခြားသိသာစွာ တိုးတက်လာရေးအတွက် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(၇) သမရိုးကျ သားစပ်မွေးမြူရေးမှသည် Breeding Techniques တစ်ခုဖြစ်တဲ့မေထုန်မဲ့ ခေတ်မီသားစပ်နည်းစနစ်ဖြင့် မျိုးကောင်းမျိုးသန့် အသားတိုးနွားနောက်မျိုးများကို တစ်ပြိုင်နက်တည်းမှာပဲ အရေအတွက်များပြားစွာမွေးမြူနိုင်ခြင်း၊ Friesian ကဲ့သို့သော နို့ထွက်နှုန်းကောင်းမွန်တဲ့ နွားမျိုးရည်ခဲချောင်းများကို တင်သွင်းပြီးတော့မှ နွားနောက်နဲ့ AI သားစပ်ပြီးတော့မှ ချင်းပြည်နယ်ရဲ့ရာသီဥတု ရေမြေတောတောင်နဲ့ ကိုက်ညီတဲ့ နွားနောက်ဖရီရှန်ကပြား နို့စားအသားစားနွားများကိုလည်း တိုးချဲ့မွေးမြူခြင်းဖြင့် ချင်းပြည်နယ်အတွက် အမျိုးမြှင့်တင်ပေးရန်ဖြစ်ခြင်း၊

(၈) ချင်းပြည်နယ်ရဲ့အချက်အချာကျတဲ့နေရာများမှာ တိရစ္ဆာန်ဖြည့်စွက်စာ၊ ဆေးဝါး၊ မွေးမြူရေးကိရိယာ အသုံးအဆောင်၊ တိရစ္ဆာန်မွေးမြူရေး/လေ့ကျင့်ပညာပေးရေးဌာန များ၊ ရောဂါရှာဖွေရေး ကာကွယ်ရေးဆိုင်ရာ သုတေသနဓာတ်ခွဲခန်းများ ထူထောင်ရေး၊ မေထုန်မဲ့ သားစပ်စခန်းများထူထောင်ရေး၊ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးရေးတို့ကို အလေးထား အကောင်အထည်ဖော်ပေးခြင်း၊

(၉) အတတ်ပညာရှင်ဝန်ထမ်းများ အင်အားပြည့်တာဝန်ပေးခန့်အပ်ခြင်း၊ ဒေသခံလေ့ကျင့်ပညာပေးထားတဲ့ မွေးမြူရေးဆိုင်ရာလုပ်သားများကို အလုပ်အကိုင်ရရှိရေးနှင့် လုပ်ငန်းအောင်မြင်ရေးအတွက် စနစ်တကျနေရာချထားပေးခြင်း၊

(၁၀) နွားနောက်ရဲ့ကောင်းခြင်းအဖြာဖြာနဲ့ပြည့်စုံတဲ့အသားကို ပြည်တွင်း၊ ပြည်ပဈေးကွက်ရှာဖွေပြီးတော့မှ တင်ပို့ခြင်းအားဖြင့် တစ်ဦးချင်းဝင်ငွေမှသည် ချင်းပြည်နယ်နဲ့နိုင်ငံတော်အတွက် ပို့ကုန်ဝင်ငွေတိုးတက်စေခြင်း၊ အခြေအနေတိုးတက်ကောင်းမွန်လာပါက ပြည်တွင်း၊ ပြည်ပအရင်းအနှီးဖိတ်ခေါ်၍ ခေတ်မီနည်းစနစ်များဖြင့် (Value Added) တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ကျယ်ပြန့်များပြားစွာ ထုတ်လုပ်တင်ပို့ခြင်း၊

(၁၁) အထက်ပါလုပ်ငန်းစဥ်များနှင့် တစ်ပြိုင်နက်တည်းမှာပင် ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့အောင်ဆောင်ရွက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အခြားလူမှုအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထက်က တင်ပြခဲ့တဲ့အချက်အလက်တွေကို လက်တွေ့ကျကျ အမြန်ဆုံးအကောင်အထည်ဖော်ပေးခြင်းအားဖြင့် ချင်းပြည်နယ်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ သွေးချင်းညီအစ်ကိုမောင်နှမများ၊ တစ်ဦးချင်းရဲ့ဝင်ငွေနဲ့ စီးပွားရေး၊ လူနေမှုအဆင့်အတန်းသိသာစွာ တိုးတက်လာပြီးတော့မှ ဆင်းရဲနွမ်းပါးမှုကို မွေးမြူရေးကဏ္ဍက ထိရောက်စွာ ကာကွယ်ပပျောက်စေမယ်လို့ ယုံကြည်မိပါတယ်။ ခေတ်မီနွားနောက်မွေးမြူရေး ဒေသကြီးဟာ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကို နှစ်အနည်းငယ်အတွင်းမှာ မြန်ဆန်စွာ မြှင့်တင်စေနိုင်ခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်တဲ့ အခြားပြည်နယ်/ တိုင်းဒေသကြီးများနည်းတူ အဘက်ဘက်မှ တစ်ပြေးညီ တိုးတက်လာနိုင်မယ့် ကြီးမားသော အခွင့်အလမ်းများ ရရှိနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်တစ်ဝန်း သွေးချင်းများရဲ့ ဆင်းရဲခြင်းကလွတ်ကင်းအောင် ခေတ်မီနွားနောက်မွေးမြူရေး အထူးဒေသအဖြစ် မြှင့်တင်ဆောင်ရွက်ပေးခြင်းအဆိုကို လိုအပ်သလိုစိစစ်မွမ်းမံပြီး ထိရောက်စွာ အကောင်အထည်ဖော်ပေးသင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ညွှန့်သည်တော်များရှင့်။ ကျွန်မကတော့ ထန်တလန်

မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အခုလို ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်မှ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်ရဲ့ ရတနာဖြစ်သော နွားနောက် မျိုးကောင်းမျိုးသန့် မေထုန်မဲ့စနစ်နည်းဖြင့် နွားနောက်တစ်အုပ်တစ်မ အထူးမွေးမြူရေးအဆိုကို ကျွန်မထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်၊ မသင့် ပြည်သူ့လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးတင်လှိုင်တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်တင်သွင်းတဲ့ အဆိုကို ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ စားသုံးရန် အစည်းအဝေးကိုတစ်နာရီခန့်ရပ်နားပါမယ်။

အချိန်၊ ၁၂ း ၂၀ ။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို မွန်းလွဲ ၁၃း၃၀ နာရီမှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။ ]

အချိန်၊ ၁၃ း ၃၀ ။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်တင်သွင်းတဲ့အဆိုကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်(တနင်္လာနေ့) ပြည်သူ့လွှတ်တော် တတိယနေ့အစည်းအဝေးမှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကအတည်ပြုချက်ဖြင့်ပေးပို့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၅၀) ရက်မြောက်နေ့နှင့် (၅၁) ရက်မြောက်နေ့များမှာ လွှတ်တော်ကိုယ်စားလှယ်များက အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းများကိုဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ယခုဖြန့်ဝေထားတဲ့ ပြင်ဆင်ချက်ဇယားမှ အမှတ်စဉ် ၁၆ အခန်း(၄) အပိုဒ် ၁၀ ထိ ဆွေးနွေး အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အသေးစိတ်စိစစ်လေ့လာသုံးသပ်ပြီး လာမယ့် အစည်းအဝေးမှာ ဆွေးနွေးအတည်ပြုဖို့လည်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ ယခုကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရာမှာ ပြင်ဆင်ချက်တင်သွင်းထားသော ကိုယ်စားလှယ်များအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ဥပဒေကြမ်းကော်မတီတို့ကိုပါ ပါဝင်ဆွေးနွေးစေပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူ

ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု အပိုဒ် ၁၂ နှင့်စပ်လျဉ်းပြီး မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ပြီးခဲ့တဲ့ လွှတ်တော်အပတ်တုန်းကမပြီးပြတ်ခဲ့တဲ့ ကျွန်တော်တို့ပြင်ဆင်မှုတင်သွင်းခဲ့ပါတယ်။ အဲဒါကိုလွှတ်တော် ဥက္ကဋ္ဌကြီးအနေနဲ့ နောက်အပတ်မှာ ဆက်လက်ဆွေးနွေးဖို့ဆိုပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို တာဝန်ပေးခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပြီးခဲ့တဲ့ အပတ်မှာတင်သွင်းခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဥပဒေကြမ်းမှာ ကျွန်တော့်အနေနဲ့ တင်သွင်း ခဲ့တာ အခန်း(၄) ပုဒ်မ ၁၂၊ အခန်း (၆) ပုဒ်မ ၁၆(ခ)(ဂ)၊ အခန်း (၇) ပုဒ်မ ၂၂(ဂ)၊ အခန်း(၈) ပုဒ်မ ၂၄ တို့၏ ပြင်ဆင်ချက်ကို ကျွန်တော် ရုပ်သိမ်းပါတယ်။ နောက်တစ်ခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ပြင်ဆင်ချက်နဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို လေးစားလိုက်နာပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျွန်တော်တို့ကတော့ တစ်ပိုဒ်ချင်းပဲသွားလိုက်တာပေါ့။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၇ အမှတ်စဉ် ၁၇ အခန်း(၄) အပိုဒ် ၁၂ ဒီနေရာမှာ မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ရုပ်သိမ်းတယ်လို့ပြောပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ဥပဒေကြမ်းကော်မတီတို့ရဲ့ သဘောထားရှိလို့ရှိရင် ပြောကြားပေးပါ။

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ) ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီကတော့ မူလအဆို ပြုပြဋ္ဌာန်းချက်စာပိုဒ်များကိုပဲ အတည်ပြုထားပါတယ်။ ဒီဟာကိုလည်းပဲ ကျွန်တော်တို့လေ့လာတဲ့အခါ ပြီးခဲ့တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေး နိုဝင်ဘာလ ၂၃ ရက်နေ့မှာ လုပ်ခဲ့တုန်းကလည်းပဲ ကျွန်တော်တို့ အခန်း(၂) အပိုဒ် ၃ မှာ အတည်ပြုခဲ့တာရှိပါတယ်။ အဲဒီမှာ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေရိုင်းများကိုအသုံးပြုပြီးတော့ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုလုပ်ခြင်း၊ အစိုးရကခွင့်ပြုထားတဲ့ ဥပဒေများနှင့်ညီညွတ်တဲ့ အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့်

မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သည့်ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သည့်ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် အဖွဲ့ဖွဲ့၍လည်းကောင်း၊ ဒီပါဝင်တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ကျွန်တော်တို့ ဖွဲ့စည်းပြီးအတည်ပြုခဲ့ပါတယ်။ နောက်တစ်ခါ အပိုဒ်(ခ)မှာလည်းပဲ ဒီကော်မတီကို လိုအပ်လို့ရှိရင် ပြန်လည်ပြီးတော့ ပြင်ဆင်ဖွဲ့စည်းနိုင်တယ်ဆိုတဲ့ အချက်လည်းပဲ အတည်ပြုခဲ့တာရှိပါတယ်။ နောက်ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွေမှာလည်းပဲ အတည်ပြုပြီးခဲ့တဲ့ အခန်း(၃) အပိုဒ် ၅ မှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်တဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားတဲ့ ရင်းနှီးမြှုပ်နှံသူများကို လုပ်ကိုင်ခွင့်ရှိတယ် ဆိုပြီးတော့လည်းပဲ ပြီးခဲ့တဲ့အထဲမှာ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ အခုကျွန်တော်တို့ အခန်း(၄) အပိုဒ် ၁၂ ရဲ့စာသားတွေကို ပြန်ကြည့်မယ်ဆိုရင် အခွင့်အရေးကိုဆုံးဖြတ်နိုင်တဲ့သူဟာ ဗဟိုကော်မတီပဲ ဖြစ်ပါတယ်။ နောက် မြေလွတ်၊ မြေရိုင်းနေရာကို ပြန်ပြီးတော့ ဘယ်နေရာကို ပေးမလဲလို့ စဥ်းစားတာကိုလည်းပဲ ပြန်လေ့လာတဲ့အခါမှာ သူကလုပ်ကိုင်ရန်လိုအပ်သည်ဟုဆိုတဲ့ စကားလုံးရယ်၊ အခါအားလျော်စွာ သတ်မှတ်ထားသောဒေသဆိုတာတွေပါ ပါတယ်။ ပါတဲ့အတွက် ဒီဥပဒေဟာ ဆိုလို့ရှိရင် စနစ်တကျနဲ့ ဆောင်ရွက်ထားတာ၊ စဥ်းစားသုံးသပ်ထားတာဖြစ်တာကို သွားတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မူလအဆိုပြုချက်ဖြစ်တဲ့ အခန်း(၄) အပိုဒ်၁၂ ဗဟိုကော်မတီသည် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသောရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများပါဝင်သည့်အဖွဲ့အစည်းက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့်ကိစ္စအတွက် ဝန်ကြီးဌာနက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန်လိုအပ်သည်ဟု အခါအားလျော်စွာ သတ်မှတ်ထားသော ဒေသများတွင်သာ ခွင့်ပြုရမည်ဆိုတဲ့စာပိုဒ်ဟာ အားလုံးဆီလျော် လုံလောက်တဲ့အတွက် ကျွန်တော်တို့ ကော်မတီကနေပြီးတော့ မူလအဆိုပြုချက်အတိုင်းဆိုပြီး တင်ပြရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြုပြင်ဆင်ချက်ဟာ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၅ အရလည်းကောင်း၊ ပုဒ်မ ၃၆(က) အရလည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

ဥပဒေများနှင့် လိုက်လျောညီထွေမှုရှိပါသဖြင့် အဆိုပြုပြင်ဆင်ချက်သည်သာလျှင် အတည်ပြုသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း မူလအဆိုပြု ပြင်ဆင်ထားတဲ့အတိုင်း ထားရှိသင့်ပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် မူလအဆိုပြုပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၈ အခန်း (၅) အပိုဒ် ၁၃ ဦးခင်မောင်ဆွေ၊ ကျောက်တံခါးမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုတဲ့ဥပဒေကြမ်းကတော့ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်း၊ အခန်း(၅) အာမခံကြေးနှင့် မြေခွန် ခေါင်းစဉ် အောက်ရှိ ပုဒ်မ ၁၃ ကို ဖြည့်စွက်ပြင်ဆင်ရန်ဖြစ်ပါတယ်။ သူ့ရဲ့မူလအဆိုကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူတို့က လုပ်ငန်းအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်လို့ဆိုထားပါတယ်။ ဒီနေရာမှာ ပေးသွင်းရမည့် အာမခံကြေးဆိုတာ လုပ်ငန်းအမျိုးအစားအလိုက် ကွဲပြားခြားနားမည် ဖြစ်ပါသဖြင့် မူလဥပဒေပါစကားရပ်ဖြင့် မလုံလောက်ပါ၍ အောက်ပါအတိုင်း ဖြည့်စွက်ပြင်ဆင်ရန် တင်ပြခြင်း ဖြစ်ပါသည်။ အခန်း (၅) အပိုဒ် ၁၃ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအလိုက်၊ အမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို

နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်ဟု ပြင်ဆင်ရန်တင်ပြခြင်း ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သန့်(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးမူလဥပဒေကြမ်းရဲ့ အခန်း (၅) အပိုဒ် ၁၃ မှာပါတဲ့ ဥပဒေကြမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ကိုယ်စား စိစစ် တွေ့ရှိချက်များအား ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအလိုက်၊ ပေးသွင်းရမည့် အာမခံကြေး နှုန်းထားကို သတ်မှတ်ရမည်ဟု ဖော်ပြထားပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုထား ခြင်းမရှိပါကြောင်းနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေ၊ ကျောက်တံခါးကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိပြီးသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့်အာမခံကြေးနှုန်းထားကို နည်းဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းရမည်လို့တင်ပြထားပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်ဟု ဦးခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်ရဲ့ တင်ပြချက်မှာပါရှိတဲ့ နည်းဥပဒေတွင် ထည့်သွင်းဖော်ပြရမည်ဆိုသော စကားရပ်ကို ထည့်သွင်းရန်မလိုကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီလိုပြင်ဆင်ရတဲ့အကြောင်းကတော့ ဥပဒေ တစ်ခု ပြဋ္ဌာန်းပြီးတိုင်း နည်းဥပဒေပြဋ္ဌာန်းရတာဖြစ်လို့ မူလဥပဒေထဲမှာ အထူးတလည်ရေးသွင်း ပေးရန် မလိုအပ်တော့ပါကြောင်း စိစစ်တွေ့ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင်။ ဥပဒေကြမ်းအဖွဲ့ဝင်ဖြစ်ပါတယ်ရှင်။ အခန်း (၅) အပိုဒ် ၁၃ မှာ မူလဝန်ကြီးရဲ့အဆိုပြုပြဋ္ဌာန်းချက်ကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူတို့က လုပ်ငန်းအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်ဟု ဖော်ပြပါရှိပါတယ်။ ဦးခင်မောင်ဆွေ၊ ကျောက်တံခါးက တော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုးအစား အလိုက်ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို နည်းဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းရမည်ဟုပါရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဗဟို ကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုး အစားအလိုက်၊ ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်ဟု ဖော်ပြပါရှိပါတယ်။ ဦးခင်မောင်ဆွေ၊ ကျောက်တံခါးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှာပါရှိတဲ့ လုပ်ငန်းအမျိုးအစားအလိုက်ဆိုသည့် တိကျပြီးကျစ်လစ်ခိုင်မာပြည့်စုံသော စကားရပ်ကို ဖြည့်စွက်ထားသဖြင့် ဥပဒေအသုံးအနှုန်းနှင့် အကြောင်းချင်းရာအရ ပိုမိုသင့်တော် ပါတယ်။ မူလဝန်ကြီးဌာနရဲ့အဆိုပြုချက်တွင် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်ဟု တိကျစွာ ဖော်ပြထားပြီးဖြစ်သည့်အပြင် ဗဟိုကော်မတီမှာ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက် ထုတ်ပြန်နိုင်၍ နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်ဆိုတဲ့စကားရပ်ကို သီးခြားထည့်သွင်းရန် မလိုအပ်ကြောင်းတွေ့မြင်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အခန်း (၅) အပိုဒ် ၁၃ တွင် ကော်မတီနှစ်ရပ်မှတင်ပြထားသည့် အပိုဒ်သည် အဓိပ္ပာယ်ပိုမိုပြည့်စုံ လေးနက်ပါသဖြင့် ကော်မတီနှစ်ရပ်မှတင်ပြထားသည့်အတိုင်း အတည်ပြုသင့်ပါကြောင်းတင်ပြအပ်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုပြုတင်ပြထားတဲ့ ဦးခင်မောင်ဆွေ၊ အခုကော်မတီနှစ်ရပ်က ဆွေးနွေး အကြံပြုမှုရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဆွေးနွေးအကြံပြုမှုရယ်တွေဟာ ပိုမိုကောင်းမွန်ကြောင်းနဲ့

နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်ဆိုတဲ့ဟာသည် မလိုအပ်ကြောင်းကိုလည်း ထောက်ပြသွားပါတယ်။ ဒါကြောင့်မို့လို့ ဦးခင်မောင်ဆွေရဲ့သဘောထားသိလိုပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)။** ။ လက်ခံပါတယ်။(ကြံဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေးနှုန်းထားကို သတ်မှတ်ရမည်ဟူသော ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ကြံဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ အခန်း (၅) အပိုဒ် ၁၄ မူလပြဋ္ဌာန်းချက်မှာ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့် မြေခွန်နှုန်းထားကို သတ်မှတ်ရမည်ဟု ဖော်ပြထားပါတယ်။ ကျွန်တော် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ပြင်ဆင်ချက်အဆိုပြုသည်မှာ ကောက်ခံမည့်မြေခွန်နှုန်းထားကို ဆိုသောစကားရပ်၏ ရှေ့မှသင့်တင့်သောဆိုသော စကားရပ်ကို ထည့်သွင်းအဆိုပြုခြင်း ဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော် ခေတ္တရပ်နားသည့် အချိန်၌ ဥက္ကဋ္ဌကြီး၏တာဝန်ပေးချက်အရ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှ တင်မြှောက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကျွန်တော်နှင့်တကွ နောက်ထပ်အဆိုပြုသူ ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဆွေ၏ အဆိုအား ပိုမိုကျစ်လျစ်သော ပေါင်းစည်းမှုဖြင့် ရေးသားဖော်ပြခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။ ထိုသို့ ပြန်လည်ဖော်ပြရာတွင် သင့်တင့်သော မြေခွန်နှုန်းထားအစား သင့်တင့်သောဆိုသော စကားရပ်သည် ကင်းလွတ်ခွင့်ပြုသည့်ကာလ၏ ရှေ့သို့ရောက်သွားသည်မှာ အဓိပ္ပာယ်မခြံငုံမိပါ။ သို့ရာတွင် အမှန်တကယ် ဥပဒေပြဋ္ဌာန်းပြီးနောက် ထပ်မံထွက်ပေါ်လာမည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၌ သတ်မှတ်ထားသည့် နှုန်းထားသည် သင့်တင့်သည်၊ မသင့်တင့်သည်၊ နိုင်ငံတော်နှင့် နိုင်ငံသားအတွက် ကောင်းမွန်သည်၊ မကောင်းမွန်သည်ကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြန်လည်သုံးသပ်ရန် အခွင့်အရေးရှိဦးမှာဖြစ်သည့်အတွက် ယခုတစ်ကြိမ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဆိုအားအတည်ပြုရန် ဦးစားပေး စဉ်းစားပေးပါရန်နှင့် ကျွန်တော်၏အဆိုအား တစ်ပါတည်းရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါသည်။ (ကြံဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ဆွေမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ အခန်း(၅) အပိုဒ် ၁၄ မှာ သူ့ရဲ့မူလအဆိုကကျတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့်မြေခွန်နှုန်းထားကို သတ်မှတ်ရမည်ဟုဆိုပါတယ်။ ဦးဝင်းသန်းကကျတော့ ဒီကောက်ခံမည့် မြေခွန်နှုန်းထားနေရာမှာ သင့်တင့်သောကောက်ခံမည့် မြေခွန်နှုန်းထားဟုပြင်ဆင်ထားပါတယ်။ ကျွန်တော်က အဲဒီမှာ ပြင်ဆင်ချင်တာကတော့ မြေဖော်ထုတ်လုပ်ကိုင်ခြင်းလုပ်ငန်းများဟာ အရင်းအနှီးနှင့် အချိန်ယူလုပ်ကိုင်၍ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်ခြင်းကြောင့် သင့်တင့်လျောက်ပတ်သော မြေခွန်ကင်းလွတ်ခွင့်ကာလနှင့် လုပ်ငန်းအမျိုးအစားအလိုက် မြေခွန်နှုန်းထားများကွဲပြားခြားနားမည်ဖြစ်ပါသဖြင့် နည်းဥပဒေတွင် ထည့်သွင်းဆောင်ရွက်ရန်လိုအပ်ချက်ကို ပြင်ဆင်ဖြည့်စွက်ထည့်သွင်း၍ အောက်ပါအတိုင်းပြင်ဆင်ထည့်သွင်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့် မြေခွန်နှုန်းထားနှင့် သင့်တင့်သော မြေခွန်ကင်းလွတ်ခွင့်ပြုသည့်ကာလကို လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြား၍ နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်ဟူ၍ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ယင်းမာပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးသောင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုယ်စား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကြမ်း အခန်း(၅) အပိုဒ် ၁၄ ရဲ့ ပြင်ဆင်ချက်အဆိုကို တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၅) အပိုဒ် ၁၄ မူလအဆိုကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့်မြေခွန်နှုန်းထားကို သတ်မှတ်ရမည်လို့ဖော်ပြထားပါတယ်။ ဒီအဆိုအပေါ်မှာ အမျိုးသားလွှတ်တော်အနေနဲ့ ပြင်ဆင်အတည်ပြုထားခြင်းမရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါပေမယ့် သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း အနေနဲ့ကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်အတွက် သင့်တင့်သော ကောက်ခံမည့် မြေခွန်နှုန်းထားကို သတ်မှတ်ရမည်လို့ အဆိုပြုတင်ပြထားပါတယ်။ ဒီလိုပဲ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေကလည်း ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့် မြေခွန်နှုန်းထားနှင့် သင့်တင့်သော မြေခွန်ကင်းလွတ်ခွင့်ပြုသည့် ကာလကို လုပ်ငန်းအမျိုးအစားအလိုက်ခွဲခြား၍ နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမယ်လို့ အဆိုပြုတင်ပြထားပြန်တယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး နှစ်ဦးရဲ့ တင်ပြအဆိုပြုချက်များမှာ ဗဟိုကော်မတီက မြေခွန်နှုန်းထား သတ်မှတ်ရေးနှင့် မြေခွန်ကင်းလွတ်ခွင့်ကာလသတ်မှတ်နိုင်ရေးကို ဆောင်ရွက်ပိုင်ခွင့်ပေးထားတာကို တွေ့ရပါတယ်။ ဦးခင်မောင်ဆွေရဲ့ အဆိုမှာတော့ ဗဟိုကော်မတီဟာ နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမယ်လို့ အဆိုပြုထားတာတွေ့ရတဲ့အတွက် ဒါဟာ ဥပဒေတစ်ရပ်အနေနဲ့ ထည့်သွင်းဖော်ပြရန် မလိုအပ်ဘူးလို့ စိစစ်တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး နှစ်ဦးရဲ့ အဆိုများပါ ရည်ရွယ်ချက်များဟာ ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းပေးရန် လျော်ကန်သင့်မြတ်တဲ့ အချက်များဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ စိစစ်သုံးသပ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ ကော်မတီအနေနဲ့ မြေခွန်နှုန်းထားကို လုပ်ငန်းအမျိုးအစားအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ ဗဟိုကော်မတီမှ သတ်မှတ်ပေးနိုင်ရေးနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူများအတွက် လည်း သင့်တင့်လျောက်ပတ်သော မြေခွန်ကင်းလွတ်ခွင့်ကာလ၊ ခံစားခွင့် ရရှိခွင့်ပြုသင့်တယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေအရ ကျစ်လျစ်မှုရှိပြီးတော့ ရည်ရွယ်ချက်များလည်း ပါဝင်ပေါ်လွင်နိုင်ရန်အတွက် ဥပဒေကြမ်းရဲ့ အခန်း(၅) အပိုဒ် ၁၄ကို ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့်မြေခွန်နှုန်းထားနှင့် သင့်တင့်သော မြေခွန်ကင်းလွတ်ခွင့်ကာလကို လုပ်ငန်းအမျိုးအစားအလိုက်၊ သီးနှံအမျိုးအစား အလိုက် သတ်မှတ်ရမည်လို့ ပြင်ဆင်အဆိုပြုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးငွန်မောင်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ရေးနဲ့ ပတ်သက်ပြီးတော့ အခန်း(၅) အပိုဒ် ၁၄မှာ ဝန်ကြီးဌာန ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံရမည့် မြေခွန်နှုန်းထားကို သတ်မှတ်ရမည်လို့ ဖော်ပြထားပါတယ်။ ဦးဝင်းသန်း ဖော်ပြသတ်မှတ် တင်ပြတာကတော့ ပြန်လည် ရုပ်သိမ်းပြီးတဲ့အတွက် ဒါတော့ ထည့်မဖတ်တော့ပါဘူး။ ဦးခင်မောင်ဆွေကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံရမည့် မြေခွန်နှုန်းထားနှင့် သင့်တင့်သော မြေခွန်ကင်းလွတ်ခွင့်ပြုသည့်ကာလကို လုပ်ငန်းအမျိုးအစားအလိုက်ခွဲခြား၍ နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမယ်လို့ ဖော်ပြထားပါတယ်။ နောက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကနေ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံရမည့် မြေခွန်နှုန်းထားနှင့်သင့်တင့်သော မြေခွန်ကင်းလွတ် ခွင့်ပြုသည့် ကာလကို လုပ်ငန်းအမျိုးအစားအလိုက်၊ သီးနှံအမျိုးအစားအလိုက် သတ်မှတ်ရမည်ဟု ဖော်ပြထားပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မူလဝန်ကြီးဌာန အဆိုပြုချက်တွင် မြေခွန်နှုန်းထားများကိုသာ သတ်မှတ်ရမည်လို့သာ ဖော်ပြထားပါတယ်။ မြေခွန်နှုန်းထားအပြင် မြေခွန်ကင်းလွတ်ခွင့်ပြုသည့်ကာလအတွက်နဲ့ လုပ်ငန်းအမျိုးအစားအလိုက်နဲ့ သီးနှံအမျိုးအစားအလိုက် ပြဋ္ဌာန်းသတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပြင်ဆင်ချက်မှာ ပိုမိုပြည့်စုံပါသဖြင့် အဆိုပါ ပြင်ဆင်ချက်အတိုင်းပဲ သတ်မှတ်သင့်ပါကြောင်း ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ်၁၄ အရ ယခင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ရယူခဲ့ကြသည့် ကုမ္ပဏီလုပ်ငန်းရှင် ပေါင်း ၆၃၈၇ ခုရှိခဲ့ပါတယ်။ ယူထားကြတဲ့ဧရိယာဧကပေါင်းဟာ ၃၈.၉၆ သိန်းမှာ အမှန်စိုက်ပျိုး လုပ်ကိုင်တဲ့ ဧရိယာမှာ ဧက ၉.၇၇သိန်းသာ ရှိ၍ ယနေ့အထိ ရယူထားပြီးလုပ်ကိုင်ရန် ကျန်ဧရိယာမှာ ၂၉.၁၉သိန်း ကျန်ရှိနေပါတယ်။ မူလကပင် မြေခွန်ပေးဆောင်ရန် သတ်မှတ်ချက်မရှိခဲ့တဲ့အတွက်

အခွင့်အရေးတစ်ရပ်အနေဖြင့် မြေကိုသာ လက်ဝယ်ရယူထားပြီး လက်တွေ့မလုပ်ကိုင်ခြင်းကြောင့် မြေအသုံးချမှုအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံတော်အတွက် များစွာဆုံးရှုံးမှု ဖြစ်ပေါ်နေပါတယ်။ အကယ်၍ မြေခွန်ပေးဆောင်ပြီးမှ လုပ်ပိုင်ခွင့်ကို ခွင့်ပြုပေးခြင်းအားဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် အမှန်တကယ်လက်တွေ့လုပ်ကိုင်မည်ဖြစ်ပြီး ယခင်ကာလကဲ့သို့ အခွင့်အရေးတစ်ရပ်အနေဖြင့် ရယူထားသည့်စနစ်ကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ အဘက်ဘက်မှ ချင့်ချိန်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်အား မြေခွန်ကင်းလွတ်ခွင့်ကာလ မသတ်မှတ်ဘဲ မူလအတိုင်း သတ်မှတ်ပြဋ္ဌာန်းခြင်းအားဖြင့် ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနဲ့ ဥပဒေကြမ်းကော်မတီတို့က သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ တင်ပြချက်အပေါ် ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ မြေခွန်ကင်းလွတ်ခွင့်ကာလတစ်ခု သတ်မှတ်ပေးဖို့ပြဋ္ဌာန်းအဆိုပြုတင်ပြထားပါတယ်။ ဒီမြေခွန်ကင်းလွတ်ခွင့်ကာလတစ်ခု သတ်မှတ်ပေးသင့်တယ်ဆိုတဲ့အတွေးအခေါ်ဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်ရယူသူများအနေနဲ့ တောရှင်းခြင်း၊ စိုက်ပျိုးရန်အတွက်ပြင်ဆင်ခြင်း၊ မြေပြုပြင်ခြင်းစတဲ့ ဒီလိုအခြေအနေမှာ မြေခွန်ပေးဆောင်နေရမယ်ဆိုရင် ရင်းနှီးမြှုပ်နှံရမယ့်အထဲမှာ အကျိုးအမြတ်မရရှိခင်မှာ မြေခွန်ပေးဆောင်နေရသလိုဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအောင်မြင်မှုစတင်တဲ့အချိန် သတ်မှတ်ထားတဲ့လေးနှစ်အတွင်းမှာ အောင်မြင်အောင်လုပ်ရမှာဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့အချိန် အောင်မြင်မှုရရှိလာတဲ့အခါမှသာ မြေခွန်ကိုပေးဆောင်သင့်တယ်လို့ ဒီလိုသုံးသပ်ကြတဲ့အတွက် မြေခွန်ကင်းလွတ်ခွင့်ကာလတစ်ခုပေးသင့်တယ်လို့ တင်ပြလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်ရှိက ဆွေးနွေးပါ။

**ဦးငွန်မောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆွေးနွေးရန် မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ဆွေနှင့် ဦးဝင်းသန်း ဆွေးနွေးရန်ရှိပါကဆွေးနွေးပါ။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ မြေခွန်ကင်းလွတ်ခွင့်ကာလကို ပေးသင့်တယ်လို့ယူဆပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေးမွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ရဲ့ ကွာခြားမှုဟာ မြေခွန်နှုန်းထားကို သင့်တင့်သော မြေခွန်ကင်းလွတ်ခွင့်ပြုသည့်ကာလကို လုပ်ငန်းအမျိုးအစားအလိုက်၊ သီးနှံအမျိုးအစားအလိုက် သတ်မှတ်ရမည်ဆိုတာနဲ့ မြေကိုစအသုံးပြုကတည်းကိုက မြေခွန်ပေးရမယ်ဆိုတဲ့ အဓိပ္ပာယ်ကွာခြားမှု ပဲဖြစ်ပါတယ်။ ဒီနေရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ကော်မတီဝင်တစ်ဦးကနေပြီးတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိုက်ပျိုးလုပ်ကိုင်တဲ့အခါမှာ တောရှင်းခြင်း၊ သစ်ငုတ်ထုတ်ခြင်း အပါအဝင် အခြားမြေလွတ်၊ မြေလပ်၊ မြေရိုင်း တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အသုံးမပြုနိုင်တဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အသုံးပြုလို့ရအောင် ခုတ်ထွင် ရှင်းလင်းတဲ့ကာလမှာ ငွေကြေးများစွာကုန်ကျမှာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီကာလမှာ ဒီမြေ အသုံးမပြုရသေးဘဲနဲ့ ဒီလိုလုပ်ငန်းတွေအတွက် ကုန်ကျမှုများပြားတဲ့အတွက် မြေခွန်ပေးမှုကို ကင်းလွတ်ခွင့်ပြုသင့်သည်ဆိုတဲ့ဟာကို ဆွေးနွေးသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ဝန်ကြီးဌာနက ပြန်လည်သုံးသပ် ပြောကြားဖို့ ဖြစ်ပါတယ်။

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့တော့ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူနာခံမည်ဖြစ် ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက် အဆိုကို ထောက်ခံမှုရှိ၊ မရှိကို ထောက်ခံမှုအရေအတွက် အနည်းအများကိုကြည့်ပြီးတော့ ဆုံးဖြတ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စက်ခလုတ်စနစ်အသုံးပြုပြီးတော့ ဆောင်ရွက်ပါမယ်။ ဒါကြောင့်မို့လို့ အဆိုမှာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြစ်သော ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် ကောက်ခံမည့်မြေခွန်နှုန်းထားနှင့် သင့်တင့် သော မြေခွန်ကင်းလွတ်ခွင့်ပြုသည့်ကာလကို လုပ်ငန်းအမျိုးအစားအလိုက်၊ သီးနှံအမျိုးအစား အလိုက် သတ်မှတ်ရမည်။ ထောက်ခံရင် ထောက်ခံတဲ့ခလုတ်ကိုနှိပ်ပြီး ဆန္ဒပြုဖို့ ဖြစ်ပါတယ်။ ဆန္ဒပြုဖို့

အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ဆန္ဒမဲပေးခွင့်ရှိသူ ၃၇၇ ဦးအောက်မှာ ရရှိထားတဲ့ ဆန္ဒမဲအရေအတွက်က ၃၇၃ ဦးဖြစ်ပြီး ၄ ဦးမှားယွင်းပါတယ်။ သို့ရာတွင် ဒီမှာထင်ရှားစွာ ပေါ်ပါ တယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၈၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၇၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၁၁ မဲ။ မဲမပေးသူ ၄ ဦးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဆွေ၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော်ဆွေးနွေးလိုတာကတော့ ဥပဒေကြမ်းအခန်း(၅) ပုဒ်မ ၁၅ ပုဒ်မခွဲ(က)ကို ကျွန်တော်ဆွေးနွေးမှာ ဖြစ်ပါတယ်။ သူ့ရဲ့မူလအဆိုကတော့ အခန်း(၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူထံမှမြေခွန်ကို လုပ်ငန်းစတင်ဆောင်ရွက်ရန် စတင်ခွင့်ပြုသည့်နှစ်မှစ၍ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းပြုရမည်လို့ ပါရှိပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိပါဘူး။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်တာကတော့ အခန်း(၅) အပိုဒ် ၁၄ မှာ မြေခွန်ကင်းလွတ်ခွင့်ကာလကို အတည်ပြုထားတဲ့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူထံမှ မြေခွန်ကို လုပ်ငန်းအမျိုးအစားအလိုက် နည်းဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် မြေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးသည့်နေ့မှစ၍ စည်းကြပ်ခြင်း နှင့် ကောက်ခံခြင်းပြုရမယ်လို့ ဖြည့်စွက်ပြင်ဆင်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းပါ အခန်း(၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုယ်စား ကျွန်တော် ဦးသောင်းဟန်က တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ မူလအဆိုပြု ပြဋ္ဌာန်းချက်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူထံမှမြေခွန်ကို လုပ်ငန်းစတင်ဆောင်ရွက်ရန် ခွင့်ပြုသည့်နှစ်မှစ၍ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းပြုရမည်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ ဒီပြဋ္ဌာန်းချက်သည် မြေခွန်စတင်ကောက်ခံရမယ့်အချိန်ကို တိတိကျကျဖော်ပြချင်လို့ ပြဋ္ဌာန်းထားတဲ့အချက်ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်

ကလည်း အခန်း(၅)အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ကို ပြင်ဆင်အတည်ပြုထားတာမရှိပါဘူး။ သို့သော်လည်းပဲ ကျောက်တံခါးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေကတော့ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူထံမှ မြေခွန်ကို လုပ်ငန်းအမျိုးအစားအလိုက် နည်းဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် မြေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည်လို့ အဆိုပြုတင်ပြထားပါတယ်။ ဦးခင်မောင်ဆွေရဲ့ အဆိုပြု တင်ပြထားချက်မှာ ပြည့်စုံလုံလောက်တဲ့အတွက် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေနဲ့ ဦးခင်မောင်ဆွေရဲ့ အဆိုအတိုင်းထားသင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စာစောကအတည်ပြုခဲ့တဲ့ အခန်း(၅) အပိုဒ် ၁၄ ကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က မဲခွဲအနိုင်ရ၍ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီအပိုဒ် ၁၄ အတည်ပြုပြီး ဖြစ်တဲ့အတွက် ကျွန်တော်တို့ အဆိုပြုပြဋ္ဌာန်းချက်ထက် ဦးခင်မောင်ဆွေတင်ပြတဲ့အချက်က စာစောကအတည်ပြုတဲ့အချက်နဲ့ လိုက်လျောညီထွေမှုရှိပါသဖြင့် ဦးခင်မောင်ဆွေရဲ့ ပြင်ဆင်ချက်ကို အတည်ပြုသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးကို သဘောထားမမေးတော့ပါဘူး။ အခုတင်ပြတဲ့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ဟာ အပေါ်ကအပိုဒ်နဲ့ဆက်စပ်နေတဲ့အတွက် ဦးခင်မောင်ဆွေ၊ ကျောက်တံခါးမဲဆန္ဒနယ်တင်ပြတဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၀ အမှတ်စဉ် ၂၁ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းမှာ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ) မူလပြဋ္ဌာန်းချက်က သတ်မှတ်ထားသောကာလအတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက် လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ သုံးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း

လုပ်ငန်း ပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်လို့ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်လို့ ပြင်ဆင်ချက်ပြုထားပါတယ်။ ဒီလိုပြင်ဆင်ချက်ပြုခြင်းဟာ မြေလွတ်၊ မြေရိုင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တောရိုင်းများဖော်ထုတ်ခြင်း၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းတွေရှိနေတဲ့အတွက်ကြောင့် လေးနှစ်သတ်မှတ်ထားချက်က ပိုပြီးတော့ ကောင်းမွန်တဲ့အတွက်ကြောင့် လေးနှစ်သတ်မှတ်ချက်အတိုင်း တင်ပြထားပါတယ်။ သို့သော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကျွန်တော် ပြင်ဆင်ထားတဲ့ အပိုဒ်ပေါ်မှာ ထပ်ဆင့်ပြီးတော့ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှု မရှိသော အခြေအနေကြောင့်လည်းကောင်း သတ်မှတ်သောကာလကို ဗဟိုကော်မတီမှ ပြင်ဆင်သတ်မှတ် ပေးနိုင်သည်ဆိုတဲ့အချက်က ပိုမိုပြည့်စုံတဲ့အတွက်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ဥပဒေကြမ်းကော်မတီတို့က ပြင်ဆင်ထားတဲ့အချက်ကို ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်လှိုင်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်း အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုယ်စား ကျွန်တော် ဦးညွန့်လှိုင်၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အကြံပြုဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။ မူလဥပဒေကြမ်း၏ အဆိုပြုချက်မှာ အခန်း (၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ) သတ်မှတ်ထားသော ကာလအတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ တိကျသောအချိန် Fixed Time frame Limitation သတ်မှတ်မထားပါဘူး။ ယေဘုယျသဘော ဖြစ်ပါတယ်။

၁။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်၊ လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ သုံးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်ဟု ပြင်ဆင်အတည်ပြုထားပါတယ်။

၂။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်ဟု ပြင်ဆင်အကြံပြုထားပါတယ်။

၃။ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမြင့်က သတ်မှတ်ထားသောကာလအတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သတ်မှတ်ထားသောကာလဆိုရာတွင် သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခါတွင်လည်းကောင်း သတ်မှတ်ကာလကို ပြန်လည်သတ်မှတ်ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်အကြံပြု ထားပါတယ်။

ကျိုးကြောင်းဖော်ပြချက် - စိုက်ပျိုးရေးလုပ်ငန်းသဘောအရ မြေရိုင်း Virgin Soil အဆင့်မှ စိုက်ပျိုးနိုင်သော မြေယဉ် Cultivated Land အဆင့်သို့ ပြုပြင်ပြောင်းလဲရာမှာ တောရှင်း၊ ငုတ်ထုတ်လုပ်ငန်းဆောင်ရွက်ခြင်း (Jangle Clearance )၊ မြေပြုပြင်ခြင်း (Land Preparation)၊ ရေသွင်းရေထုတ်မြောင်း၊ ကုန်ထုတ်လမ်း၊ မီးတားလမ်းဆောင်ရွက်ခြင်း (Land Consolidation) စသည့် စိုက်ပျိုးရေးအခြေခံလုပ်ငန်းများ ပြည့်စုံစွာဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအစီအစဉ် (Infrastructure Construction And Development Program) များကို တစ်ဆင့်ပြီးတစ်ဆင့် အချိန်မီဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ပြင်ဆင်အကြံပြုချက်မှာ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေမှစ၍ လေးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းများပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြေအနေကြောင့်လည်းကောင်း သတ်မှတ်ကာလကို ဗဟိုကော်မတီမှ ပြင်ဆင်သတ်မှတ်ပေးနိုင်သည်ဟု ပြင်ဆင်အဆိုပြုပါကြောင်း အကြံပြု ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)မှာ လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊

တည်ငြိမ်အေးချမ်းမှုမရှိသော အခြေအနေကြောင့်လည်းကောင်း သတ်မှတ် ကာလကို ဗဟိုကော်မတီမှ ပြင်ဆင်သတ်မှတ်ပေးနိုင်သည်ဆိုတဲ့ တင်ပြချက်ဟာ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်အပိုဒ်ခွဲ(င)မှာ နိုင်ငံတော်၏ပကတိအခြေအနေနဲ့ လိုက်လျောညီထွေမှု ရှိ၊ မရှိ။ နောက် အပိုဒ်ခွဲ(ဋ)မှာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေ ရှိ၊ မရှိဆိုတဲ့ အချက်များနဲ့ စိစစ်တဲ့အခါမှာ အပိုဒ်ခွဲ(င)နဲ့ အပိုဒ်ခွဲ(ဋ)တို့နဲ့အညီ ကျွန်တော်တို့ ကိုက်ညီနေတဲ့အတွက် လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်း ပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ တည်ငြိမ် အေးချမ်းမှုမရှိသော အခြေအနေကြောင့်လည်းကောင်း သတ်မှတ်ကာလကို ဗဟိုကော်မတီမှ ပြင်ဆင် သတ်မှတ် ပေးနိုင်သည်ဆိုတဲ့အချက်နဲ့ ကျွန်တော်တို့ အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)တို့ကို အတည်ပြု သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီနှစ်ရပ်ရဲ့ တင်ပြချက်သည် အဓိပ္ပာယ်ပိုမိုပြည့်စုံလေးနက်ပါသဖြင့် ကော်မတီနှစ်ရပ်ရဲ့ အဆိုတင်သွင်းသည့်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၂ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ) ဦးဌေးမြင့်က ပြန်လည် ရုပ်သိမ်းပြီးဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ကိုယ်စား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းရဲ့ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)ရဲ့ ပြဋ္ဌာန်းချက်ကို မူလပြဋ္ဌာန်းချက် အတိုင်းထားရှိသင့်ကြောင်းကို အဆိုပြုတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အဆိုရှင်တစ်ဦးဖြစ်တဲ့ မြိတ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမြင့်မှ ၎င်း၏အဆိုကို ရုပ်သိမ်းသွားပြီးဖြစ်တဲ့ အတွက်

၎င်းအဆိုရဲ့အားနည်းချက်၊ အားသာချက်စသည့်အချက်များကို ကျွန်တော်တို့ကော်မတီက တွေ့ရှိထားတဲ့အချက်များကို ထည့်သွင်းဆွေးနွေးခြင်းမပြုတော့ဘဲ မူလပြင်ဆင်ချက်မှာပါတဲ့ အားသာချက်များကို ကျွန်တော်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မူလပြင်ဆင်ချက်မှာက ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲလို့ ထည့်သွင်းထားခြင်းဟာ နိုင်ငံတော်ရဲ့ မြေယာအားလုံးဟာ အချုပ်အခြာအာဏာပိုင်ဖြစ်တဲ့ နိုင်ငံတော်၊ နိုင်ငံတော်အစိုးရကသာ ပိုင်ဆိုင်တယ်ဆိုတဲ့အချက်ကို ဖော်လှစ်လိုက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို ခွင့်ပြုမိန့် တောင်းခံကြတဲ့ပုဂ္ဂိုလ်များအနေနဲ့ သတ်မှတ်တဲ့ကာလအတွင်းမှာပဲ စီမံကိန်းဆောင်ရွက်ဖို့ကျန်ရှိသည် ဖြစ်စေ၊ သတ်မှတ်ချိန်အထိ စီမံကိန်းဆောင်ရွက်လို့ အောင်မြင်ပြီးသည်ဖြစ်စေ ၎င်းမြေယာများကို စီမံခန့်ခွဲခြင်းလုပ်ငန်းကို နိုင်ငံတော်ရဲ့ကိုယ်စားဖြစ်တဲ့ ပြည်ထောင်စုအစိုးရကသာလျှင် ခွင့်ပြုနိုင်တယ် ဆိုတဲ့အချက်ဟာ မူလပြင်ဆင်ချက်ရဲ့ အားသာချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကော်မတီအနေနဲ့ မူလပြင်ဆင်ချက်ကိုပဲ အတည်ပြုပြင်ဆင်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားမမေး တော့ပါဘူး။ အကြောင်းကတော့ မူလပြင်ဆင်ချက်အတိုင်း ထားရှိသင့်သည်ဆိုပြီးတော့ ဒီမှာ ဖော်ပြ ထားပါတယ်။ ဒါကြောင့်မို့လို့ အဆိုပြုပြင်ဆင်ချက်ဖြစ်တဲ့ မူလပြင်ဆင်ချက်အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၁ အမှတ်စဉ် ၂၃ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(င) ဦးတင်မောင်ဦး ရွှေပြည်သာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်း အဝေးမှာ ကျွန်တော်တို့ ဆွေးနွေးဖို့ ကျန်ရှိတဲ့အပိုဒ် သုံးပိုဒ် ကျန်ရှိခဲ့တာဖြစ်ပါတယ်။ ဒီအပိုဒ်တွေ ကတော့ အမှတ်စဉ် ၂၃ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(င)၊ အမှတ်စဉ် ၂၅ အခန်း(၇) အပိုဒ် ၁၇ အမှတ်စဉ် ၃၁ အခန်း(၇) အပိုဒ် ၂၂ သုံးခုဖြစ်ပါတယ်။ ဒီအပိုဒ်များနဲ့ပတ်သက်လို့ သုံးချက်လုံး နဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြီးခဲ့တဲ့အစည်းအဝေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို တာဝန်ပေးခဲ့တဲ့အတွက်ကြောင့် ကော်မတီရဲ့ဆွေးနွေးချက်များနဲ့ ကျွန်တော့်ရဲ့ တင်ပြချက်များဟာ စကားရပ်အထားအသိုသာ ကွာခြားပြီးတော့ အဓိပ္ပာယ်ကွဲပြားချက်

ထူးခြားစွာမရှိတဲ့အတွက် ကော်မတီရဲ့ဆွေးနွေးချက်များဟာ မူလပြဋ္ဌာန်းချက်များကိုသာ ရည်ညွှန်း ထားတဲ့အတွက်ကြောင့် ပြည်စုံတဲ့အတွက် ကျွန်တော့်ရဲ့တင်ပြချက်သုံးခုလုံးကို ရုပ်သိမ်းပါကြောင်းနှင့် ကော်မတီရဲ့တင်ပြချက်များကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့ကလည်း မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်သည်ဟု ဖော်ပြထား ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားလည်း အထူးမေးစရာမလိုပါဘူး။ ဒါကြောင့် မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိကြောင်း ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါ့မယ်။

**အချိန်၊ ၁၄ း ၃၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို မွန်းလွဲ ၁၅း၀၀ နာရီအချိန်မှာ ပြန်လည်ကျင်းပပါ မည်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။ ]

**အချိန်၊ ၁၅ း ၀၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၁ အမှတ်စဉ် ၂၄ အခန်း (၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(င)အောက်တွင် အသစ်ထည့်ခြင်း။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းရဲ့ အမှတ်စဉ် ၂၄ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(င) ရဲ့ အောက်ဘက်မှာ ကျွန်တော်

အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ချက်တစ်ခု တင်ပြထားပါတယ်။ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ တော့ မရှိပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်လည်းမရှိပါဘူး။ ကျွန်တော့်အနေနဲ့ ဒီမှာရှိတဲ့ စည်းကမ်းချက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ဆောင်တဲ့အခါမှာ ကျွန်တော်တို့ လုပ်ငန်းရှင်များသိဖို့အတွက် ဒီအချက်များကို ကျွန်တော်အသစ်ထည့်ထားခြင်း ဖြစ်ပါတယ်။ အဲဒီ ထည့်ထားတဲ့ အချက်ကတော့ ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမှအပ မြေပေါ်၊ မြေအောက်ရှိ အခြားသယံဇာတပစ္စည်းများကို ထုတ်ယူခြင်းမပြုရဟု ထည့်ထားခြင်းဖြစ်ပါတယ်။ ကျိုးကြောင်း ဖော်ပြချက်ကတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှာ ခွင့်ပြုတဲ့လုပ်ငန်းက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများပါနေတဲ့အတွက်ကြောင့် သယံဇာတ ဆိုတဲ့အထဲမှာလည်း ခွင့်ပြုတဲ့လုပ်ငန်းမှအပဆိုပြီးတော့ ထည့်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမှအပ မြေပေါ်၊ မြေအောက်ရှိ အခြားသယံဇာတပစ္စည်းများကို ထုတ်ယူခြင်း မပြုရဆိုတဲ့အပိုဒ်ကို ထည့်သွင်းထားခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်လုံး ရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်၊ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ဖြစ်ပါတယ်။ ကော်မတီရဲ့ကိုယ်စား ကျွန်တော်တင်ပြမှာကတော့ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲငယ်(င)ရဲ့အောက်မှာ အပိုဒ်ခွဲ(စ)အဖြစ် အသစ်ထပ်မံဖြည့်စွက်ခြင်းပဲဖြစ်ပါတယ်။ အဲဒီဖြည့်စွက်ချက်ဟာ မူလအဆိုပြုပြဋ္ဌာန်း ချက်နဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုတင်ပြချက်မှာ ပါဝင်ဖော်ပြထားတာမရှိကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ကော်မတီအနေနဲ့ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(င)အဖြစ် မြေပေါ်မြေအောက်ရှိ သယံဇာတပစ္စည်းများထုတ်ယူခြင်းမပြုရဆိုတဲ့အဆိုပြုချက်ကို ထပ်မံဖြည့်စွက် ရခြင်းပဲဖြစ်ပါတယ်။ အဲလိုဖြည့်စွက်ရခြင်းမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့ရဲ့ ၁၂-၁၂-၉၁ နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁/၉၁)တွင်ဖော်ပြထားတဲ့ စည်းကမ်းချက်

များမှာပါနေတဲ့ အချက်တွေဖြစ်တဲ့အတွက်ပဲဖြစ်ပါတယ်။ အဲဒီအဆိုပြုချက်ကို ဖြည့်စွက်ခြင်းဖြင့် နိုင်ငံတော်ရဲ့အကျိုးစီးပွားကို ကာကွယ်မှုပေးနိုင်မှာလည်းဖြစ်ပါတယ်။ မြေပေါ်မြေအောက်ရှိ သယံဇာတပစ္စည်းများ ထုတ်ယူခြင်းမပြုရဆိုရာမှာလည်း ဗဟိုကော်မတီရဲ့ခွင့်ပြုချက်နဲ့ လုပ်ကိုင်ခွင့်ပြုထားတဲ့လုပ်ငန်းများမှလွဲ၍ အခြားသောသယံဇာတပစ္စည်းများကို ထုတ်လုပ်မှာစိုးတဲ့အချက်ပဲ ဖြစ်ပါတယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်ရဲ့ တင်ပြချက်မှာပါဝင်တဲ့ သဘောသဘာဝနဲ့တူနေတာတွေရှိရပြီး ၄င်းရဲ့တင်ပြချက်က ပိုမိုပြည့်စုံမှု ရှိနေတာတွေ့ရတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းထွန်းရဲ့ အဆိုပြုချက်ကို သဘောတူကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးစိုး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဥပဒေကြမ်း အခန်း(၆) အပိုဒ် ၁၆ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များတွင် အပိုဒ်(က)မှ(င)အထိ သတ်မှတ်ထားပါကြောင်း တွေ့ရှိရပါတယ်။ ဦးသိန်းထွန်း၊ ကျောင်းကုန်း၏ တင်ပြချက်မှာ လိုက်နာရမည့်စည်းကမ်းချက်များကို အသစ်ထပ်မံထည့်သွင်းရန် အဆိုပြုတင်ပြထားခြင်းဖြစ်ပါတယ်။ တင်ပြချက်မှာ ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမှအပ မြေပေါ်မြေအောက်ရှိ အခြားသယံဇာတပစ္စည်းများကို ထုတ်ယူခြင်းမပြုရ ဟူ၍ ဖြစ်ပါတယ်။ ၄င်းအချက်ကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ စိစစ်အတည်ပြုထားပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီမှလည်း ၄င်းအချက်နဲ့ ပတ်သက်လို့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားကိုလည်းသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ ကျောင်းကုန်းရဲ့တင်ပြချက်သည် အဓိပ္ပာယ်နှင့် အနှစ်သာရပြည့်စုံပြီး စကားလုံး စကားရပ် ပိုမိုကျစ်လစ်ပါသဖြင့် သဘောတူပါကြောင်းတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ဇယားမှာတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီနဲ့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုဟာ အတူတူပဲဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော် ကြားလိုက်တာက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ဦးသိန်းထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံသဘောကျတယ်လို့ပြောပါတယ်။ အဲဒါမှန်ပါသလား။ ဒီအတိုင်းပဲ ပြည်ထောင်စုဝန်ကြီးဌာနကလည်း ဦးသိန်းထွန်းရဲ့ အဆိုပြုချက်ကိုပဲ ပိုပြီးတော့ ပြည့်စုံတဲ့အတွက် ထောက်ခံတယ်ဆိုတဲ့သဘော ဒီလိုပဲရပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ မြေပေါ်မြေအောက်ရှိ သယံဇာတပစ္စည်းများ ထုတ်ယူခြင်း မပြုရဆိုတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တင်ပြချက်ဟာ အခြားတင်ပြချက်များနှင့် ကွဲလွဲမှုဖြစ်တဲ့သဘော ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကော်မတီက ထပ်မံပြီးတော့ ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။ ဆိုလိုတာက ဦးသိန်းထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ထောက်ခံတယ်။ တစ်ခါ ဥပဒေကြမ်းကော်မတီက စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ တင်ပြချက်ကို ထောက်ခံတယ်။ ဒါကြောင့် တင်ပြချက်ကို ထောက်ခံခြင်းသည် ဦးသိန်းထွန်းရဲ့ တင်ပြ ချက်ကို ထောက်ခံတာလား သို့မဟုတ် ဒီစာသားအတိုင်းထောက်ခံတာလား။ ဒါကိုရှင်းအောင် ရှင်းလင်းဖို့ ဖြစ်ပါတယ်။ ရှင်းလင်းတယ်ဆိုလို့ရှိရင်တော့ ဘာမှကန့်ကွက်စရာ၊ သဘောထားယူစရာ မလိုဘဲနဲ့ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်းရဲ့ အဆိုပြုချက် အတည်ဖြစ်မှာ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မှန်ပါတယ်။ ဥက္ကဋ္ဌကြီးကျွန်တော်တို့ ဦးသိန်းထွန်းရဲ့အဆိုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ထောက်ခံထားသလို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကလည်းပဲ ဦးသိန်းထွန်းရဲ့အဆိုကိုပဲ ထောက်ခံထားခြင်း ဖြစ်ပါတယ်။ ဒီဇယားမှာ ဖော်ပြထားမှုဟာ အနည်းငယ် ကွဲလွဲထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီနှစ်ရပ်လုံးကနေပြီးတော့ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းရဲ့အဆိုကို ထောက်ခံထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးသိန်းထွန်းတင်ပြတဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆိုဟာ ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်း အဆိုပြုတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အခန်း(၆) အပိုဒ် ၁၆ အသစ်ထပ်မံခြင်းနှင့် ပတ်သက်ပြီးတော့အပိုဒ်ခွဲ(ဆ)အရ ပြင်ဆင်ချက်ပြုထားပါတယ်။ မူလအဆိုပြုချက်လည်းမရှိပါဘူး။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်လည်းမရှိပါဘူး။ အသစ်တင်ပြတဲ့အချက်လည်း ဖြစ်ပါတယ်။ အပိုဒ်ခွဲ(ဆ) ခွင့်ပြုထားသော မြေအတွင်းသယံဇာတပစ္စည်းများ တွေ့ရှိ၍ နိုင်ငံတော်အစိုးရက စီးပွားဖြစ်ထုတ်လုပ်လိုသဖြင့် ခွင့်ပြုထားသော မြေနဲ့လိုအပ်မည့်မြေဧရိယာကို ပြန်လည်သိမ်းယူသည့်အခါ ဗဟိုကော်မတီက ညွှန်ကြားသည့်အတိုင်း ပြန်လည်အပ်နှံရမည်လို့ တင်ပြထားခြင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီကတော့ ကျွန်တော်တင်ပြထားတဲ့ ဗဟိုကော်မတီကအစား ပြည်ထောင်စုအစိုးရက ဆိုပြီးတော့ တင်ပြထားခြင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တင်ပြချက်က ပိုမိုပြည့်စုံပြီး လျော်ကန်သင့်မြတ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အပိုဒ်ခွဲ(ဆ)ကို တင်ပြထားတဲ့အချက်ကို ကျွန်တော့်အနေနဲ့ ထောက်ခံပြီးတော့ ကျွန်တော့်ရဲ့ အဆိုပြုထားသောတင်ပြချက်ကို ရုပ်သိမ်းကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ကော်မတီနှစ်ရပ်ရဲ့ သဘောထားကိုမမေးတော့ဘဲနဲ့ ပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီနှစ်ရပ်ရဲ့ ဖြည့်စွက်တင်ပြချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အဆိုသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၅ အခန်း(၇) အပိုဒ် ၁၇ ဦးတင်မောင်ဦး၊ ရွှေပြည်သာမှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြပါအမှတ်စဉ် ၂၅ အခန်း(၇) အပိုဒ် ၁၇ နဲ့ပတ်သက်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တင်ပြချက်နဲ့ ကွဲလွဲချက်မရှိတဲ့အတွက်ကြောင့် ရုပ်သိမ်းပြီး ဖြစ်ကြောင်း တင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးတင်မောင်ဦးပြောတာက ဒီဇယားထဲမှာပါတဲ့ ဦးတင်မောင်ဦး အဆိုပြုတဲ့ စာပိုဒ်ကို ပြန်လည်ရုပ်သိမ်းတယ်။ စိုက်ပျိုးရေးမွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အဆိုပြုချက်ကို ထောက်ခံတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေကြမ်းကော်မတီတို့နဲ့အတူ အတည်ပြု ထားတာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒီကော်မတီနှစ်ရပ်က ဖော်ပြထားတာ မူလအဆိုပြုပြဋ္ဌာန်းချက် အတိုင်းထားရှိသင့်ပါသည်လို့ ဖော်ပြထားတဲ့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကလည်း သီးခြားအဆိုပြုရန် မရှိဘူးလို့ထင်ပါတယ်။ အဆိုပြုရန်မရှိဘူးဆိုရင်တော့ မူလအဆိုပြုပြဋ္ဌာန်းချက် အတိုင်းထားရှိသင့်သည်ဆိုတဲ့အပိုင်းသည် ဤဥပဒေ၏ အစိတ်အပိုင်းအတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၃ အမှတ်စဉ် ၂၆ အခန်း(၇) အပိုဒ် ၁၈ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်လှိုင်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စိုက်ပျိုးရေးမွေးမြူရေး နှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အဖွဲ့ဝင် ဦးတင်လှိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီကိုယ်စား အခန်း(၇) အပိုဒ် ၁၈ နဲ့ပတ်သက်လို့ တင်ပြပါ့မယ်။ ဒီ အခန်း(၇) အပိုဒ် ၁၈ နဲ့ ပတ်သက်ပြီးတော့မှ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း လို့ ကျွန်တော်တို့ ကော်မတီက အဆိုပြုတင်ပြလိုပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင် အတည်ပြုချက်အဆိုဟာ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း ရှိ၊ မရှိကို စစ်ဆေး ရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သော အထူးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ် နိုင်သည်လို့ ဖော်ပြထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုထားချက်ဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအနေနဲ့ သတ်မှတ်ထားတဲ့စည်းကမ်းချက် နဲ့အညီဆောင်ရွက်မှု ရှိ၊ မရှိကို စုပေါင်းပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးခြင်းသည် မူလအဆိုမှာ ပါဝင်တဲ့မြို့နယ်ဦးစီးမှုအောက်မနိမ့်သော ပုဂ္ဂိုလ်တစ်ဦးအားဖြစ်စေ၊ အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ တာဝန်ပေး

အပ်နိုင်ပြီး ဆိုတဲ့ တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် လုပ်ငန်းစစ်ဆေးခြင်းနဲ့ မှန်မှန်ကန်ကန် ဘက်လိုက်မှု နည်းပါးကင်းရှင်းနိုင်သည်ဖြစ်၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်သည် အထူးပင်လျော်ကန်သင့်မြတ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်းထားရှိရန် အဆိုပြုတင်ပြအပ်ပါ ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဥပ ဒေကြမ်းကော်မတီလည်း သဘောချင်းတူတဲ့အတွက် မေးမြန်းခြင်း မပြုပါဘူး။ ဒါကြောင့် ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဓိပ္ပာယ်မပေါ်ရုံဖြစ်စေဦး။ လေးနက်မှုရှိပါတယ်ခင်ဗျား။ လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် အတိုင်းထားသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း (၇) အပိုဒ် ၁၉ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီမှ အဆိုပြုရန်ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်ဆွေ(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အင်္ဂပူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးမောင်မောင်ဆွေဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းပါ အခန်း (၇) အပိုဒ် ၁၉ ၏ မူလဥပဒေကြမ်း အပေါ်တွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ ဗဟိုကော်မတီသည် အောက်ပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်ဟု အနည်းဆုံးဆိုသည့် စကားရပ်ကို မူလအဆိုတွင် ဖြည့်စွက်ပြင်ဆင်အတည်ပြုထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ လိုအပ်သည့်မြေ ဧရိယာကို ပြန်လည်ရယူရန် အခြေအနေများတွင် နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက်ရမည်မှာ မှန်သော်လည်းပဲ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအနေဖြင့် များစွာနစ်နာမှုမရှိစေရေးကိုလည်းပဲ

ထည့်သွင်းစဥ်းစားရမှာဖြစ်ပါတယ်။ သို့အတွက် ပြန်လည်သိမ်းယူရာတွင်လည်းပဲ လုံလောက်လျော်ကန်သော မြေဧရိယာကိုသာ ပြန်လည်သိမ်းယူရန်အနည်းဆုံး မြေဧရိယာကိုသာ ပြန်လည်သိမ်းယူရေးဆိုတဲ့စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းထားတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေကြမ်း အခန်း (၇) အပိုဒ် ၁၉ မှာပါတဲ့ ဗဟိုကော်မတီသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအနက်မှ လိုအပ်သည့်မြေဧရိယာကို ပြန်လည်ရယူခွင့်ရှိပါသည်ဆိုပြီး မူလအဆိုပြုချက်မှာပါရှိပါတယ်။ အောက်ပါအခြေအနေတစ်ရပ်ရပ်ဆိုပြီး အောက်မှာ အပိုဒ်ခွဲအနေနဲ့ (က)၊ (ခ)၊ (ဂ)၊ (ဃ) တို့ပါရှိပါတယ်။ အမျိုးသားလွှတ်တော်အနေနဲ့ လိုအပ်သည့်မြေဧရိယာဆိုသည့်နေရာမှာ အနည်းဆုံးဆိုသည့်စကားစုကိုထည့်သွင်းပြီးတော့ ပြန်လည်ပြင်ဆင်ထားတာကိုတွေ့ရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့လည်း အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်ကို ထောက်ခံတင်ပြထားတာကိုတွေ့ရပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၃၇ အရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) ပုဒ်မ ၃၅၆ အရလည်းကောင်း၊ ဥပဒေကြမ်းကော်မတီရဲ့ စိစစ် ကိုက်ညီရမယ့်အချက်များနှင့်လည်းကောင်း ကိုက်ညီတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဆိုပြုချက်အတိုင်း ထောက်ခံပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထား သိလိုပါတယ်ခင်ဗျား။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လုပ်ပိုင်ခွင့်ရရှိသူ၏အခွင့်အရေးအတွက် အပြည့်အဝကာကွယ်ပေးထားသော အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်အား ထောက်ခံအတည်ပြုပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်၊ အတည်ပြုချက်အား အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း (၇) အပိုဒ် ၂၀ ယင်းကိစ္စနှင့်ပတ်သက်ပြီး ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအား လေးစားစွာဂါရဝပြုပါတယ်ခင်ဗျား။ အခု ကျွန်တော်ဆွေးနွေးလိုတဲ့ အခန်း(၇) အပိုဒ် ၂၀ ကတော့ မူလအဆိုပြုပြဋ္ဌာန်းချက်ရှိပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် မရှိပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ ပြည်သူ့လွှတ်တော်နေရာကနေ မူလပြဋ္ဌာန်းချက်ဥပဒေမှာ ပြည့်စုံလုံလောက်အောင် လိုအပ်ချက်လေးတွေရှိနေသေးတဲ့အတွက် ကျွန်တော်ထပ်မံဖြည့်ပေးချင်တဲ့ အတွက် ပြင်ဆင်ချက်တင်ခြင်းဖြစ်ပါတယ်။ ပြင်ဆင်ချက်တွေကိုတော့ အချိန်ကိုလေးစားသောအားဖြင့် မဖတ်တော့ပါဘူး။ ပြင်ဆင်ရတဲ့အကြောင်းရင်းလေးပဲတင်ပြပါရစေ။ ဒီမှာဖော်ပြထားတဲ့ အတိုင်းပါပဲ ဗဟိုကော်မတီကနေပြီးတော့ မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ပေးထားသူဆီကနေ ပုဒ်မ ၁၉ အရ ပြန်လည်သိမ်းယူတဲ့အခါမှာ ပုဒ်မ ၁၉ အ ရဆိုတာလည်း နိုင်ငံတော်ရဲ့လိုအပ်ချက်ကြောင့်သော်လည်း ကောင်း၊ စီမံကိန်းအတွက်လိုအပ်ချက်ကြောင့်သော်လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်ကြောင့်သော်လည်းကောင်း၊ ဓာတ်သတ္တုကြောင့်သော်လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့် ပြန်လည်သိမ်းယူရတဲ့အခါမှာ ခွင့်ပြုချက်ရရှိထားတဲ့ရင်းနှီးမြှုပ်နှံသူဟာ သူရဲ့စိုက်ထုတ်ထားတဲ့အချိန်၊ လုပ်အား၊ ပေးသွင်းထားတဲ့ အာမခံကြေး၊ စိုက်ထုတ်ထားတဲ့ငွေကြေးတွေ မနစ်နာစေဘဲပြန်လည် ရရှိနိုင်အောင်လို့ အခြေခံဥပဒေရဲ့မူအတိုင်း ကျွန်တော်ပြင်ဆင်ထားခြင်းဖြစ်ကြောင်း တင်ပြပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေကြမ်းပါ အခန်း (၇) အပိုဒ် ၂၀ ၏ မူလအဆိုပြုပြဋ္ဌာန်းချက်အစား မိမိတို့

ကော်မတီအနေဖြင့် အောက်ပါအတိုင်းပြင်ဆင်ပြဋ္ဌာန်းရန်တင်ပြလိုပါတယ်။ အခန်း(၇) အပိုဒ် ၂၀ ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အမှန်တကယ်အဖွဲ့၏သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့်သတ်မှတ်ကာလအတွင်းလျော်ကြေးရရှိစေရန် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်လို့ ပြင်ဆင်အဆိုပြုအပ်ပါတယ်။ မူလဥပဒေကြမ်းပါ လျော်ကြေးရရှိစေရန် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟုသာပါရှိပြီးတော့ ညှိနှိုင်းဆောင်ရွက်ရမည့်ကာလတစ်ခု သတ်မှတ်ခြင်းမပါရှိသည်ကိုတွေ့ရှိရပါတယ်။ ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်အနေနဲ့ ပြင်ဆင်ရန်တင်ပြချက်တွင်လည်း ပြန်လည်သိမ်းယူခြင်းကို လျော်ကြေးရရှိပြီးသည်အထိ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီးမှ ပြန်လည်သိမ်းယူခြင်းဆောင်ရွက်ရန် ပြင်ဆင်ချက်အဆိုကို တင်သွင်းထားကြောင်းတွေ့ရှိရပါတယ်။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် အမှန်တကယ်ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်များကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူအား ပြန်လည်လျော်ကြေးထုတ်ပေးသင့်ကြောင်း မူလဥပဒေကြမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏အဆိုပြုချက်ပါအတိုင်း ဆောင်ရွက်ပေးသင့်သည်ဟုသုံးသပ်တွေ့ရှိရသော်လည်း အချိန်ကာလတစ်ခုသတ်မှတ်ပေးသင့်ပြီး လိုအပ်ချက်အရ ပြန်လည်သိမ်းယူခြင်းအတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အဟန့်အတား၊ အနှောင့်အယှက်မဖြစ်စေရန်လည်းကောင်း၊ လျော်ကြေးငွေပေးရမည့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လျော်ကြေးငွေပေးချေနိုင်ရေးအတွက် ဘတ်ဂျက်ရေးရာ ငွေရေးကြေးရေးအစီအစဉ်များအတွက် ကာလအပိုင်းအခြားတစ်ခုကို လိုအပ်နိုင်သည့်အတွက်ကြောင့်လည်းကောင်း၊ မူလပြဋ္ဌာန်းချက်နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုပြုချက်၊ ရည်ရွယ်ချက်ကိုလည်းပါရှိနိုင်စေရေးအတွက် အခန်း (၇) အပိုဒ် ၂၀ အား ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အမှန်တကယ်ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်အဆိုပြုပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကော်မတီရဲ့ကိုယ်စား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေကြမ်းရဲ့ အခန်း (၇) အပိုဒ် ၂၀ ပါအချက်ကိုရှင်းလင်းသွားမှာဖြစ်ပါတယ်။ ဒီအခန်းမှာဆိုရင် မူလ ပြဋ္ဌာန်းချက်မှာ ဗဟိုကော်မတီသည် ခွင့်ပြုထားသောမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အမှန်တကယ်ရင်းနှီးမြှုပ်နှံထား သည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ကာလတန်ဖိုး တွက်ချက်၍ လျော်ကြေးရရှိစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု အဆိုပြုထားပြီး ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးရဲ့အဆိုပြုချက်မှာ ဗဟိုမြေယာကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကပေးသွင်းထားသည့် အာမခံကြေးအပါအဝင် အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်များကို ကာလတန်ဖိုးတွက်ချက်၍ လျော်ကြေးတွက်ချက်၍ လျော်ကြေးရရှိပြီးသည်အထိ သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီးမှ ပြန်လည် ရယူနိုင်သည်ဟုအဆိုပြုထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အနေနဲ့ ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အမှန်တကယ်ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု အဆိုပြုတင်ပြထားပါသည်။ ဒီနေရာမှာ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးရဲ့ အဆိုနဲ့ ဒီမူရင်းဝန်ကြီးဌာနရဲ့အဆိုမှာ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးရဲ့အဆိုဟာ လုပ်ကိုင်ခွင့်ရရှိထား သူတွေနစ်နာမှာစိုးရိမ်တဲ့အတွက် လျော်ကြေးရရှိပြီးသည်ဆိုတဲ့စကားရပ်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဆိုသည့်စကားရပ်ကိုဖြုတ်ချပြီး လျော်ကြေးရရှိပြီးသည် အထိ စကားရပ်ကိုထည့်သွင်းထားခြင်းကြောင့် ဒီနေရာမှာ မူလဝန်ကြီးဌာနရဲ့ဥပဒေကြမ်းရည်ရွယ်ချက် ကိုပျောက်ကွယ်သည့် သဘောလည်းဖြစ်သွားပါတယ်။ ရောထွေးမှုများလည်းဖြစ်ပါတယ်။ ဦးဝင်းဦးရဲ့ အဆိုမှာ ညှိနှိုင်းဆောင်ရွက်ပေးပြီးမှ ပြန်လည်ရယူနိုင်သည်ဆိုတော့ မူရင်းဝန်ကြီးဌာနရဲ့ဖော်ပြချက်မှာ

ညှိနှိုင်းဆောင်ရွက်ပေးရမည်လို့ ဝန်ကြီးဌာနရဲ့လုပ်ပိုင်ခွင့်ဖော်ပြထားပြီး ဦးဝင်းဦးရဲ့အဆိုမှာကျတော့ လုပ်ပိုင်ခွင့်ရရှိသူကရယူနိုင်သည်ဆိုပြီးမှ မူရင်းဝန်ကြီးဌာနရဲ့အဆိုနဲ့ အဆိုရဲ့ရည်ရွယ်ချက်ကို ပျောက်ကွယ်နေတာကိုတွေ့ရပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ဖော်ပြချက်ဟာ ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ ကာလသတ်မှတ်ပြီး ပိုမိုပြည့်စုံတဲ့ကာလအပိုင်းအခြား ထည့်သွင်းထားခြင်းကြောင့် စကားရပ်ဟာ ပိုမိုပြည့်စုံပြီးတော့မှကောင်းမွန်တဲ့အဓိပ္ပာယ်ဆောင်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ဖော်ပြချက်ကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။ ဒီနေရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ရဲ့အဆိုပြုချက် ဘယ်ဟာကိုပိုမိုနှစ်ခြိုက်သလဲဆိုတာကိုလည်း ဖော်ပြပေးဖို့လိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီနှစ်ရပ်၏ ဖြည့်စွက်တင်ပြချက်သည် အဓိပ္ပာယ်ပိုမိုပြည့်စုံလေးနက်ပါသဖြင့် ကော်မတီနှစ်ရပ်၏ တင်ပြချက်အား ထောက်ခံပါကြောင်းအဆိုပြုတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးဝင်းဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအားလုံးသိထားတဲ့အတိုင်းပါပဲ၊ နားလည်ထားတဲ့အတိုင်းပါပဲ၊ ကျွန်တော်တို့ ဒီအချိန်မှာ ဥပဒေပြုရေးကိုလုပ်နေတဲ့အချိန်မှာ မြန်မြန်ပြီးဖို့ထက်မှန်ကန်ဖို့လည်း လိုပါတယ်။ ယနေ့ခေတ်အခါနဲ့ကိုက်ညီတဲ့ဥပဒေတစ်ခုတည်းကိုပဲ ပြုလုပ်နေတာမဟုတ်ဘဲနဲ့ နောင်ငါးနှစ်၊ နောင်အနှစ် ၅၀ မှာဖြစ်လာနိုင်တဲ့ ကျွန်တော်တို့နိုင်ငံနဲ့ နိုင်ငံသားတွေအားလုံးအတွက် ရည်စူးပြီးတော့ စဉ်းစားပြီးတော့ လုပ်နေတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်ပြင်လိုက်တဲ့ နေရာမှာ မူလဥပဒေပြုပြင်ဌာန်းချက်နဲ့ အနည်းငယ်ကွဲလွဲတယ်ဆိုရင်လည်း ကျွန်တော်တာဝန်ယူ ပါတယ်။ ပထမ ဗဟိုကော်မတီသည်လို့ အမြဲတမ်းပါနေတဲ့အတွက်ကြောင့် ပြည်ထောင်စုအစိုးရ သဘောထားသတ်မှတ်ချက်နဲ့အညီဆိုတာလေး ကျွန်တော်ဖြုတ်ခဲ့တာဖြစ်ပါတယ်။ သက်သက်မဲ့ ဖြုတ်တာမဟုတ်ပါဘူး။ အဲဒါလေးကို ကျွန်တော်နားလည်အောင်ရှင်းပြရင်းနဲ့ ဒီဥပဒေမှန်ကန်ရေး၊

ကောင်းမွန်ရေးအတွက်တာဝန်ရှိကြတဲ့ ကော်မတီနှစ်ရပ် ဥပဒေကြမ်းကော်မတီတွေက တင်ပြချက်တွေလည်းပဲ ကျွန်တော်အဆိုပြုထားတာထက် ပိုပြီးတော့ကောင်းမွန်ပြည့်စုံတဲ့အတွက် လေးစားစွာလိုက်နာသဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီမှာ ဦးဝင်းဦးက ရှင်းလင်းတဲ့နေရာမှာ ကျွန်တော့်ရဲ့ဇယားထဲမှာတော့ ပြည်ထောင်စုအစိုးရဆိုတဲ့စကားမပါဘဲနဲ့ ဗဟိုကော်မတီ၏ဆိုတာပဲပါပါတယ်။

**ဥက္ကဋ္ဌ။** ။ အခန်း (၇) အပိုဒ် ၂၁ ဦးဝင်းဦးမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)။** ။ အခန်း (၇) အပိုဒ် ၂၁ မှာလည်း မူလပြဋ္ဌာန်းချက်အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်တော့မရှိပါဘူး။ ကျွန်တော့်အနေနဲ့ လိုအပ်မယ်ထင်လို့ ထပ်မံဖြည့်စွက်ချက်လေးတော့ ထည့်ထားပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံသူတွေကိုကာကွယ်ပေးနိုင်ဖို့ လိုအပ်မယ့်စကားလုံးလေးများ ကျွန်တော်ထပ်ထည့်ခြင်းဖြစ်ပါတယ်။ အချိန်ကိုလေးစားသောအားဖြင့် ကျွန်တော်မဖတ်တော့ပါဘူး။ သို့သော် အကြောင်းပြချက်အရတော့ ဒီလိုထည့်ထားရခြင်းဟာ အဓိကရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့ကုမ္ပဏီတွေ၊ ပြည်တွင်းကုမ္ပဏီတွေ၊ နောက်တစ်ခါသူတို့နဲ့ ဖက်စပ်လုပ်လာနိုင်တဲ့နိုင်ငံခြားကုမ္ပဏီတွေ၊ ဒီကုမ္ပဏီတွေအတွက်တော့ ဥပဒေအရကာကွယ်ပေးထားတာဖြစ်သလို ကျွန်တော်အဓိကထားတာကတော့ အရှေ့ပိုင်းမှာ ဒေသခံအခြေခံလူတန်းစား လယ်ယာစိုက်ပျိုးရေးလုပ်တဲ့ တောင်သူလယ်သမားတွေအတွက်ကို ဧက ၅၀ ထိခွင့်ပြုခဲ့ပါတယ်။ ဒီဒေသခံများဟာ ဧက ၅၀ ကိုခွင့်ပြုချက်ယူပြီးလုပ်ကိုင်လာတဲ့အခါမှာ ကျေးရွာတစ်ရွာ၊ ကျေးရွာအုပ်စုတစ်စုအနေနဲ့ ပူးပေါင်းပြီးလုပ်လိုက်ရင် ဧက ၅၀၀ လည်းဖြစ်လာနိုင်ပါတယ်။ ဧက ၅၀၀၀ လည်းဖြစ်လာနိုင်ပါတယ်။ ထိုသို့ပြုလုပ်လာတဲ့အခြေအနေမျိုးမှာ ဒီစည်းကမ်းချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို သူတို့အနေနဲ့တစ်ခါတလေမှာ မသိရှိလို့ဖြစ်စေ၊ နားမလည်လို့ဖြစ်စေ မလိုက်နာမိလို့ တစ်ချက်ချက်ဖောက်ဖျက်မိတာနဲ့ ဒါတွေအားလုံးဟာ အသိမ်းခံရမယ်ဆိုရင် သူတို့မှာ အင်မတန်နစ်နာသွားနိုင်တဲ့အတွက်ကြောင့် ကျွန်တော်ကစိစစ်ပြီးမှဆိုတဲ့ စကားလုံးလေးတစ်ခုထည့်ပြီးမှ ပြင်ဆင်ခြင်းဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သန့်(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ကိုယ်စား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကြမ်းပါ အခန်း (၇) အပိုဒ် ၂၁ နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ကော်မတီက မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်ကြောင်း တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ မူလဥပဒေကြမ်းပါ အဆိုပြုချက်ကတော့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းထားသောအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်လို့ အဆိုပြုပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ကနေပြီးတော့ အထက်ပါအခန်း(၇) အပိုဒ် ၂၁ ပါ ပြဋ္ဌာန်းချက်ကို ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် စိစစ်ပြီး မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းနိုင်သည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်လို့ စိစစ်ပြီးဆိုတဲ့စကားရပ်ကို ဖြည့်စွက်ပြီးတော့ သိမ်းဆည်းနိုင်သည့်အပြင်ဟု မူလအဆိုမှာ ဖြည့်စွက်ထည့်သွင်းအဆိုပြုထားတာကို တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးဖြည့်စွက်တဲ့ စိစစ်ပြီးဆိုတဲ့စကားရပ်ဟာ ဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုတွေ့ရှိလျှင်လို့ မူလပြဋ္ဌာန်းချက်မှာပါရှိချက်ဟာ ဗဟိုကော်မတီအနေနဲ့ သတ်မှတ်စည်းကမ်းချိုးဖောက်ကြောင်းတွေ့ရှိပြီး ထပ်မံစိစစ်ရန်မလိုတော့ကြောင်း ထင်ရှားပြီးဖြစ်တဲ့ အတွက် ထည့်သွင်းပြဋ္ဌာန်းရန်လိုအပ်တော့မည်မဟုတ်ကြောင်း ကော်မတီမှစိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် သိမ်းဆည်းနိုင်သည်ဟု ပြင်ဆင်ပြဋ္ဌာန်းချက်ဟာလည်း ဗဟိုကော်မတီအနေနဲ့ မူလ ပြဋ္ဌာန်းချက်မှာ သိမ်းဆည်းမည့်အပြင်ဟုဖော်ပြထားပြီးဖြစ်၍ စည်းကမ်းချိုးဖောက်သူကို မဖြစ်မနေ အရေးယူမည်ဖြစ်ကြောင်း ပြစ်ဒဏ်ကိုအတည်အလင်းဖော်ပြချက်ဖြစ်၍ ဥပဒေအရ လျော်ကန် သင့်မြတ်သည့် ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်း အခန်း(၇) အပိုဒ် ၂၁ ကို ကျွန်တော်တို့ ကော်မတီအနေနဲ့ မူလအတိုင်းထားရှိရန် ဆုံးဖြတ်တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါ ကြောင့် ဦးဝင်းဦးရဲ့အဆိုပြုချက်က စိစစ်ပြီးဆိုတာအပြင် အဆိုပြုချက် မူလမှာတုန်းက သိမ်းဆည်းမည့်အပြင်ကို သိမ်းဆည်းနိုင်သည့်အပြင်ဆိုတဲ့ စကားလုံးလည်းပါ ပါတယ်။ သို့ရာတွင် ခုနက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတော့ စိစစ်ပြီးဆိုတဲ့ဟာကိုပဲ အဓိကထား အလေးထားရှင်းသွားတာတွေ့ပါတယ်။ နိုင်သည့်အပြင်ဆိုတဲ့ဟာက နိုင်တယ်ဆိုတာနဲ့ သိမ်းဆည်းမည့်အပြင်ဆိုတာကတော့ နည်းနည်းသဘောကွဲလွဲမှုရှိပါတယ်။ ဒါကြောင့် မိုလို့ ဥပဒေကြမ်းကော်မတီက ဒီအချက်တွေကိုပါ အလေးထားစဉ်းစားပြီးတော့ ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။ သိမ်းဆည်းမည့်အပြင်နဲ့ သိမ်းဆည်းနိုင်သည့်အပြင်က အဓိပ္ပာယ်ကွဲလွဲမှုရှိပါတယ်။ ဒါကြောင့်မိုလို့ ဒါပါထည့်သွင်းစဉ်းစားသုံးသပ်ပေးဖို့လိုပါတယ်။

**ဦးသိန်းထွန်းဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခန်း(၇) အပိုဒ် ၂၁ မှာ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက် ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်း မည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်ဆိုပြီးတော့ မူလပြဋ္ဌာန်း ချက်မှာပြဋ္ဌာန်းထားပါတယ်။ သို့သော်လည်းပဲ မူလပြဋ္ဌာန်းချက်အတိုင်းကိုထားရှိသင့်တယ်ဆိုတဲ့ အကြောင်းကိုလည်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကနေပြီး တော့တင်ပြထားသလို ကျွန်တော်တို့ကလည်း ဒီအတိုင်းတင်ပြထားပါတယ်။ သို့သော်လည်းပဲ သိမ်းဆည်းနိုင်သည့်အပြင်ဆိုတဲ့စကားရပ်ဟာ ကျွန်တော်တို့အဆိုပြုပြဋ္ဌာန်းထားတဲ့ မူလပြဋ္ဌာန်း ချက်မှာမပါပါဘူး။ အတည်ပြုတာသည် မူလအဆိုပြု ပြဋ္ဌာန်းထားတဲ့အတိုင်းဟာ ဥပဒေရေးထုံးနဲ့ အညီ ပိုမိုကျစ်လျစ်ခိုင်မာပြီးတော့ ပိုမိုတိကျတဲ့စကားရပ်ဖြစ်တဲ့အတွက် မူလပြဋ္ဌာန်းချက်အတိုင်း ဖြစ်သင့်ပါကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီနေရာမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက ဤဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်း ထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြု နိုင်ခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။ ဒါကြောင့်မို့လို့ ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့် အပြင်ဆိုတာ ဘာလဲဆိုရင် အာမခံကြေးကိုသာ သိမ်းဆည်းမယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ မြေတွေကို ပြန်သိမ်းမယ်ဆိုတဲ့သဘော၊ လုပ်ပိုင်ခွင့်ကို ပြန်သိမ်းပိုင်ခွင့်ရှိသည်ဆိုတာပါပြီးတော့ သိမ်းမယ်ဆိုတဲ့

သဘောလည်း မသက်ရောက်ပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကလည်း ရှင်းပါတယ်။ ဒါကြောင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောကြားဖို့ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ အဓိပ္ပာယ်နှင့် အနှစ်သာရပိုမိုပြည့်စုံတိကျမှုရှိသည့်အတွက် မူလအဆိုပြုချက်အတိုင်းထားရှိသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဦးဝင်းဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားစွာနဲ့ လိုက်နာသဘောတူပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်ဖြစ်သော မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်သည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း(၇) အပိုဒ် ၂၂ ဦးဝင်းဦးမှ ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၇) အပိုဒ် ၂၂ မှာ ကျွန်တော် ပြင်ဆင်တင်ပြချက်ကတော့ ဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်စပ်လျဉ်း၍ မူလခွင့်ပြုခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်တို့သည် အတည်ဖြစ်ပြီး ခွင့်ပြုမိန့်ကာလပြီးဆုံးသွားမှသာ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်လို့ ကျွန်တော် ပြင်ဆင်ချက်တင်ခဲ့တာဖြစ်ပါတယ်။ အရင်အစိုးရလက်ထက်တွေမှာတုန်းက ဒီမြေလွတ်၊ မြေရိုင်းတွေကို ဖော်ထုတ်လုပ်ကိုင်အသုံးချခွင့်တွေပြုခဲ့ပါတယ်။ အဲဒီတုန်းက ဒီလိုမြေလွတ်၊ မြေရိုင်းတွေကို အသုံးပြုပြီး စိုက်ပျိုးနိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမယ့်လူတွေကို Incentive အခွင့်အရေးများအနေနဲ့ မြေခွန်ကင်းလွတ်ခွင့်တို့၊ အခွန်ကင်းလွတ်ခွင့်တို့၊ နှစ်ရှည်ခွင့်ပြုချက်တို့ ယခင်ကာလ၊ အရင် အစိုးရတွေတုန်းက ချပေးခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ အရင်ခွင့်ပြုခဲ့တဲ့အမိန့်တွေကိုလည်း အဲဒီတုန်းက တည်ဆဲဥပဒေအရ ခွင့်ပြုခဲ့တာတွေ ဖြစ်တဲ့အတွက် ကျွန်တော်တို့သည် ယနေ့မှာ ဒါကိုလည်း လေးစားလိုက်နာရမယ်လို့ ထင်ပါတယ်ခင်ဗျား။ နောက်တစ်ခါ ဒီဥပဒေမထွက်ခင်ကာလမှာ ခွင့်ပြုခဲ့တဲ့ အမိန့်တွေ၊ ခွင့်ပြုခဲ့တဲ့လုပ်ငန်းတွေကိုလည်း ဒီဥပဒေလည်းထွက်ရော ဒီဥပဒေအတိုင်း

ချက်ချင်းလိုက်နာ ဆောင်ရွက်ရမယ်ဆိုရင် မူလရင်းနှီးမြှုပ်နှံသူတွေအပေါ်မှာ ဘာများထိခိုက်နိုင်မလဲလို့ ကျွန်တော်တို့ စဉ်းစားမိတဲ့အတွက်ကြောင့် ခုလိုပြင်ဆင်ချက်တင်ပြတာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန့်(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းပါ အခန်း(၇) အပိုဒ် ၂၂ အပိုဒ်ခွဲ (ခ) နဲ့ပတ်သက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ကိုယ်စား ကျွန်တော် ဦးအောင်သန့်မှ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ အဆိုပါအခန်း(၇) အပိုဒ် ၂၂ အပိုဒ်ခွဲ (ခ)ကို မူလအဆိုပြုချက် အတိုင်းထားရှိသင့်ကြောင်း တင်ပြလိုပါတယ်။ ဥပဒေတစ်ရပ်ဟာ ယခင့်ယခင်က အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ဥပဒေ၊ နည်းဥပဒေများရဲ့ အားနည်းချက်ကိုထောက်ရှုပြီး ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ပြဋ္ဌာန်းချက်အသစ်များ ပြဋ္ဌာန်းရခြင်းဖြစ်တယ်လို့ ကျွန်တော်တို့အဖွဲ့ သဘောပေါက်ကြပါတယ်။ ဒါကြောင့် ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့ရဲ့ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်တို့ အတည်ပြုပြီး ခွင့်ပြုမိန့်ကာလပြီးဆုံးသွားမှသာ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက် ရမည်ဆိုတဲ့ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆိုဟာ လျော်ကန်တဲ့အတွက်ကြောင့်မို့လို့ မူလအဆိုပြုချက်ဖြစ်တဲ့ ဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီလိုက်နာ ဆောင်ရွက်ရမည်ဆိုသည့် စကားရပ်အတိုင်းသာ ထားရှိသင့်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေနဲ့ အဆိုပြုတင်ပြ အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သန့် (အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်)**။ ။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့က မူလအဆိုပြုချက်အတိုင်းပဲထားရှိခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရှင်းသွားပါပြီ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဖန်ကနေ ဆွေးနွေး တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ အခန်း(၇) အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)နှင့်ပတ်သက်ပြီးတော့ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ကြောင်းကို အကျိုးအကြောင်းနှင့်တကွ ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်ဟာ ရင်းနှီးမြှုပ်နှံသူအကျိုးကို ကာကွယ်တယ်ဆိုတာမှန်သော်လည်းပဲ အသုံးပြုခွင့်တို့သည် အတည်ဖြစ်ပြီး ခွင့်ပြုမိန့်ကာလပြီးဆုံးသွားမှသာ ဤဥပဒေနဲ့အညီလိုက်နာဆောင်ရွက်ရမည်လို့ ဖော်ပြ ထားတဲ့အတွက် ကျွန်တော်တို့ဟာ ဥပဒေတစ်ခုကို ပြဋ္ဌာန်းထားတဲ့အချိန်မှာ ထပ်မံပြဋ္ဌာန်းထားတဲ့ အဲ့ဒီ ဥပဒေနှင့်သက်ဆိုင်တဲ့ နောက်ထပ်ဥပဒေပေါ်ပေါက်လာလို့ရှိရင် မူလဥပဒေဟာ ပျက်သုဉ်းပြီးသား ဖြစ်ပါတယ်။ နောက်ပြဋ္ဌာန်းထားတဲ့ဥပဒေကိုသာ ဆက်လက်ကျင့်သုံးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ (က) မှာကြည့်မယ်ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်အပါအဝင် လွှတ်တော်အသီးသီး လွှတ်တော်အဆင့်ဆင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့စတဲ့ဌာနတွေ ကနေပြီးတော့ ပြဋ္ဌာန်းတဲ့ဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းတဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းတဲ့ဥပဒေကိုသာလိုက်နာရမှာဖြစ်ပါတယ်။ ဒီလိုပါပဲ လက်ရှိ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းထားတဲ့ဥပဒေဟာလည်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းတဲ့ ဥပဒေကိုဆန့်ကျင်လို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရသာ ပြဋ္ဌာန်းတဲ့ဥပဒေကို ကျင့်သုံး ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလဥပဒေအရ ပြဋ္ဌာန်းထားတဲ့ဥပဒေကို ခွင့်ပြုမိန့်ကာလပြီးဆုံးမှသာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းတဲ့ဥပဒေကို လိုက်နာကျင့်သုံးရမယ်ဆိုလို့ရှိရင် တစ်ပြိုင်တည်း ဥပဒေနှစ်ခုကို ကျင့်သုံးရာရောက်တဲ့အတွက် ဒါဟာ ဥပဒေအရ အကျုံးမဝင်ပါဘူး။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ဤဥပဒေကသာ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါ တယ်။ ဒါမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပါမည်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို လိုက်နာစောင့်ထိန်းရာ ရောက်ပါတယ်။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းချက် အဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်

ရှုက်ရမည်ဆိုတဲ့ ပြဌာန်းချက်အတိုင်းသာထားရှိသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ထုံးစံအတိုင်းပါပဲခင်ဗျား။ လေးစားစွာဖြင့် သဘောတူလိုက်နာပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ မူလအဆိုပြုပြဌာန်းချက်အတိုင်းထားရှိသင့်သည် အတည် ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု ကျွန်တော်တို့ အမှတ်စဉ် ၃၁ အခန်း(၇) အပိုဒ် ၂၂ မှာ ကျွန်တော်ရဲ့တင်ပြချက်နှင့် ပတ်သက်လို့ရုပ်သိမ်းပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီရဲ့ မူလပြဌာန်းချက်အတိုင်းထားရှိသင့်ကြောင်း၊ ထောက်ခံပါကြောင်းတင်ပြ အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစောဘသိန်း၊ သထုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြင်ဆင်လိုတဲ့အချက်က ဆိုလို့ရှိရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ ဥပဒေကြမ်းကော်မတီတို့ကနေပြီးတော့ အတည်ပြုထားတဲ့အချက်က ပိုမိုပြည့်စုံတဲ့အတွက် ကျွန်တော်၏ပြင်ဆင်ချက်ကို ပြန်လည်ပြီးတော့ရုပ်သိမ်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။

။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်၊ အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ဖြစ်ပါတယ်ခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကြမ်းပါ အခန်း(၇) အပိုဒ်

၂၂ အပိုဒ်ခွဲ (ဂ) ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ကတော့ မူလခွင့်ပြုကာလထက်ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟုမှတ်ယူရမည်ဖြစ်ပြီး လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြန်လည်ရရှိလိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ လျှောက်ထားပိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ စောစောက ကိုယ်စားလှယ်ကြီးများက မိမိရဲ့အဆိုများကို ပြန်လည်ရုပ်သိမ်းသွားတဲ့အတွက်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် မူလအဆိုပြုပြဋ္ဌာန်းချက်များ အတိုင်းထားရှိသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ ဆွေးနွေးရန် မလိုတော့ပါဘူး။ ထိုနည်းတူစွာပဲ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကလည်း ဆွေးနွေးရန် မလိုတော့ပါဘူး။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်များအတိုင်းထားရှိသင့်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ဒီနေ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ကျွန်တော့်အနေနဲ့ အပိုဒ် ၂၅ ကို ပယ်ဖျက်ပေးဖို့ အဆိုတင်သွင်းခြင်း ဖြစ်ပါတယ်။ အပိုဒ် ၂၅ ဆိုတာ နောက်ပိုင်းမှာတွဲလာတဲ့ အပိုဒ် (က)တို့ နောက်ဘက်မှာအဆိုတင်သွင်းလာတာက ကျွန်တော်နဲ့ တစ်ပြိုင်တည်းဖြစ်တာမို့လို့ အဲဒီအပိုဒ်တွေကျတော့ ကျွန်တော့်အနေနဲ့ တစ်ခုလုံးကို ပယ်ဖျက်ရန်ဆိုပေမယ့် အဲဒီအပိုဒ်တွေက မူလရည်ရွယ်ချက်ဖြစ်တဲ့ အပိုဒ် ၂၅ နဲ့ အကျုံးမဝင်ပါဘူးခင်ဗျား။ အဲဒါကြောင့် မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ အပိုဒ် ၂၅ ကို ကျွန်တော် အနည်းငယ်ပထမဖတ်ပြလိုပါတယ်။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းပေါ်ပေါက်ကြောင်းတွေ့ရှိလျှင် ဥပဒေနှင့်အညီ အကာအကွယ်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည် ဆိုပြီးတော့ မူလပြဋ္ဌာန်းချက်မှာ ပြဋ္ဌာန်းထားပါတယ်။ ဒီတော့ အဲဒီမှာ ဟန့်တားနှောင့်ယှက်ဆိုတဲ့

စကားလုံးပါ ပါတယ်။ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်းဆိုတဲ့ စကားလုံးပါပါတယ်။ အကျိုးဖျက်ဆီးခြင်းဆိုတဲ့ စကားလုံးပါပါတယ်။ အဲဒီပြစ်မှုတွေကို ပေါ်ပေါက်လာလို့ရှိရင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပေးရမယ်ဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်။

အဲဒီအပိုဒ်ဟာအောက်မှာဖော်ပြထားတဲ့အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ ဆိုတဲ့အပိုဒ်တွေနဲ့ ဆန့်ကျင်ကွဲလွဲနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအပိုဒ် ၂၆ မှာ အကျိုးဖျက်ဆီးကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ရမည်လို့ရေးထားပါတယ်။ အပိုဒ် ၂၇ မှာ ဝင်ရောက်ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် ၂၈ မှာ ဟန့်တားနှောင့်ယှက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုပြီးတော့ ပြစ်ဒဏ်နှင့်အညီ ဖောက်ဖျက်ခြင်းနဲ့ ပြစ်ဒဏ်ကို အတိအကျပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ အပိုဒ် ၂၅ နဲ့ ဆန့်ကျင်ကွဲလွဲနေပါတယ်။ အပိုဒ် ၂၅ က ဥပဒေနဲ့အညီ အကာအကွယ်ရရှိရေးအတွက်ဆိုပြီးတော့ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမယ်ဆိုပြီးတော့ အောက်မှာကျတော့ ဥပဒေနဲ့အညီ အကာအကွယ်ရဖို့အတွက် တရားစွဲဆိုပိုင်ခွင့်ကို ပေးထားပါတယ်။ အဲဒါကို ထင်ရှားစေတာကတော့ အပိုဒ် ၃၀ မှာ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉ တို့၏ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုများအဖြစ် သတ်မှတ်ရမယ်ဆိုပြီးတော့ ဖော်ပြထားတဲ့အတွက် ဒါဟာ ရဲ ရဲ့လုပ်ပိုင်ခွင့်ထဲမှာကျရောက်ပါတယ်။ အဲဒါကြောင့် ဒါဟာ ဥပဒေနဲ့ မညီကြောင်း ဒါဟာအပိုဒ် ၂၅ ဟာ အောက်ပါပုဒ်မတွေနဲ့ အပိုဒ်တွေနဲ့ ဆန့်ကျင်နေတဲ့အပြင် ရဲကိုလည်း လုပ်ပိုင်ခွင့်ပေးထားတဲ့ လုပ်ပိုင်ခွင့်တစ်ခုဖြစ်နေတာမို့လို့ ဒီအပိုဒ် ၂၅ ဟာ ဥပဒေနဲ့အညီ ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာနတွေဖွဲ့စည်းဖို့ ညှိနှိုင်းပေါင်းစပ်ပေးဖို့ဆိုတာ မလိုအပ်ပါကြောင်း ပြောလိုပါတယ်ခင်ဗျား။ အဲဒါကြောင့် ဒီအပိုဒ် ၂၅ ကို ဥပဒေရဲ့ ကွဲလွဲချက်ရှိတာကြောင့် ဒါကို ပယ်ဖျက်ပေးဖို့ ကျွန်တော့်အနေနဲ့တင်ပြခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်မှာပဲဖြစ်ဖြစ် နောက်ပိုင်းမှာ ကျွန်တော်တို့၊ ဦးရဲထွန်းတို့၊ ကော်မတီအသီးသီးက ပြင်ဆင်ချက်တွေမှာ တွေ့ရတာကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက

လက်ရှိလက်ငုတ်လုပ်ကိုင်နေသော ဒေသခံလုပ်ငန်းရှင်များရှိပါက ယင်းတို့အားလည်း နစ်နာမှု မရှိစေရန် ဒေသပေါက်ဈေးနှုန်းအလိုက် လိုက်လျောညီထွေသည့် လျော်ကြေးငွေကို သတ်မှတ်ပေးရမယ်ဆိုပြီးတော့ ပြောထားပါတယ်။ ဒီတော့ ယခင်ကတည်းက ရှိတဲ့နေရာဟာ ဒီဧရိယာမြေကို လျှောက်တဲ့သူဟာ နောက်မှပဲလျှောက်တာပါ။ ယခင်ကတည်းက ရှိတဲ့လူတွေကို နောက်မှလျှောက်တဲ့ လူတွေက ဘယ်မြေမဆိုသူတို့သိမ်းလို့ရတယ်ဆိုတဲ့ သဘောမျိုးဖြစ်နေပါတယ်။ နောက်ကိစ္စကို နောက်မှရှင်းလိုက်ဆိုပြီးတော့ ဒေသခံလက်ရှိ လက်ငုတ်လုပ်စားနေတဲ့ လုပ်ငန်းရှင်တွေကို သူတို့က လက်ဝါးကြီးအုပ်ပြီးတော့ လာပြီးမြေတွေကို လျှောက်ပြီးရတဲ့ သဘောမျိုးဖြစ်နေပါတယ်။ ဥပဒေကကို တရားဝင်ခွင့်ပြုထားတဲ့သဘောမျိုး ဖြစ်နေပါတယ်။ ဒါကို နည်းနည်းစဉ်းစားနိုင်ဖို့ တင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက မြေလွတ်၊ မြေလပ်မဟုတ်တော့သဖြင့် ဆိုပြီးတော့ အဲဒီအပိုဒ်(ခ)မှာပဲ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားပါတယ်။ မြေလွတ်၊ မြေလပ်မဟုတ်တော့သဖြင့် ယင်းတို့အား နစ်နာစေမှုမရှိစေရန် နှစ်ဦးနှစ်ဖက် သဘောတူလက်ခံနိုင်သော နစ်နာကြေးပေးသည်များ ဥပဒေနဲ့ အညီ ဆက်လက်ဆောင်ရွက်ရမည်ဟု ပြောထားပါတယ်။ မြေလွတ်၊ မြေလပ်မဟုတ်တော့ရင် သိမ်းယူစရာ အကြောင်းလည်း မရှိတော့ပါဘူး။ လျော်ကြေးပေးစရာအကြောင်းလည်း မလိုအပ်ပါဘူး။ မြေလွတ်၊ မြေလပ်မဟုတ်တဲ့အတွက် အဲဒီမြေကို လျှောက်လို့ကိုမရပါဘူး။ အဲဒီလိုသာ လုပ်စတမ်း ဆိုရင် ဒီပိုင်ရှင်ရဲ့ သူ့မြေရဲ့အပေါ်မှာစွဲလန်းတဲ့စိတ်၊ သူတစ်ပါးရဲ့သိမ်းယူခြင်းကို ခံစားရတဲ့အခါမှာ ခံစားမှုဂုဏ်သိက္ခာကိုပါ ထည့်တွက်ပြီးတော့ ဒါလည်းမဖြစ်သင့်ကြောင်း ကျွန်တော် ဥပဒေနဲ့ ပြဋ္ဌာန်းပြီးတော့ လုပ်ပိုင်ခွင့်ပေးထားတဲ့ သဘောမျိုးဖြစ်တဲ့အတွက်ကြောင့် မဖြစ်သင့်ဘူးဆိုတာကို ပြောပြလိုပါတယ်။ သို့သော်လည်း ဒီနောက်ဆက်တွဲအဆိုတွေဟာ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်ကို အတူတူတင်ပြရတာမို့လို့ ဒီလိုပြဋ္ဌာန်းချက်တွေကို မသိခဲ့တာကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီလက်ရှိ ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်ဖို့ ကျွန်တော့်အနေနဲ့ မတင်ပြနိုင်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြပြန်ရင်လည်းပဲ ပိုပြီးတော့ဆိုးသွားပြီးတော့ ဖွတ်မရဓားမဆုံးဖြစ်သွားမှာလည်း စိုးပါတယ်။ ဒါကြောင့် ဒီဥပဒေရဲ့ တစ်ချိန်ချိန်မှာ သက်ဝင်လှုပ်ရှားလာတဲ့အချိန်မှာ ဖြစ်ပေါ်လာတဲ့ ပြည်သူတွေရဲ့ နစ်နာချက်တွေကို လေ့လာပြီးတော့ ဒီနောက်ဆက်တွဲဥပဒေတွေကို အဲဒီအချိန်မှ ပြန်ပြီးတော့ ပြန်လည် ပြင်ဆင်ဖို့ ကြိုးစားသွားမယ်ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းကို ပြောပြရင်း နိဂုံးချုပ်လိုပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ယခု ပြင်ဆင်ချက် အဆို တင်သွင်းမယ့် အခန်းဟာ အခန်း(၈) အပိုဒ် ၂၅ ဖြစ်ပါတယ်။ ဒီအခန်းမှာ မူလအဆိုပြုပြဋ္ဌာန်း ထားချက်နဲ့ ကျွန်တော်ပြင်ဆင်ချက်အဆို တင်ထားတဲ့ကိစ္စကို ယေဘူယျအားဖြင့် လွှတ်တော် ကိုယ်စားလှယ်များ နားလည်နိုင်အောင် ကျွန်တော်အကျဉ်းချုပ်ဆွေးနွေးလိုပါတယ်။ မူလအဆိုပြု ပြဋ္ဌာန်းချက်က အပိုဒ် ၂၅ ဟာ တစ်ပိုဒ်လုံးအရ ပြောမယ်ဆိုရင် ကျွန်တော်တို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့် ချထားခံရတဲ့လုပ်ငန်းရှင်ကို သူ့ရဲ့လုပ်ငန်းအတွင်းမှာ အနှောင့်အယှက်တွေ၊ ကျူးကျော်ဝင်ရောက်မှုတွေ၊ အကျိုးဖျက်ဆီးမှုတွေရှိလာလို့ ရှိရင်ဥပဒေအရ အကာအကွယ်ပေးဖို့ အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေက ပူးပေါင်းပြီးတော့ ပေါင်းစပ်ပြီးတော့ ညှိနှိုင်းပေးဖို့ဆိုတဲ့ အပိုဒ်ပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ တွေမှာ ခုနဦးဖေသန်း ပြောသွားသလိုပဲ ဒီဥပဒေအရ အကာအကွယ်ပေးထားပြီး ထည့်ထားပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဦးဖေသန်းက အပိုဒ် ၂၅ တစ်ခုလုံးကို ပယ်ဖျက်ဖို့ အဆိုပြုချက်ကို ကျွန်တော့်အနေနဲ့ သဘောတူ ပါတယ်။ သဘောတူပြီးတဲ့အခါကျတော့ အပိုဒ် ၂၅ မှာ ကျွန်တော်က အပိုဒ်ခွဲ(က)နဲ့ အပိုဒ်ခွဲ (ခ) ဆိုပြီးတော့ နှစ်ခုအစားထိုးလိုခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြေလွတ်မြေရိုင်းတွေနဲ့ ပတ်သက်ပြီး လက်တွေ့ပေါ့လေ ကျွန်တော့်တို့ဒေသတွေမှာ အခုချထားပေးတဲ့အခါမှာ ပြဿနာတွေ ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီလိုပြဿနာတွေတွေ့ရတဲ့အခါမှာ ကျွန်တော်တို့ အရင်လက်ငုတ် လုပ်ကိုင်နေတဲ့သူတွေရဲ့ မြေအပေါ်မှာ နောက်ထပ်ချထားပေးတဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ နောက်ထပ် ချထားပေးတဲ့ လူတွေက ယေဘုယျအားဖြင့်တော့ မြေစာရင်းရုံးမှာသွားကြည့်ပြီး ကွက်လပ်ဖြစ်နေတဲ့ နေရာ ပိုင်ရှင်အမည်မပေါက်တဲ့ နေရာတွေကို မြေလွတ်၊ မြေရိုင်းပဲဆိုပြီးတော့ ရုံးမှာပဲ သတ်မှတ် လိုက်တာမျိုးရှိပါတယ်။ အဲဒီလို ဖြစ်တဲ့အခါမှာ တကယ်တမ်းကတော့ အဲဒီနေရာတွေမှာ တောင်သူ တွေက သူတို့ရဲ့သဘာဝအလျောက် လွတ်တယ်၊ လပ်တယ်ဆိုပြီးတော့ ခုတ်ထွင်ရှင်းလင်း စိုက်ပျိုးတာ တွေရှိပါတယ်။ အဲဒီတော့ အဲဒီလိုစိုက်ပျိုးထားတဲ့အခါကျတော့ သူတို့ကို ချပေးလိုက်တော့ လုပ်ငန်းရှင် ကြီးတွေက လာရောက်လုပ်ကိုင်တဲ့အခါမှာ သူတို့တစ်တွေက မကျေမနပ်ဖြစ်ပြီးတော့ ဒီထဲမှာ ဝင်ရောက်ပြီး ကျူးကျော်တာ၊ စိုက်ပျိုးထားတဲ့အပင်တွေကို ခုတ်ဖျက်တာ၊ ဖျက်ဆီးတာ၊ မီးရှို့တာ၊ အကာအရံ အတားအဆီးတွေကို ချိုးဖျက်တာ အဲဒီလို ကိစ္စတွေပေါ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေ မဖြစ်ပေါ်စေ လိုလို့ရှိရင် အရင်ကလက်ငုတ် လုပ်ကိုင်နေတဲ့ တောင်သူတွေနဲ့ ကျွန်တော်တို့

အဆင်ပြေပြေ အစကတည်းက ညှိနှိုင်းနိုင်လို့ရှိရင် ဒီပြဿနာတွေမပေါ်ပေါက်ဘူး။ ဒါမှမဟုတ်ရင်လည်း နည်းသွားမယ်လို့ ကျွန်တော်က ယူဆတဲ့အတွက်ကြောင့်မို့လို့ ဒီနေရာမှာ အပိုဒ်(က)နဲ့ အပိုဒ်(ခ) ဆိုပြီးတော့ ခွဲပြီးတော့ တင်ပြတာဖြစ်ပါတယ်။ ပုဒ်မ ၂၅ ရဲ့ အပိုဒ်ခွဲ(က) အနေနဲ့ကတော့ လက်ငုတ် လုပ်ကိုင် နေတဲ့တောင်သူတွေဟာ ဥပမာမြေစာရင်းမှာအမည်မပေါက်ဘူး။ ပုံစံ(၁၀၅) မပေါက်ဘူး ဆိုလို့ရှိရင် ကျွန်တော်တို့ အဲ့ဒီလိုလုပ်ကိုင်နေတဲ့တောင်သူတွေလည်း တော်တော်များများ ရှိပါတယ်။ အဲဒီအတွက်ကို ကျွန်တော်က အပိုဒ်(က)အနေနဲ့ သူတို့အတွက်ကို ကျွန်တော်တို့ နစ်နာမှုမရှိစေရန် ဒေသပေါက်ဈေးနဲ့ လိုက်လျောညီထွေဖြစ်တဲ့နှုန်းနဲ့လျော်ပေးဖို့ဆိုပြီးတော့ အဲဒီတော့ သူတို့က ဥပဒေအရပြောမယ်ဆိုလို့ရှိရင်တော့ တရားဝင်နာမည်မပေါက်တဲ့အတွက်ကြောင့်မို့လို့ သူတို့လည်း ကျေနပ်မှုရှိအောင် ကျွန်တော်တို့ပြောမယ်ဆိုလို့ရှိရင်တော့ လူမှုရေးအရ တရားမျှတမှုရှိအောင် သူတို့ကိုလည်း ဒေသပေါက်ဈေးနဲ့ညှိနှိုင်းပြီးတော့ လျော်ကြေးပေးခြင်းအားဖြင့် ကျေနပ်သွားအောင် ပြဋ္ဌာန်းပေးတဲ့အပိုဒ် ဖြစ်ပါတယ်။ အပိုဒ်(ခ)ကကျတော့ ကျွန်တော်တို့ မြေစာရင်းဌာနမှာ ပုံစံ(၁၀၅) ပေါက်တယ်။ (၁၀၅)ပေါက်တဲ့ သူတွေရှိကောင်းရှိလိမ့်မယ်။ နောက်လုပ်ငန်းရှင် သေးသေးလေးတွေက မြေစာရင်းဌာနမှာပဲ ဥယျာဉ်ခြံမြေ စိုက်ပျိုးထားတာတို့၊ မွေးမြူရေးလုပ်ငန်း လုပ်ထားတာတို့ မြေဧက နည်းနည်းလုပ်ထားတဲ့ လူတွေရှိမယ်။ အဲဒီလူတွေကတော့ ပုံစံ(၁၀၅)ရော၊ နာမည်ရောပေါက်နေတဲ့ အတွက်ကြောင့်မို့လို့ သူတို့ ကတော့ တရားဝင်လုပ်ပိုင်ခွင့်ရထားပြီး ဖြစ်တယ်လို့ ကျွန်တော်တို့ယူဆရ မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အပိုဒ်(က)နဲ့ အပိုဒ်(ခ)မှာ အပိုဒ်(က)မှာကျတော့ တရားဝင်မဟုတ်ပေမယ့် အဲဒီလိုလက်ဦးမှုရှိနေတဲ့ တောင်သူတွေကို ကျွန်တော်တို့က ဒေသ ပေါက်ဈေးနှုန်းနဲ့ လိုက်လျောညီထွေဖြစ်အောင် လျော်ကြေးငွေ သတ်မှတ်ပေးပြီးတော့ သူတို့ ကျေကျေနပ်နပ်ဖြစ်တဲ့အခါမှာ ကျွန်တော်တို့က မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်မယ့် ဧက ထောင်ချီပြီးတော့ယူမယ့် လုပ်ငန်းရှင်ကြီးတွေ၊ ရာချီထောင်ချီလုပ်မယ့် လုပ်ငန်းရှင်ကြီးတွေကို ချထားပေးပြီးတော့ (ခ)မှာကျတဲ့အခါကျတော့ တကယ့်တကယ်ဥပဒေအရပြောလို့ရှိရင် ဒါဟာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းမဟုတ်တော့ပါဘူး။ မဟုတ်တော့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီဟာကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေအရ ချထားလို့မရပါဘူး။ မရတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရန် သဘောတူလက်ခံနိုင်သော နစ်နာကြေးပေးပြီးမှ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်စေရမည်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်အဆိုတင်တာ

ဖြစ်ပါတယ်။ ဘာကြောင့်တုန်းဆိုတော့ သူတို့စာရွက် စာတမ်းနဲ့ တရားဝင်ရထားတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒါဟာသူတို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းမဟုတ်တဲ့အတွက်ကြောင့် မရောင်း ချင်ဘူးဆိုလို့ရှိရင်လည်း သူတို့လွဲပြောင်းမပေးချင်ဘူးဆိုလို့ရှိရင်လည်း မပေးဘဲနေခွင့်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော် (က) နဲ့ (ခ) ကို ယေဘုယျအားဖြင့် အဲ့ဒီလို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနားလည်အောင် ယေဘုယျအားဖြင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒါကြောင့် ဒီစကားလုံးအသုံးအနှုန်းမှာဆိုလို့ရှိရင်လည်း အမျိုးသားလွှတ်တော်က ကျွန်တော်သုံးနှုန်းထားတဲ့ စကားလုံးကို သူကကွဲလွဲပြီးတော့ဖော်ပြတာက လုပ်ငန်းရှင်ငယ်များ၊ (က) မှာ ကျွန်တော်တို့ အပိုဒ် ၂၅ အပိုဒ်ခွဲ (က) မှာ လက်ရှိလက်ငုတ်လုပ်ကိုင်နေသော ဒေသခံလုပ်ငန်းရှင်ငယ်များရှိပါက သုံးထား ပါတယ်။ ကျွန်တော်ကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လက်ရှိလက်ငုတ်လုပ်ကိုင်နေသူများရှိပါက ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပာယ်က တရားမဝင်ပေါ့။ တရားမဝင်ဆိုတော့ သူတို့ဒေသခံတောင်သူတွေကိုဆိုလိုတာပါ။ အဲဒီ တောင်သူတွေဟာ လုပ်ငန်းရှင်ငယ်လေးတွေမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်က ကျွန်တော်ဆိုလိုချက်နဲ့သိပ်ပြီးတော့မကိုက်ညီပါဘူး။ ကျွန်တော့်အနေနဲ့ ဒါကြောင့်မို့လို့ (က) နဲ့ (ခ) နှစ်ခုဟာ ဆက်စပ်မှုရှိပါတယ်။ အဲ့ဒါကို လွှတ်တော်က ပြည်သူ့ ကိုယ်စားလှယ်များသိရှိရန် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒီလောက်ပါပဲ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးညာဏ်ဆွေဝင်း (အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကျောက်ကြီးမဲဆန္ဒနယ်က ဦးညာဏ်ဆွေဝင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်လည်းဖြစ်ပါတယ်။ ယခု ဆွေးနွေးနေတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ အခန်း(၈) အပိုဒ် ၂၅ နဲ့ ပတ်သက်လို့ ပြင်ဆင်ချက် တင်သွင်းသွားတဲ့ကိုယ်စားလှယ် နှစ်ဦးရှိပါတယ်။ ပထမတစ်ဦးကတော့ မြေပုံမဲဆန္ဒနယ် က ဦးဖေသန်းဖြစ်ပါတယ်။ ဒုတိယတစ်ဦးကတော့ သီပေါမဲဆန္ဒနယ်က ဦးရဲထွန်း(ခေါ်) ဦးမင်းထွန်း ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆွေးနွေးနေတာ လေးလေး နက်နက်နဲ့ အချိန်ယူပြီးဆွေးနွေးခဲ့တာဖြစ်ပါတယ်။ မြေလွတ်၊ မြေရိုင်းဟာဆိုရင်လည်းပဲ ကျွန်တော်တို့

လို စိုက်ပျိုးရေးအခြေခံတဲ့နိုင်ငံအတွက် အသက်တမျှ အရေးကြီးပါတယ်။ ရှေ့ကိုအားယူပြီးတော့ တိုးချဲ့ဖို့ ဖွံ့ဖြိုးတိုးတက်ဖို့လည်း အရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် မြေလွတ်၊ မြေလပ်နဲ့ ပတ်သက်လို့ ဒီဥပဒေမှာ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့နေရာမှာ မြေလွတ်၊ မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံပြီးလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားခဲ့သည့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေကို ဆိုသည်လို့ အပိုဒ်(င)မှာဆိုပါတယ်။ အပိုဒ်(စ) မြေရိုင်းနဲ့ ပတ်သက်လို့ မြေရိုင်းဆိုသည်မှာ သစ်တော၊ ဝါးတော သို့မဟုတ် ချုံနွယ်များပေါက်ရောက်လျက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပထဝီအနေအထားအရ မြေမျက်နှာပြင်ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကိုဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်သည့်စားကျက်မြေ၊ အင်းအိုင်မြေနှင့် ကြိုးဝိုင်းသစ်တော မြေများလည်းပါဝင်သည်ဆိုပြီးတော့ မြေလွတ်၊ မြေရိုင်းနဲ့ပတ်သက်လို့ အနက်အဓိပ္ပာယ်ဖွင့်ဆို ထားတာဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော် ဒီဥပဒေကိုရေးဆွဲပြီးတောင်မှ ဥပဒေကြမ်းကို လွှတ်တော်မှာတင်တဲ့အခါမှာ အပိုဒ် ၂၅ နဲ့ပတ်သက်လို့ မူလဥပဒေပြဋ္ဌာန်းချက်နဲ့ ပတ်သက်လို့ အသေးစိတ် ကျွန်တော်တို့အတွေ့အကြုံအရ ခေတ်အဆက်ဆက်ဖြတ်သန်းလာတဲ့ မြေယာဥပဒေ ပေါ်မှာမူတည်ပြီးတော့ရေးဆွဲထားတယ်လို့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အလေးအနက်ထားပြီးတော့ သုံးသပ်အကြံပြုခဲ့ပါတယ်။ မူလပြဋ္ဌာန်း ချက်မှာ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက် လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများပေါ်ပေါက်ကြောင်းတွေ့ရှိလျှင် ဥပဒေနဲ့အညီ အကာအကွယ် ရရှိရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်လို့ဆိုပါတယ်။ ဒီမှာအလေးအနက်ထားရမှာကတော့ ဥပဒေနဲ့အညီဆိုတဲ့အချက်ပါ။ ဒီဥပဒေနဲ့အညီဆိုတာသည် တစ်ဖက်ကနိုင်ငံသားတွေကို အကာအကွယ်ပေးထားသလို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်းပဲကိုက်ညီ ပါတယ်။ ဒါကြောင့်ဒီအချက်နဲ့ပတ်သက်လို့ ရင်းနှီးမြှုပ်နှံပြီးတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံ့အကျိုး၊ တိုင်းသူပြည်သားတွေရဲ့အကျိုးအတွက် ရင်းနှီးမြှုပ်နှံပြီးတော့ လုပ်ကိုင်နေတဲ့အခြေအနေမှာ ပုဂ္ဂလိက အတွက်သော်လည်းကောင်း၊ တစ်ဦးချင်းနဲ့ လုပ်ငန်းကျဉ်းတဲ့ တောင်သူလယ်သမားတွေအတွက်

သော်လည်းကောင်း ဒါဟာ အကာအကွယ်ပေးထားတဲ့အချက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကော်မတီက အလေးအနက်စဉ်းစားပြီးတော့မှ အပိုဒ် ၂၅ ကို မပယ်ဖျက်သင့်ဘဲနဲ့ အတည်ပြုပြဋ္ဌာန်းရန် အဆိုပြုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဦးဖေသန်း မြေပုံမဲဆန္ဒနယ်ကတင်ပြတဲ့အပိုဒ် ၂၅ တစ်ခုလုံးအား ပယ်ဖျက်ရန်ဆိုတဲ့အချက်နဲ့ပတ်သက်လို့ ပယ်ဖျက်ရန်မသင့်ကြောင်း အလေးထားပြီး တင်ပြလိုပါတယ်။ နောက် ဦးရဲထွန်း(ခေါ်)ဦးမင်းထွန်းတင်ပြတဲ့အချက်ကတော့ အခန်း(၈) အပိုဒ် ၂၅ မှာ မူလဥပဒေကြမ်းပါ အပိုဒ်(ခ)ဟာ ဖော်ပြထားခဲ့ခြင်းမရှိပါဘူး။ သို့သော်လည်းပဲ ခုနက ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်ရဲ့ တင်ပြချက်ဖြစ်တဲ့မူလအပိုဒ် ၂၅ ကို တစ်ခုလုံးပယ်ဖျက်ရန်ဆိုတဲ့ အချက်နဲ့ပတ်သက်လို့ တစ်ဖက်ကလည်းပဲ လက်ငုတ်လက်ရင်းဖြစ်တဲ့ မူလစိုက်ပျိုးတဲ့ တောင်သူလယ်သမားတွေကို အကာအကွယ်ပေးဖို့လည်းပဲ ဥပဒေအရအကာအကွယ်ပေးရန် တာဝန်ရှိလာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဟာ ဒီအချက်ကို အလေးထားစဉ်းစားပါတယ်။ (၁)အချက်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတို့ရဲ့ မူလအခွင့်အရေးနဲ့ ပတ်သက်လို့ အလေးအနက်ထားပြီး စဉ်းစားပါတယ်။ နောက်တစ်ချက်ကလည်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးရေးအတွက် နိုင်ငံဖွံ့ဖြိုးရေးဆိုတဲ့ ရှုထောင့်ကလည်းပဲ အလေးအနက်ထားစဉ်းစားတဲ့အတွက် အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ)မှာလည်းပဲ အလေးအနက်ထားပြီးတော့ ကျွန်တော်တို့ဟာ အပိုဒ် ၂၅ အပိုဒ်ခွဲ (ခ) ကို ဆက်လက်ပြီးတော့ထည့်သွင်းရန် အဆိုပြုထားတာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးချခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လက်ရှိလက်ငုတ်လုပ်ကိုင် နေသော ဒေသခံလုပ်ငန်းရှင်ငယ်များ သို့မဟုတ် တောင်သူလယ်သမားများရှိပါက ဤဥပဒေပုဒ်မနှင့် ပုဒ်မခွဲ(င)ပါပြဋ္ဌာန်းချက်အရ မြေလွတ်၊ မြေလပ်မဟုတ်တော့သဖြင့် ယင်းတို့အား နစ်နာမှုမရှိစေရန် နှစ်ဦးနှစ်ဖက် သဘောတူလက်ခံသော နစ်နာကြေးပေးပြီးမှ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်စေရမည်လို့ ဒီလိုဖော်ပြထားပါတယ်။ ဦးမင်းထွန်း(ခေါ်) ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်ရဲ့ တင်ပြချက်မှာလည်း ယခင်အမျိုးသားလွှတ်တော်ရဲ့ တင်ပြချက်မှာပါရှိတဲ့ ယခင်ကတည်းက လက်ရှိလက်ငုတ်လုပ်ကိုင်နေသူများ ဆိုတဲ့အချက်နဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်မှာပါရှိတဲ့ ဒေသခံလုပ်ငန်းရှင်ငယ်များဆိုတဲ့ အချက်သာ ကွဲလွဲနေတာကို သုံးသပ်တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ကတော့ ဒီဥပဒေထုတ်ပြန်တဲ့နေ့မတိုင်မီ သုံးနှစ်ကတည်းက လက်ရှိလက်ငုတ်လုပ်ကိုင်နေသူများဟု ဖြည့်စွက်ပြီးတော့ ဖော်ပြထားပါတယ်။ လက်ရှိလက်ငုတ်ဆိုတဲ့ စကားရပ်ဟာ

ခေတ်အဆက်ဆက်ဖြတ်သန်းလာတဲ့ မြေယာဥပဒေတွေနဲ့ပတ်သက်လို့ ငုတ်ထုတ်တယ်၊ တောရိုင်းတိုးတယ်၊ ထွန်ယက်တယ်။ သုံးနှစ်မှာ သီးနှံထွက်တဲ့အတွက် သူ့ရဲ့ကြိုးပမ်းမှု၊ သူ့ရဲ့ခွေးနှဲစာကို အသိအမှတ်ပြုတဲ့အနေနဲ့ အစဉ်အလာအရ ဒါထိုက်ထိုက်တန်တန် လက်ငုတ်လက်ရင်းနဲ့ပတ်သက်လို့ သုံးနှစ်ကို လက်ငုတ်လို့ ကျွန်တော်တို့ အသိအမှတ်ပြုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီဥပဒေထုတ်ပြန်တဲ့နေ့ မတိုင်မီ သုံးနှစ်ကတည်းကလို့ ကာလသတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကော်မတီအနေနဲ့ ဒီအချက်အစား လုပ်ငန်းအကောင်အထည် မဖေါ်မီ လိုက်လျောညီထွေဖြစ်တဲ့ နစ်နာကြေးငွေကို ဥပဒေနဲ့အညီ ညှိနှိုင်းဆောင်ရွက်ပေးရမည်လို့လည်းပဲ ပြင်ဆင်အဆိုပြုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ အပိုဒ်(ခ)အနေနဲ့ ကျွန်တော်တို့ ကော်မတီနှစ်ရပ်ဟာ ထပ်မံပြီးတော့မှ အပိုဒ်(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးချခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ဤဥပဒေထုတ်ပြန်သည့်နေ့မတိုင်မီ သုံးနှစ်ကတည်းက လက်ရှိလက်ငုတ်လုပ်ကိုင်နေသူများရှိပါက ယင်းတို့အားနစ်နာမှုမရှိစေရန် လုပ်ငန်းအကောင်အထည်မဖော်မီ လိုက်လျောညီထွေဖြစ်သည့် နစ်နာကြေးငွေကို ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရမည်လို့ အဆိုပြုတင်ပြခြင်းဖြစ်ပါတယ်။ ဒီမှာလည်းပဲ ဥပဒေနှင့်အညီဆိုတာ ကျွန်တော်တို့အလေးအနက်ထားပြီး ထည့်သွင်းထားကြောင်းတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုဆွေးနွေးနေတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးစွာမူလအဆိုပြုချက်ဖြစ်တဲ့ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများပေါ်ပေါက်ကြောင်းတွေ့ရှိလျှင် ဥပဒေနှင့်အညီအကာအကွယ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်လို့ မူလအဆိုပြုချက်မှာ ပါရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်မှာ ယခုပေးထားတဲ့ဇယားမှာ (က)

နေရာမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လက်ရှိလက်ငုတ်လုပ်ကိုင်နေသော ဒေသခံလုပ်ငန်းရှင်များရှိပါက ၎င်းတို့အားလည်း နစ်နာမှုမရှိစေရန် ဒေသပေါက်စျေးနှုန်းနဲ့လိုက်လျောညီထွေဖြစ်တဲ့ လျော်ကြေးငွေကို သတ်မှတ်ပေးရမည်လို့ ယခုဇယားမှာ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်ကို ပြင်ဆင်ချက်နဲ့ပေးပို့ခဲ့တဲ့အထဲမှာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ ပြည်သူ့လွှတ်တော်ရဲ့စာအမှတ်၊ ၃/ပသ (ကော်မတီ-၁)၁/၂၀၁၁-၂၁၂ မှာ ပြင်ဆင်ချက်ဇယားထဲမှာပါတဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ဟာ ဒီမှာပါလာတာကိုမတွေ့ရပါဘူးခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်က အဲ့ဒီအပိုဒ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများပြုလုပ်ခံရကြောင်း တင်ပြလာလျှင် ဥပဒေနှင့်အညီအကာအကွယ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဆိုတာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်မှာပါပြီးဖြစ်ပါတယ်။ အဲဒီတော့ ဒီအပိုဒ်မှာ ဒီစာမျက်နှာနှစ်ခုမှာ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်၊ အတည်ပြုချက်မပါရှိကြောင်း တစ်ချက်တင်ပြလိုပါတယ်။ အခုအမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက် (က) ဆိုတာဟာ မူလအမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက် (ခ) ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်မှာ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်မှာ မူလဥပဒေနဲ့ ခြားနားတဲ့အချက်ကတော့ အကျိုးဖျက်ဆီးခြင်းများပေါ်ပေါက်ကြောင်းတွေ့ရှိလျှင်လို့ မူလအဆိုပြုချက်ပါရှိသော်လည်းပဲ အမျိုးသားလွှတ်တော်က အကျိုးဖျက်ဆီးခြင်းများပြုလုပ်ခံရကြောင်း တင်ပြလာလျှင်ဆိုတဲ့ စာလုံးကိုဖြည့်စွက်ပြီးတော့မှ အတည်ပြုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်မှာ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူထားတာဖြစ်ပါတယ်။ ခုနက အပိုဒ် ၂၅ ကိုပယ်ဖျက်ဖို့တင်ပြထားတဲ့အချက်မှာ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၃၅ မှာ နိုင်ငံတော်ရဲ့စီးပွားရေးစနစ်သည် စျေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ ပုဒ်မ ၃၆ ပုဒ်မခွဲ (က) အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုရမည်။ ပုဒ်မ ၃၅၆ နိုင်ငံတော်သည် နိုင်ငံသားများ၏တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရအကာအကွယ်ပေးရမည်လို့ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုပေးမယ့် မြေလွတ်၊ မြေလပ်နှင့်

မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးချခွင့်ရရှိသူများအားလည်း ၎င်းတို့ရဲ့လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေရဲ့အကာအကွယ်ကိုရရှိရန်လိုအပ်ပါသဖြင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်း ထည့်သွင်းသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၅ အပိုဒ်ခွဲ(က)၊ (ခ)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များဟာ ကော်မတီနှစ်ရပ်ရဲ့တင်ပြချက်များသည် အဓိပ္ပာယ် ပိုမိုလေးနက်ပြည့်စုံပါသဖြင့် ကော်မတီနှစ်ရပ်၏ တင်ပြချက်များအပေါ် ထောက်ခံပါကြောင်း တင်ပြ အပ်ပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ ဦးရဲထွန်းတို့ဆွေးနွေးတဲ့နေရာမှာ အပိုဒ် ၂၅ အပိုဒ်ခွဲ(က)နှင့် (ခ) တစ်ပါတည်းရှင်းလင်းဆွေးနွေးမှ ပိုပြီးပြည့်စုံတဲ့သဘောရှိပါတယ်။ အဲ့ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီကရှင်းလင်းသွားတဲ့အခါမှာ နှစ်ခုလုံးလည်းအကျုံးဝင်သွားပါတယ်။ ဒါကြောင့် အကျုံးဝင်တဲ့နေရာမှာ ပထမ(က)ပိုဒ်အနေနဲ့ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း၊ အတည်ပြုလိုကြောင်းကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့က ဖော်ပြထားသလို အပိုဒ်(ခ)ကျတဲ့အခါကျတော့ သီးခြား ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်အဖြစ် တင်ပြထားတာ ရှိပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် များဟာ ကောင်းမွန်ပြည့်စုံတဲ့အတွက် ဒါကိုထောက်ခံသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဦးဖေသန်းနဲ့ ဦးရဲထွန်းက သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ကော်မတီနှစ်ခုရဲ့အဆိုပြုချက်အပေါ် မည်သို့သဘောထား သည်ကို ရှင်းလင်းပေးဖို့ဖိတ်ကြားလိုပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၂၅ ကို ကျွန်တော်ဘာကြောင့် ပယ်ဖျက်ရသလဲဆိုတာကို ကျွန်တော်ပြောပြီးပါပြီ။ အဲ့ဒီမှာ ဥပဒေနှင့်အညီ အကာအကွယ်ရရှိရေးအတွက်ဆိုတဲ့စကားလုံးကို ကျွန်တော်အငြင်းမပွားလိုပါဘူး။ ဥပဒေနှင့်အညီ အကာအကွယ်ရရှိမယ်ဆိုရင် အဲ့ဒါကိုရဲအရေးပိုင်မှုဖြစ်တဲ့အတွက် တရားစွဲရုံပါပဲခင်ဗျ။ ဒါပေမယ့်

မသေချာတဲ့ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်ဆိုတဲ့စကားက ဒီဥပဒေပုဒ်မ ၂၆၊ ၂၇၊ ၂၈ ကိုပြန်ပြီးတော့ဖျက်ဆီးနေပါတယ်။ အဲ့ဒီစကားလုံးကိုမထည့်သင့်ပါဘူး။ တကယ်တော့ ဒီပုဒ်မ ၂၅ ကိုသာထည့်မယ်၊ မလွဲမသွေလိုအပ်တယ်ဆိုရင်တော့ အောက်မှာပါတဲ့ အပိုဒ် ၂၆၊ ၂၇၊ ၂၈၊ ၃၀ အကုန်လုံးကို ဖျက်သိမ်းပေးဖို့လိုအပ်ပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ ဥပဒေတစ်ခုဟာ အဲ့ဒီလို အငြင်းမပွားသင့်ပါဘူး။ ဒွိဟမဖြစ်သင့်ပါဘူး။ ဥပဒေဆိုတာတိကျပြတ်သားပြီးတော့ ဝိဝါဒကွဲမှု၊ အငြင်းပွားမှုမရှိအောင် ပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ ဆိုပါတော့ လုပ်ငန်းရှင်တစ်ယောက်က အကျိုး ဖျက်ဆီးမှုခံရပြီဆိုရင် သူကဥပဒေနှင့်အညီအကာအကွယ်ရရှိရေးအတွက် ဌာနဆိုင်ရာနှင့် ညှိနှိုင်း ပေါင်းစပ်ဖြေရှင်းမလား။ ဒါမှမဟုတ် ဒီဥပဒေရဲ့ခွင့်ပြုချက်အတိုင်းပဲ ရဲကိုသွားပြီးတော့တိုင်မလား။ အဲ့ဒီအပေါ်မှာ ဥပဒေနှစ်ခုဟာ၊ အပိုဒ်နှစ်ခုဟာ အငြင်းပွားနေပါတယ်။ အပေါ်က ၂၅ ကို မဖျက်ပေးရင် အောက်ကပုဒ်မတွေကို ဖျက်သိမ်းပေးရပါလိမ့်မယ်ခင်ဗျ။ စေတနာရှိလို့ညှိနှိုင်း ပေးချင်တယ်ဆိုရင်တော့ ရဲလက်ကိုဒီပုဒ်မတွေမအပ်ပါနဲ့ ဒီအောက်ကပုဒ်မတွေကို ဖျက်သိမ်းပေးပါ။ အပေါ်က ၂၅ ကိုအတည်ပြုမယ်ဆိုရင်လည်းကောင်းပါတယ်။ ဒါမှမဟုတ် နှစ်ခုစလုံးအတည်ပြု ထားတယ်ဆိုရင်တော့ ဒါဟာသဘောသဘာဝမကျပါဘူး။ ဥပဒေမှာ ပြဿနာတွေ အများကြီး ပေါ်ပေါက်လာနိုင်ပါတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တင်ပြလိုပါတယ်။ ဥပဒေအရ အကာအကွယ် ဆိုတာမှန်ပါတယ်။ အောက်က ဌာနဆိုင်ရာအဖွဲ့အစည်းနှင့်ပေါင်းစပ်ညှိနှိုင်းပေးရမယ်ဆိုတဲ့ စကားဟာ ဥပဒေစကားမဟုတ်ပါဘူး။ လူမှုရေးစကားပဲဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒါကိုကန့်ကွက်ရတာပါ။ ကျန်တဲ့အပိုဒ်တွေကတော့ ကျွန်တော်အစကပြောခဲ့သလိုပဲ ကောင်းတဲ့အချက်တွေလည်းပါသလို သဘောတရားအားဖြင့်ကျွန်တော့်အနေနဲ့ မကြိုက်တဲ့အချက်တွေလည်းပါတယ်ဆိုတာ တင်ပြလိုပါ တယ်။ သို့သော်လည်း ဒီဥပဒေရဲ့ဆိုးကျိုးကောင်းကျိုးကို နောင်တစ်ချိန်မှာပြန်ပြီးတော့ လူထုရဲ့ နစ်နာချက်တွေရှိလာရင်ပြန်ပြီးတော့ တင်ပြနိုင်တဲ့အခွင့်အရေး ကျွန်တော်တို့လွှတ်တော်မှာရှိပါတယ်။ အဲ့ဒါကြောင့် နောင်တစ်ချိန်မှာပြန်ပြင်ဆင်သွားနိုင်ဖို့အတွက် ဒီကျန်တဲ့အပိုဒ်တွေကို ကျွန်တော့်အနေနဲ့ မဝေဖန်လိုပါဘူး။ ဘာလို့လဲဆိုတော့ ဒီအပိုဒ်တွေမှာလည်း ကောင်းတဲ့အချက်တွေရှိတဲ့အတွက် ကျွန်တော့်အနေနဲ့စပြောခဲ့သလိုပဲ ''ဖွတ်မရဓားမဆုံး'' ဖြစ်သွားမှာစိုးတဲ့အတွက် ဒီအပိုဒ်တွေကို ကျွန်တော့်အနေနဲ့ မကန့်ကွက်လိုပါဘူး။ ဒီအပိုဒ် ၂၅ နဲ့ ၂၆၊ ၂၇၊ ၂၈ တို့ရဲ့ပြဿနာကိုပဲ လွှတ်တော်က အဆုံးအဖြတ်ပေးပို့တင်ပြလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးရဲထွန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ ကျွန်တော့်အနေနဲ့ ဦးဖေသန်းတင်ပြတဲ့ အပိုဒ် ၂၅ ကို ပယ်ဖျက်ပေးဖို့သဘောတူပါတယ်။ သူပြောတာအကျိုးအကြောင်းရှိပါတယ်။ အပိုဒ် ၂၅ ကပေါင်းစပ်ညှိနှိုင်းပေးဖို့ဖြစ်ပြီးတော့ နောက်အပိုဒ် ၂၆၊ ၂၇ တွေကတော့ တိုင်ကြားနိုင်တယ်ဆိုတဲ့အခါကျတော့ ဒီဥပဒေထဲမှာ Clesh ဖြစ်နေပါတယ်။ ဒါကြောင့် ပယ်ဖျက်ပေးဖို့ကျွန်တော်သဘောထားပေးပါတယ်။ ၂၅ (က) ၊ (ခ) နဲ့ပတ်သက်လို့ရှိရင်တော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့တင်ပြထားတဲ့အတိုင်း (က)မှာပါတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသောမြေဧရိယာပေါ်တွင် ယခင်ကတည်းကလက်ရှိလက်ငုတ်လုပ်ကိုင်နေသော ဒေသခံလုပ်ငန်းရှင်ငယ်များရှိပါက ယင်းတို့အားလည်းနစ်နာမှုမရှိစေရန် ဒေသပေါက်ဈေးနှုန်းနဲ့ လိုက်လျောညီထွေဖြစ်သည့် လျော်ကြေးငွေကိုသတ်မှတ်ပေးရမည်ဆိုတဲ့ အပိုဒ်ဟာ မူလရှိတဲ့လုပ်ငန်းရှင်တွေကို နောက်ဝင်လာတဲ့မြေရှင်ကြီးတွေ၊ ငွေရှင်ကြီးတွေကသိမ်းနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေတဲ့အတွက် ဒါမဆီလျော်ပါဘူး။ နောက်(ခ)မှာလည်း ရှေ့မှာပြဋ္ဌာန်းထားတာတဲ့ (က)မှာဖော်ပြထားတာနဲ့ဆန့်ကျင်ပြီးတော့ ဥပဒေထုတ်ပြန်သည့်နေ့မတိုင်မီ သုံးနှစ်ကတည်းကဆိုပြီးတော့ နှစ်အကန့်အသတ်ကိုပြန်ထည့်ထားပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အဆိုပြုချက်ကို အတည်ပြုလိုက်ရင် (က)နှင့် (ခ)မှာကိုက ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူလိုပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယခုလိုပွင့်ပွင့်လင်းလင်းနဲ့ဆွေးနွေးမှုပြုတာတွေဟာ အင်မတန်မှကောင်းပါတယ်။ သို့ရာတွင် လုပ်ငန်းပြီးပြတ်ရေးကိုဦးစားမပေးဘဲနဲ့ ထိရောက်ရေးကိုဦးစားပေးတဲ့အနေနဲ့ ဒီဆွေးနွေးမှုကို ဒီမှာရပ်ဆိုင်းပါမယ်။ ရပ်ဆိုင်းပြီးတော့ ပုဒ်မ ၂၅ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)တွေနဲ့ အခုပြင်ဆင်ချက်တွေညီညွတ်သွားအောင် ဥပဒေကြမ်းကော်မတီနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဆိုပြုထားတဲ့ ဦးဖေသန်းနဲ့ ဦးရဲထွန်းတို့ သီးခြားဆွေးနွေးပြီးတော့မှ ပြန်ပြီးတင်ပြပေးဖို့ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ မူလသက်ဆိုင်ရာဝန်ကြီးဌာနကလည်းပါဝင်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီပုဒ်မ ၂၅ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)ရဲ့ ကျန်တဲ့ကိစ္စတွေကို လွှတ်တော်အစည်းအဝေးခန်းမထဲမှာ အချိန်မကုန်ရအောင် သီးခြားဆွေးနွေးပြီးတော့ ပြန်တင်ပြပေးဖို့ဖြစ်ပါတယ်။ သီးခြားဆွေးနွေးဖို့ကလည်း မိမိတို့လွှတ်တော်မှာ အခြားအချိန်တိုက်ဆိုင်မှုတွေနဲ့ ကန့်သတ်မှုတွေရှိတဲ့အတွက် လာမယ့် စနေ၊ တနင်္ဂနွေကနေပြီး တနင်္လာနေ့

မနက်ပိုင်း နောက်ဆုံးထားဆွေးနွေးပြီး လွှတ်တော်ကို ပြန်တင်ပြပေးဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ အစည်းအဝေးအစီအစဉ်ကို ရပ်နားပါမယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်တတိယ ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ကို ဇန်နဝါရီလ ၃၀ ရက်(တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၆ း ၃၀ ။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၆း၃၀ နာရီတွင် ရပ်နားပါသည်။]